# ကြေးမုံ
**The Mirror Daily**

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957

၁၃၈၇ ခုနှစ်၊ ကဆုန်လဆန်း ၁၂ ရက်၊ ကြာသပတေးနေ့။ Thursday, 8 May 2025 ၁၁၈၁၁


**ကုသိုလ်ကောင်းမှု နေ့စဉ်ပြု**

လိမ္မာသော ပန်းသည်သည် အထူးထူး အပြားပြား များစွာသော ပန်းပွင့်အပေါင်းမှ ပန်းကုံးများစွာတို့ကို ပြုရာသကဲ့သို့၊ (လိမ္မာသော) သူသည် ဥစ္စာတည်းဟူသော ပန်း၊ သဒ္ဓါတရားတည်းဟူသော ပန်းအစုမှ ကျောင်း၊ သင်္ကန်း၊ ဆွမ်း၊ ဆေးစသော များစွာသော ကုသိုလ်ကောင်းမှုတည်းဟူသော ပန်းကုံးတို့ကို ပြုရာ၏။

ပုပ္ဖဝဂ်(ဓမ္မပဒ-၅၃)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ ရောက်ရှိ




**ချစ်ကြည်ရေးခရီးစဉ်အတွင်း နှစ်နိုင်ငံအစိုးရနှင့် ပြည်သူများအကြား ချစ်ကြည်ရေး၊ စီးပွားရေး၊ လုံခြုံရေးဆိုင်ရာများနှင့် ကဏ္ဍပေါင်းစုံတွင် မဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာကိစ္စရပ်များ ပိုမိုတိုးတက်ခိုင်မာအောင် ဆောင်ရွက်သွားမည်**

နေပြည်တော် မေ ၇

ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ မစ္စတာ ဗလာဒီမာပူတင်၏ ဖိတ်ကြားချက်အရ ရုရှားဖက်ဒရေးရှင်းနိုင်ငံတွင် ကျင်းပပြုလုပ်မည့် ၁၉၄၁-၁၉၄၅ မဟာမျိုးချစ်စစ်ပွဲကြီးအောင်ပွဲနှစ်(၈၀)ပြည့် အထိမ်းအမှတ် စစ်ရေးပြအခမ်းအနားသို့ တက်ရောက်ရန်အတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် အထူးလေယာဉ်ဖြင့် နေပြည်တော်တပ်မတော်လေဆိပ်မှ ထွက်ခွာသည်။


စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆


နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့အား ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Mr. Andrey Rudenko နှင့် တာဝန်ရှိသူများ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီး ဦးသစ်လင်းအုန်းနှင့် တာဝန်ရှိသူများက မော်စကိုမြို့ရှိ ဘနူကာဘာအပြည်ပြည်ဆိုင်ရာလေဆိပ်၌ နိုင်ငံတော်ဂုဏ်ပြုတပ်ဖွဲ့ဖြင့် ကြိုဆိုကြစဉ်။




ကြေးမုံ

# ရာသီဥတုပြောင်းလဲမှုကိုသတိပြု သဘာဝဘေးအန္တရာယ်ကာကွယ်

ကမ္ဘာပေါ်တွင် ရာသီဥတုပြောင်းလဲခြင်း၏ နောက်ဆက်တွဲအကျိုးဆက်များ ဆိုးရွားစွာခံစားကြရသည့် နိုင်ငံများစာရင်းတွင် မြန်မာနိုင်ငံလည်းပါဝင်သည်။ မကြာသေးသော နှစ်ကာလများအတွင်းက မုန်တိုင်းသဘာဝဘေးဒဏ်၊ ရေကြီးရေလျှံသဘာဝဘေးဒဏ်နှင့် ယခုနှစ်တွင် အင်အားအလွန်ပြင်းထန်သော ငလျင်ဘေးဒဏ်တို့ကို ခံစားခဲ့ရသည်။ သဘာဝဘေးဒဏ်ကိုခံကြရသော်လည်း ကြိုတင်ပြင်ဆင်ဆောင်ရွက်မှုများနှင့် စည်းလုံးညီညွတ်သောအားမာန်များကြောင့် သဘာဝဘေးဒဏ်ကို ကြံ့ကြံ့ခံကာ ကျော်လွှားနိုင်ခဲ့သည်။

လက်ရှိတွင် မန္တလေးငလျင်ဘေးဒဏ်ကို ခံစားခဲ့ရခြင်းနှင့်အတူ နွေရာသီကာလ ပုံမှန်အပူချိန်ထက် လွန်ကဲသော အပူဒဏ်အန္တရာယ်ကိုလည်း ကြုံတွေ့ခံစားနေကြရသည်။ နွေရာသီကာလတွင် ယခင်နှစ်များနည်းတူ အမြင့်ဆုံးအပူချိန်ကို ခံစားကြရသော်လည်း အပူရှိန်ပိုမိုပူပြင်းမှုကို ခံစားကြရသည်မှာ ကမ္ဘာကြီးတွင် ဖန်လုံအိမ်အာနိသင်မြင့်မားနေသောကြောင့်ဖြစ်သည်။ ဖန်လုံအိမ်ဓာတ်ငွေ့ကြောင့် မြေပြန့်ဒေသများတွင်သာမက ကုန်းမြင့်၊ တောင်တန်း၊ ပင်လယ်ကမ်းရိုးတန်းပါမကျန် အပူရှိန်မြင့်မားမှုကို ခံစားနေကြရသည်။ စက်မှုခေတ်မတိုင်ခင်က အပူချိန်ထက် ၂ ဒီဂရီစင်တီဂရိတ် မြင့်တက်လာနိုင်မှုကို ဟန့်တားနိုင်ရန် ကမ္ဘာ့အပူချိန်ကို ၁ ဒသမ ၅ ဒီဂရီစင်တီဂရိတ်အထိလျှော့ချနိုင်ရန် အားလုံးဝိုင်းဝန်း ဆောင်ရွက်ကြရမည်ဖြစ်သည်။

ကမ္ဘာကြီးကို လွှမ်းခြုံထားသော ကမ္ဘာ့လေထုတွင်ပါဝင်သည့် ကာဗွန်ဒိုင်အောက်ဆိုက်၊ မီသိန်း၊ ရေငွေ့၊ အိုဇုန်း၊ နိုက်ထရပ်စ်အောက်ဆိုက်နှင့် ဖလူအိုရင်းပါဝင်သောဓာတ်ငွေ့များသည် နေမှကမ္ဘာသို့ တိုက်ရိုက်ကျရောက်သော ခရမ်းလွန်ရောင်ခြည်၊ အနီအောက်ရောင်ခြည် စသည့်လျှပ်စစ်သံလိုက်လှိုင်းများကို စုပ်ယူသကဲ့သို့ ယင်းအပူရောင်ခြည်များကို ကမ္ဘာမြေပြင်မှ အရပ်မျက်နှာအားလုံးသို့ ပြန်လည်ထုတ်လွှတ်ခြင်းနှင့် ကမ္ဘာမြေကြီးအား အပူလှိုင်းများက လွှမ်းခြုံထားခြင်းဖြင့် ကမ္ဘာကြီးပူနွေးမှုကို ပိုမိုဖြစ်စေသည်။ ကမ္ဘာကြီးပူနွေးလာခြင်းသည် ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှု များပြားလာခြင်းကြောင့်ဖြစ်၍ ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှုကို လျှော့ချနိုင်ရန်အတွက် ရုပ်ကြွင်းလောင်စာသုံးစွဲမှုကိုလျှော့ချရန်၊ အစားထိုးလောင်စာ ပြန်လည်ပြည့်ဖြိုးမြဲလောင်စာများကို ပိုမိုသုံးစွဲကြရန် တိုက်တွန်းထားသည်။

မြန်မာနိုင်ငံသည် ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှု ကမ္ဘာပေါ်တွင် အနည်းဆုံးနိုင်ငံစာရင်းတွင် ပါဝင်သော်လည်း ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုဒဏ်ကို အခံစားရဆုံးနိုင်ငံများစာရင်းတွင် ပါဝင်နေသောကြောင့် ရေကြီးခြင်း၊ မိုးခေါင်ရေရှားခြင်း၊ မြေပြိုခြင်းနှင့် မုန်တိုင်းကဲ့သို့ သဘာဝဘေးဒဏ်များကို နှစ်စဉ်ကြုံတွေ့ခံစားနေကြရသည်ကို သတိပြုမိကြရမည်ဖြစ်သည်။ လက်ရှိ၌ မြန်မာနိုင်ငံတွင် အပူရှိန်မြင့်မားလာခြင်းကြောင့်အပူပြန်တိမ်တိုက်များဖြစ်ပေါ်ပြီး လေပူလှိုင်းနှင့်လေအေးလှိုင်းများထိတွေ့ကာ အချိန်အခါမဟုတ် မိုးသည်းထန်စွာရွာသွန်းခြင်း၊ လေပြင်းတိုက်ခြင်း၊ မိုးကြိုးပစ်ခြင်း စသည့်သဘာဝဘေးအန္တရာယ်များနှင့် ရုတ်တရက်ကြုံတွေ့နိုင်သည်ကို သတိပြုရမည်ဖြစ်သည်။

ရာသီဥတုပြောင်းလဲမှုဆိုင်ရာ သိပ္ပံနည်းကျအချက်အလက်များနှင့် အဆင့်မြင့်မိုးလေဝသခန့်မှန်းချက်များကို သိရှိနားလည်စေရေး အလေးထားဆောင်ရွက်လျက်ရှိသကဲ့သို့ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍများတွင် ဥယျာဉ်ခြံမြေများ ထိန်းသိမ်းစောင့်ရှောက်ရေး၊ မြစ်ဝှမ်းများနှင့် ရေစီမံခန့်ခွဲရေး၊ စိုက်ပျိုးရေးနှင့် အစားအစာဖူလုံရေး၊ စွမ်းအင်ဖူလုံရေးနှင့် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်များကို အကျိုးရှိထိရောက်စွာအသုံးပြုရေး၊ ရေအရင်းအမြစ်နှင့် မြေဆီလွှာထိန်းသိမ်းရေး၊ သစ်တောများထိန်းသိမ်းရေး၊ ကမ်းရိုးတန်းဒေသစီမံခန့်ခွဲရေး၊ အဏ္ဏဝါထိန်းသိမ်းစောင့်ရှောက်ရေး၊ စက်မှုလုပ်ငန်းများနှင့် ရာသီဥတုပြောင်းလဲမှုဒဏ်ကိုခံနိုင်သည့် မြို့ပြထူထောင်ရေးစသည့် အခြေခံအဆောက်အအုံတည်ဆောက်ရေးကို ဝိုင်းဝန်းဆောင်ရွက်ကြရမည်ဖြစ်သည်။

အနောက်တောင်မုတ်သုံလေသည် မေလ ၁၆ ရက်နေ့မှ ၂၀ ရက်နေ့အတွင်း မြန်မာနိုင်ငံတောင်ပိုင်းဒေသများသို့ လည်းကောင်း၊ မေလ ၂၁ ရက်နေ့မှ ၂၅ ရက်နေ့အတွင်း မြစ်ဝကျွန်းပေါ်ဒေသများသို့ လည်းကောင်း၊ မေလ ၂၆ ရက်နေ့မှ ၃၁ ရက်နေ့အတွင်း မြန်မာနိုင်ငံအလယ်ပိုင်းဒေသများသို့လည်းကောင်း ဝင်ရောက်နိုင်သည်ဟု မိုးလေဝသက ခန့်မှန်းထားသည်။ အနောက်တောင်မုတ်သုံလေဝင်ရောက်သည့်အခါ ဘင်္ဂလားပင်လယ်အော်နှင့် ကပ္ပလီပင်လယ်ပြင်တွင် လေဖိအားနည်းနှစ်ကြိမ်ဖြစ်ပေါ်နိုင်ပြီး တစ်ကြိမ်သည် ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်အဖြစ်သို့ ရောက်နိုင်သည်ဟု ခန့်မှန်းထားသဖြင့် ရေကြီးရေလျှံ၊ မုန်တိုင်းအန္တရာယ်ကို ကြိုတင်ပြင်ဆင်ထားရမည်ဖြစ်သည်။

သို့ဖြစ်ရာ လက်ရှိတွင် ငလျင်ဒဏ်ကို ခံစားနေကြစဉ် အပူဒဏ်အန္တရာယ်ကိုပါ ကြုံတွေ့ခံစားနေကြရပြီး မကြာမီကာလတွင် အနောက်တောင်မုတ်သုံလေဝင်ရောက်လာမည်ဖြစ်သောကြောင့် ပုံမှန်မိုးရာသီကာလထက် လွန်ကဲသော မိုးကြီးလေထန်မုန်တိုင်းအန္တရာယ်ကို ကြိုတင်သတိပြု ပြင်ဆင်ထားပြီး ငလျင်ဒဏ်သင့်ဒေသများ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ အချိန်မီပြီးစီးရေး၊ မုတ်သုံရာသီ၌ဖြစ်ပေါ်တတ်သည့် သဘာဝဘေးအန္တရာယ်များကို ကြိုတင်ပြင်ဆင်ဆောင်ရွက်ရေးတို့ကို ဝိုင်းဝန်းပူးပေါင်းလက်တွဲပြီး အလေးထားဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။ ။

## မန္တလေးငလျင်ဘေးသင့်ဝန်ထမ်းများအတွက် အလှူငွေ၊ ဆန်ရိက္ခာနှင့် ဆီဘူးများ ပေးအပ်လှူဒါန်း




နေပြည်တော် မေ ၇

မန္တလေး ငလျင်ဘေးသင့်ဝန်ထမ်းများအတွက် လိုအပ်သည့်ထောက်ပံ့မှုများနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် TZU CHI CHARITY FOUNDATION က ငွေကျပ်သိန်း ၂၀၀၊ ဆန်ခြောက်ပြည်အိတ် ၈၂၀ နှင့် ဆီတစ်လီတာဘူး ၈၂၀ ကိုလူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဗဟိုဌာန (DMC) ရုံးသို့ လာရောက် ပေးအပ်လှူဒါန်းရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းက လက်ခံရယူပြီး ကျေးဇူးတင်စကားပြောကြားကာ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## ငလျင်ဘေးသင့်ဒေသပြည်သူများသို့ ရှာဖွေကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် မေ ၇**

မြန်မာနိုင်ငံတွင် မတ် ၂၈ ရက်က လှုပ်ခတ်ခဲ့သည့် အင်အားအလွန်ပြင်းထန်သည့် ငလျင်ဒဏ်ကို ပြင်းထန်စွာခံစားခဲ့ရသော တိုင်းဒေသကြီး/ပြည်နယ်ခြောက်ခုတွင် မေ ၇ ရက်အထိ သေဆုံးသူ ၃၇၉၁ ဦး၊ ထိခိုက်ဒဏ်ရာရရှိသူ ၅၁၀၆ ဦးနှင့် ပျောက်ဆုံးသူ ၈၈ ဦးရှိသည်။

မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နှင့် ပြည်တွင်းပြည်ပမှ ရှာဖွေကယ်ဆယ်ရေးအဖွဲ့ဝင်များသည် လိုအပ်သည့်ဒေသများသို့ အချိန်နှင့်တစ်ပြေးညီ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပြီး အဆောက်အအုံများအတွင်း ပိတ်မိနေသူများကို ရှာဖွေကယ်ဆယ်ခဲ့ရာ ယနေ့အထိ အသက်ရှင်သူ ၆၅၃ ဦးကို ရှာဖွေကယ်ဆယ်ပေးနိုင်ခဲ့ပြီး သေဆုံးသူ ၇၉၅ ဦး ရှာဖွေပေးနိုင်ခဲ့သည်။

ဘေးသင့်ပြည်သူများသို့ ပြည်တွင်း စေတနာရှင်အလှူရှင်များက ငွေနှင့် အလှူပစ္စည်းများ ထောက်ပံ့လှူဒါန်းလျက်ရှိသကဲ့သို့ ပြည်ပနိုင်ငံများ၊ အဖွဲ့အစည်းများ၊ စေတနာရှင်အလှူရှင်များက ငွေနှင့် အလှူပစ္စည်းများ ထောက်ပံ့လှူဒါန်းလျက်ရှိရာ မေ ၆ ရက် ညနေ ၅ နာရီမှ မေ ၇ ရက် ညနေ ၅ နာရီအတွင်း ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ငလျင်ဘေးသင့်ပြည်သူများအတွက် မလေးရှားနိုင်ငံ ဆီလန်ဂေါပြည်နယ်ရှိ KRI SAKTHI NYANAETHIRA KANIMADAM YOGI RAMSURATKUMAR SHIRAMAM and PERSATUAN RENGANUT DEVI SHRI KARUMARIAMMAN TEMPLE က မလေးရှားနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံရုံးမှတစ်ဆင့် လှူဒါန်းသော ခေါက်ဆွဲခြောက်၊ ဘီစကွတ်၊ အဝတ်အထည်များ စသည်တို့ ပါဝင်သော ကတ်ထူပုံး ၅၀ (အလေးချိန် သုည ဒသမ ၅ တန်) ရောက်ရှိခဲ့ပြီး အဆိုပါပြည်တွင်းပြည်ပအလှူရှင်များ၏ ထောက်ပံ့ရေးပစ္စည်းများကို ဘေးသင့်ပြည်သူများ လက်ဝယ်အရောက် အမြန်ဆုံးခွဲဝေထောက်ပံ့လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

### ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၇ - ၅ - ၂၀၂၅

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၆,၇၀၀ | ၇,၀၀၀ | ၁,၁၇၇ | ၇,၉၀၁,၁၀၀ |
| MTSH | ၃,၀၀၀ | ၃,၀၅၀ | ၃,၈၁၁ | ၁၁,၄၄၈,၅၅၀ |
| MCB | ၈,၁၀၀ | ၈,၁၀၀ | ၀ | ၀ |
| FPB | ၁,၈၀၀ | ၁,၈၀၀ | ၆၃ | ၁၁၃,၅၀၀ |
| TMH | ၂,၉၀၀ | ၂,၉၀၀ | ၁၀၅ | ၃၀၄,၅၀၀ |
| EFR | ၁,၅၀၀ | ၁,၅၀၀ | ၆၉ | ၁၀၃,၅၀၀ |
| AMATA | ၃,၈၀၀ | ၃,၉၀၀ | ၃၀၂ | ၁,၁၄၇,၈၀၀ |
| MAEX | ၃,၁၀၀ | ၃,၀၅၀ | ၇၆၂ | ၂,၃၂၄,၆၀၀ |
| MADPL(PLB) | ၃,၁၅၀ | ၃,၁၅၀ | ၄၀ | ၁၂၆,၀၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးဝင်းနိုင်
ခေတ္တ စာတည်းမှူး - ဦးအေဝမ်းစိုး
စာတည်းများ - ဦးစန်းအောင်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး၊ ဒေါ်စန်းယဉ်ဥ
ဘာသာပြန် စာတည်းများ - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး၊ ဒေါ်ခိုင်သန္တာရွှေ
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခင်နှင်းယုနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဒေါ်နွယ်နွယ်ထွန်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှု မခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်

**လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာ အဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ် အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ် မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။**

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့အား ကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကောင်စီအတွင်းရေးမှူး ဗိုလ်ချုပ်ကြီး အောင်လင်းဒွေး၊ ကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံသံရုံး၊ စစ်သံရုံးတို့မှ တာဝန်ရှိသူများက နေပြည်တော်တပ်မတော်လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်စဉ်။

☆ ရှေ့ဖုံးမှ

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီး ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့အား ကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ်၊ ကောင်စီအတွင်းရေးမှူး ဗိုလ်ချုပ်ကြီး အောင်လင်းဒွေးနှင့်ဇနီး၊ ကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံသံရုံး၊ စစ်သံရုံးတို့မှ တာဝန်ရှိသူများက လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီးနှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦးနှင့်ဇနီး၊ ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မောင်မောင်အေး၊ ဒေါက်တာဘရှေနှင့် ခွန်စံလွင်၊ ဒုတိယဝန်ကြီးချုပ်နှင့်နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး ကျော်စွာလင်းနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများ၊ စစ်ဘက်၊ နယ်ဘက်မှ တာဝန်ရှိသူများ ခရီးစဉ်တွင် လိုက်ပါသွားကြသည်။

ခရီးစဉ်အတွင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ၁၉၄၁-၁၉၄၅ မဟာမျိုးချစ်စစ်ပွဲကြီး အောင်ပွဲ နှစ်(၈၀)ပြည့် အထိမ်းအမှတ် အခမ်းအနားနှင့် ဆက်စပ်အခမ်းအနားများသို့ တက်ရောက်ခြင်း၊ အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့် သီးခြားတွေ့ဆုံဆွေးနွေးခြင်းများကို ဆောင်ရွက်သွားမည်ဖြစ်ပြီး ချစ်ကြည်ရေးခရီးစဉ်အတွင်း နှစ်နိုင်ငံအစိုးရနှင့် ပြည်သူများအကြား ချစ်ကြည်ရေး၊ စီးပွားရေး၊ လုံခြုံရေးဆိုင်ရာများနှင့် ကဏ္ဍပေါင်းစုံတွင် မဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာကိစ္စရပ်များ ပိုမိုတိုးတက်ခိုင်မာအောင် ဆောင်ရွက်သွားမည်ဖြစ်သည်။

အလားတူ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ဇနီး ဒေါ်ကြူကြူလှသည်လည်း ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဖက်ဒရယ်ကောင်စီ လွှတ်တော်ဥက္ကဋ္ဌ Mrs. Valentina Matvienko နှင့် BRICS အမျိုးသမီးစီးပွားရေးမဟာမိတ်အဖွဲ့ ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာဥက္ကဋ္ဌ Ms. Anna Nesterova တို့နှင့် တွေ့ဆုံဆွေးနွေးမှုများဆောင်ရွက်သွားမည်ဖြစ်သည်။

### လှိုက်လှဲနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် ဒေသစံတော်ချိန် မွန်းလွဲပိုင်းတွင် မော်စကိုမြို့ရှိ ဘနူကာဘာ အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ရောက်ရှိကြရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Mr. Andrey Rudenko နှင့် တာဝန်ရှိသူများ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးသစ်လင်းအုန်း၊ မြန်မာစစ်သံ(ကြည်း၊ ရေ၊ လေ) ဗိုလ်မှူးချုပ် ကျော်စိုးဦးတို့က လှိုက်လှဲနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်ကြသည်။

ထိုသို့ကြိုဆိုနှုတ်ဆက်ရာတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံတော်ဂုဏ်ပြုတပ်ဖွဲ့မှလည်း လျှောက်လမ်း၏ ဘေးတစ်ဖက်တစ်ချက်စီတွင် ခြံရံ၍ နိုင်ငံတော်အဆင့် ကြိုဆိုခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

**☆ ခရီးစဉ်အတွင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ၁၉၄၁-၁၉၄၅ မဟာမျိုးချစ်စစ်ပွဲကြီး အောင်ပွဲ နှစ်(၈၀)ပြည့် အထိမ်းအမှတ်အခမ်းအနားနှင့် ဆက်စပ်အခမ်းအနားများသို့ တက်ရောက်ခြင်း၊ အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့် သီးခြားတွေ့ဆုံဆွေးနွေးခြင်းများကို ဆောင်ရွက်သွားမည်**

# ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန် မန္တလေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်း စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနအောက်ရှိ ငွေလျှင်ဒဏ်သင့်ရုံးများ ကြည့်ရှုစစ်ဆေး

မန္တလေး မေ ၇

ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်သည် ယနေ့နံနက်ပိုင်းတွင် မန္တလေးတိုင်း ဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်း စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဌာနအောက်ရှိ ငလျင်ဒဏ်သင့် ရုံးများအား သွားရောက်ကြည့်ရှု စစ်ဆေးပြီး ဝန်ထမ်းများကို တွေ့ဆုံအားပေးစကား ပြောကြားသည်။






ဦးစွာ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စု ဝန်ကြီးသည် စစ်ကိုင်းတိုင်းဒေသကြီး အမရပူရနှင့် မန္တလေးမြို့များရှိ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန လက်အောက်ရှိ ရုံးဌာနများမှ ဝန်ထမ်းများနှင့်တွေ့ဆုံ၍ ဝန်ထမ်းများ၏ နေထိုင်စားသောက်မှုနှင့် ရုံးတက်ရောက်နေမှု အခြေအနေများနှင့်စပ်လျဉ်း၍ တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ဝန်ထမ်းများ၏ လုံခြုံရေးဆိုင်ရာကိစ္စရပ်များ၊ အုပ်ချုပ်မှုဆိုင်ရာကိစ္စရပ်များ၊ ပျက်စီးဆုံးရှုံးမှုများကို ပြန်လည်ပြုပြင်တည်ဆောက်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဝန်ထမ်းများ မိသားစုစိတ်ထားဖြင့် ကြုံတွေ့နေရသောအခက်အခဲများကို လက်တွဲပူးပေါင်းဖြေရှင်းကြရန်၊ တာဝန်ရှိသူအဆင့်ဆင့်က ထိတွေ့ပေါင်းစပ်ဆောင်ရွက်ပေးကြရန်၊ ထိခိုက်ပျက်စီးမှုကြောင့် ဝန်ထမ်းများ၏ ကိုယ်၊ စိတ်ခံစားရမှုများကို အားပေးကူညီရန် အလေးထားမှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးသည် မန္တလေးတိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး ဦးသိန်းငွေနှင့်အတူ မန္တလေးမြို့ တိုင်းအခွန်ဦးစီးဌာနမှူးရုံး၊ တိုင်းအကောက်ခွန် ဦးစီးဌာနမှူးရုံး၊ ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာနရုံး၊ မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ... ကူးသန်းရောင်းဝယ်ရေးဘဏ်၊ ချမ်းအေးသာစံမြို့နယ် အခွန်ဦးစီးဌာနမှူးရုံး၊ တိုင်းပင်စင်ဦးစီးဌာနရုံးနှင့် အလယ်အလတ် အခွန်ထမ်းများဆိုင်ရာ အခွန်ရုံး (၅)တို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းများနှင့် မိသားစုဝင်များသို့ ထောက်ပံ့ငွေနှင့်ပစ္စည်းများ ပံ့ပိုးပေး၍ အားပေးစကားများ ပြောကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း မန္တလေးငလျင်ကြီးကြောင့် သေဆုံး၊ ဒဏ်ရာရ ဝန်ထမ်းများနှင့် မိသားစုဝင်များကို အားပေးစကားပြောကြား၍ ထောက်ပံ့ငွေနှင့် ပစ္စည်းများပေးအပ်



နေပြည်တော် မေ ၇

မန္တလေးငလျင်ကြီးကြောင့် သေဆုံး၊ ဒဏ်ရာရ ဝန်ထမ်းများနှင့်မိသားစုဝင်များ ထောက်ပံ့ငွေပေးအပ်ပွဲအခမ်းအနားကို ယနေ့တွင် ရုံးအမှတ်(၂၃) လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ညှိနှိုင်းခန်းဆောင်၌ ကျင်းပသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းက အားပေးစကားပြောကြားပြီး သေဆုံးဝန်ထမ်းတစ်ဦးနှင့် မိသားစုဝင်ရှစ်ဦး၊ ဒဏ်ရာရ ဝန်ထမ်းတစ်ဦးနှင့် မိသားစုဝင်နှစ်ဦး၊ တိုက်ပိခံရသည့် ဝန်ထမ်းအိမ်ထောင်စု ၂၂ စုတို့အတွက် ပြည်ထောင်စုဝန်ကြီးနှင့် အလှူရှင်များက လှူဒါန်းထောက်ပံ့ငွေကျပ် ၃၂၃ သိန်းနှင့် အိမ်သုံးပစ္စည်း ၁၇ မျိုးဖြစ်သော စောင်၊ စတီးပန်းကန်များ၊ စတီးဇလုံ၊ စတီးရေခွက်၊ သွားတိုက်တံ၊ သွားတိုက်ဆေး၊ ဆပ်ပြာခဲ (ကြမ်း)၊လက်သန့်ဆေးရည်၊ ဆပ်ပြာအမွှေးခဲ၊ ထမင်းချက်ဒယ်အိုး၊ ဟင်းချက်ဒယ်အိုး၊ ပလတ်စတစ်ဇလား၊ စတီးထမင်းစားဇလုံ၊ စတီးဇွန်း၊ စတီးဟင်းထည့်ပန်းကန်နှင့် ကိုင်းခြင်ထောင်တို့ကို ထောက်ပံ့ပေးသည်။

ယင်းနောက် တက္ကသိုလ်ဝင်စာမေးပွဲ ပြန်လည်ဖြေဆိုမည့်ဝန်ထမ်းများ၏ သားသမီး ၁၅ ဦးအတွက် တစ်ဦးလျှင် ငါးသိန်းစီဖြင့် စုစုပေါင်း ၇၅ သိန်း ထောက်ပံ့ပေးသည်။ ယနေ့ ထောက်ပံ့ငွေ စုစုပေါင်း ၃၉၈ သိန်းနှင့် လှူဒါန်းပစ္စည်း ၁၇ မျိုးတို့ကို ဝန်ကြီးရုံးနှင့် ဦးစီးဌာနသုံးခုတို့မှ ဝန်ထမ်းများထံသို့ ပေးအပ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့တို့ ပူးပေါင်းစီစဉ်မှုဖြင့် ဟင်းသီးဟင်းရွက်များအား သက်သာသောဈေးနှုန်းဖြင့် လှည့်လည်ရောင်းချပေးလျက်ရှိ

နေပြည်တော် မေ ၇

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့တို့ ပူးပေါင်းစီစဉ်မှုဖြင့် ဟင်းသီးဟင်းရွက်များအား ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း ငလျင်ဒဏ်သင့် ဝန်ထမ်းအိမ်ရာများသို့ ဧပြီ ၃၀ ရက်မှစ၍ အိမ်တိုင်ရာရောက် သွားရောက်ကာ သက်သာသော ဈေးနှုန်းများဖြင့် လှည့်လည်ရောင်းချပေးခဲ့ကြောင်း သိရသည်။



ထိုသို့ လှည့်လည်ရောင်းချရာတွင် ဧပြီ ၃၀ ရက်မှ မေ ၇ ရက်အထိ နေပြည်တော်အတွင်း ဈေးကား ရှစ်စီးဖြင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာန (ရုံးချုပ်)၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဥတ္တရသီရိမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန၊ ဒက္ခိဏခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ စုပေါင်းရုံးများ၊ နေပြည်တော်ဘူတာကြီး၊ စက်ခေါင်းအလုပ်ရုံဌာန၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ ကြေးမုံသတင်းစာတိုက်၊ မြန်မာ့အလင်းသတင်းစာတိုက်၊ အကျဉ်းဦးစီးဌာန (နေပြည်တော်)၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့(တိုင်းရုံး)၊ အထူးရဲရုံး၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနရှိ ဝန်ထမ်းများအား ခရမ်းချဉ်သီး ပိဿာ ၁၂၁၀၊ အာလူး ၁၁၂၅ ပိဿာ၊ ဂေါ်ဖီထုပ် ၄၅၀၊ ပန်းဂေါ်ဖီပွင့် ၃၅၀၊ ချင်း ၁၂၅ ပိဿာ၊ ကြက်သွန်ဖြူ ပိဿာ ၂၀၀၊ ကြက်သွန်နီ ၂၇၅ ပိဿာ၊ ရွှေဖရုံသီး/ ကျောက်ဖရုံသီး ၂၆၂ ပိဿာ၊ ခရမ်းသီး ၁၇၅ ပိဿာနှင့် မုန်ညှင်းဖြူ ၈၇ ပိဿာ၊ ကိုက်လန် ၁၈ ပိဿာ၊ မုန်လာဥနီပိဿာ ၁၅၀၊ ငရုတ်ပွ ၁၈ ပိဿာ၊ ဗိုလ်စားပဲ ၁၈ ပိဿာ၊ လက်ဖက်ခြောက် ငါးပိဿာနှင့် ဂန္ဓာမာပန်း ၇၅ စည်းတို့အား သက်သာသော ဈေးနှုန်းဖြင့် လှည့်လည် ရောင်းချပေးခဲ့ကြောင်းနှင့် အပတ်စဉ် ဗုဒ္ဓဟူးနေ့တိုင်း ဆက်လက်ရောင်းချ ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့တို့ ပူးပေါင်းစီစဉ်မှုဖြင့် အမဲသား၊ ဝက်သားများအား သက်သာသောဈေးနှုန်းဖြင့် လှည့်လည်ရောင်းချပေးလျက်ရှိ

နေပြည်တော် မေ ၇

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနနှင့် ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့တို့ ပူးပေါင်းစီစဉ်မှုဖြင့် အမဲသား၊ ဝက်သားများအား ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း ငလျင်ဒဏ်သင့် ဝန်ထမ်းအိမ်ရာများသို့ ဧပြီ ၃၀ ရက်မှစ၍ အိမ်တိုင်ရာရောက် သွားရောက်ကာသက်သာသော ဈေးနှုန်းများဖြင့် လှည့်လည် ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

## လှည့်လည်ရောင်းချ

ထိုသို့ လှည့်လည်ရောင်းချရာတွင် ဧပြီ ၃၀ ရက်မှ မေ ၇ ရက်အထိ နေပြည်တော် အတွင်း ဈေးကာတစ်စီးဖြင့် နိုင်ငံခြားရေး ဝန်ကြီးဌာန၊ ကာကွယ်ရေး ဝန်ကြီးဌာန၊ အားကစားနှင့် လူငယ်ရေးရာ ဝန်ကြီးဌာန၊သိပ္ပံနှင့် နည်းပညာ ဝန်ကြီးဌာန၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနရှိ ဝန်ထမ်းများအား အမဲသား ၈၅ ပိဿာနှင့် ဝက်သားပိဿာ ၉၀ တို့ကို သက်သာသော ဈေးနှုန်းဖြင့် လှည့်လည်ရောင်းချ ပေးခဲ့ကြောင်းနှင့် အပတ်စဉ် ဗုဒ္ဓဟူးနေ့တိုင်း ဆက်လက် ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်



**သက်ရှည်ကျန်းမာဖို့ စားသုံးဆီကို တတ်နိုင်သမျှ လျှော့စားစို့**

# အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မိုးအောင် တက္ကသိုလ်ဝင်စာမေးပွဲ ပြန်လည်ဖြေဆိုမည့် ကျောင်းသား ကျောင်းသူများအား တွေ့ဆုံအားပေး

**နေပြည်တော် မေ ၇**

အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မိုးအောင်သည် တာဝန်ရှိသူများနှင့်အတူ ယနေ့တွင် မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းနှင့် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၊ စဉ့်ကိုင်မြို့ အခြေခံပညာအထက်တန်းကျောင်း၊ ချမ်းအေးသာစံမြို့ အမှတ်(၁၆) အခြေခံပညာအထက်တန်းကျောင်းနှင့် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းတို့တွင် စခန်းသွင်းသင်ကြားလေ့ကျင့်နေသည့် တက္ကသိုလ်ပါမောက္ခ၊ ဆရာ ဆရာမများနှင့် အခြေခံပညာ ဆရာဆရာမများ၊ ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ပြန်လည်ဖြေဆိုမည့် ကျောင်းသား ကျောင်းသူများအား တွေ့ဆုံအားပေးသည်။



တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက ငလျင်ဘေးဒဏ်သည် မည်သူမျှမျှော်လင့်မထားသည့် သဘာဝဘေးအန္တရာယ်ကြီးတစ်ခုဖြစ်ပါကြောင်း၊ ယင်းအခြေအနေမှ ရုန်းထပြီး စာသင်ခန်းထဲသို့ရောက်ရှိလာသည့် ကျောင်းသား ကျောင်းသူများ၏ စိတ်ဓာတ်နှင့် ယုံကြည်ချက်၊ မိဘများ၏ ဖေးမအားပေးမှု၊ ဆရာ ဆရာမများ၏ အားကြိုးမာန်တက် သင်ပြသွန်သင်မှုနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ တာဝန်ရှိသူများ၏ စနစ်တကျစီမံဆောင်ရွက်ပေးမှုတို့ကို အသိအမှတ်ပြုချီးကျူးပါကြောင်း၊ ယင်းကဲ့သို့ စိတ်ဓာတ်များဖြင့် ကြုံတွေ့လာရသည့် အခက်အခဲများကို ရင်ဆိုင်ကျော်လွှားကြမည့် ကျောင်းသား ကျောင်းသူများအနေဖြင့် Grade –12 စာမေးပွဲကြီးကို အောင်မြင်စွာဖြေဆိုပြီးမြောက်လိမ့်မည်ဟု ယုံကြည်ပါကြောင်း၊ တိုင်းပြည်နှင့် လူမျိုး၊ အမျိုးဘာသာ သာသနာအတွက် အကျိုးပြုမည့် အနာဂတ်ခေါင်းဆောင်ငယ်များဖြစ်လာမည်ဟု ယုံကြည်ပါကြောင်း အားပေးစကားပြောကြားကာ စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ကျောင်းသား ကျောင်းသူများ စိတ်ချမ်းမြေ့စွာနေထိုင်သင်ကြားလေ့ကျင့်နိုင်ရေး၊ စားသောက်ရေးနှင့် ကျန်းမာရေးကို ဂရုပြုဆောင်ရွက်ရေး၊ ကျောင်းသားကျောင်းသူများ ရာနှုန်းပြည့် စခန်းသွင်းဝင်ရောက်ရေး၊ ဆရာ ဆရာမများနှင့် အုပ်ချုပ်ရေးပိုင်း တာဝန်ရှိသူများက စနစ်တကျ ကြီးကြပ်ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရေးနှင့် စာမေးပွဲပြန်လည်ဖြေဆိုမည့်သူ ၉၄ ရာခိုင်နှုန်းအထိရှိသည်ကို သိရပြီး ကျန်ရှိသည့် ခြောက်ရာခိုင်နှုန်းကိုလည်း စာမေးပွဲဖြေဆိုနိုင်ရေး ဖြည့်ဆည်းဆောင်ရွက်ပေးရန် မှာကြားသည်။

ယင်းနောက် မန္တလေးမစိုးရိမ်ကျောင်းတိုက်တွင် ငလျင်ဘေးကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ကျောင်းတိုက်အခြေအနေတို့ကို သွားရောက်ကြည့်ရှု၍ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးတွင် တာဝန်ရှိသူများနှင့် ငလျင်ဘေးပြန်လည် ထူထောင်ရေးကာလအတွင်း တက္ကသိုလ်ဝင်စာမေးပွဲပြန်လည်ဖြေဆိုမည့် အခြေအနေများနှင့်ပတ်သက်၍ ညှိနှိုင်းအစည်းအဝေး ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ဆရာ ဆရာမများ၏ သင်ကြားပို့ချမှုများကို ဖွဲ့လုံ့လ၊ ဝီရိယထား၍ ကြိုးစားသင်ယူကြစေလို

**နေပြည်တော် မေ ၇**

ပညာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ညွန့်ဖေသည် ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီးရှိ အခြေခံပညာကျောင်းများသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။



ဦးစွာ ပြည်ထောင်စုဝန်ကြီးသည် မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ် ယန္တရားအခြေခံပညာအထက်တန်းကျောင်း၊ အမရပူရမြို့နယ် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း၊ မဟာအောင်မြေမြို့နယ် သံလျက်မှော်အနောက် အမှတ်(၃၃) အခြေခံပညာအလယ်တန်းကျောင်းခွဲ၊ အောင်မြေသာစံမြို့နယ် အမှတ်(၂၅) အခြေခံပညာအထက်တန်းကျောင်း၊ ပုသိမ်ကြီးမြို့နယ် အခြေခံပညာ အထက်တန်းကျောင်းများသို့ သွားရောက်ကြည့်ရှုစစ်ဆေး၍ ဇွန်လကျောင်းဖွင့်ချိန်အမီ ကျောင်းသားကျောင်းသူများ အေးချမ်းစွာ ပညာသင်ယူနိုင်ရေးအတွက် ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် မိမိတို့၏ အခြေခံပညာကျောင်းများကို ထိခိုက်ပျက်စီးမှုအလိုက် အသစ်ပြန်လည် တည်ဆောက်ခြင်း၊ ယာယီစာသင်ဆောင် တည်ဆောက်ပေးခြင်း တို့ဖြင့် ပြန်လည် တည်ထောင်ရေး လုပ်ငန်းများ အလျင်အမြန်ဖြည့်ဆည်း ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း၊ ကျောင်းနှင့် ကျောင်းသား အရေအတွက်ပေါ်မူတည်၍ နှစ်ချိန်တက်ကျောင်းအဖြစ်ဆောင်ရွက်ခြင်း၊ ရေ၊ မီး၊ သန့်စင်ခန်း ပြည့်စုံရေး ဆောင်ရွက်ပေးခြင်းတို့ကို စနစ်တကျပြင်ဆင်ဆောင်ရွက်ထားကြရမည် ဖြစ်ကြောင်းမှာကြားကာ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် တက္ကသိုလ်ပါမောက္ခ၊ ဆရာ ဆရာမများနှင့် အခြေခံပညာ ဆရာ ဆရာမများက ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲ ပြန်လည်ဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများအား ဘာသာရပ်အလိုက် သင်ကြားပို့ချပေးနေမှုများကို လိုက်လံကြည့်ရှုအားပေးကာ တိုင်းဒေသကြီးနှင့် ပြည်နယ်လေးခုမှ အစိုးအဖွဲ့များနှင့် သက်ဆိုင်ရာ အဖွဲ့အစည်းများကလည်း တက္ကသိုလ်နှင့် အခြေခံပညာအထက်တန်းကျောင်းများတွင် စခန်းသွင်းလေ့ကျင့်ရေး Camp များတွင် စားသောက်ရေး၊ နေထိုင်ရေးစသည်ဖြင့် အခက်အခဲမရှိ အဆင်ပြေအောင် ဝိုင်းဝန်းဖြည့်ဆည်း ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ တက္ကသိုလ်ဝင်စာမေးပွဲ ပြန်လည်ဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများအနေဖြင့် ဆရာ ဆရာမများ၏ သင်ကြားပို့ချမှုများကို ဖွဲ၊ လုံ့လ၊ ဝီရိယထား၍ ကြိုးစားသင်ယူကြစေလိုပါကြောင်း အားပေးစကားပြောကြားကာ လိုအပ်သည်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်းသိရသည်။ **သတင်းစဉ်**

# ငလျင်ဘေးသင့်ဝန်ထမ်းများ၊ ဝန်ထမ်းမိသားစုဝင်များနှင့် အားကစားအဖွဲ့များအား ထောက်ပံ့ငွေနှင့် ပစ္စည်းများ ပေးအပ်လှူဒါန်း



**နေပြည်တော် မေ ၇**

ရန်ကုန် ခါနန်နှစ်ခြင်းအသင်းတော်(လှိုင်သာယာ)နှင့် Sweet J Foundation တို့မှ အလှူရှင်များက အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ငလျင်ဘေးသင့်ဝန်ထမ်းများ၊ ဝန်ထမ်းမိသားစုဝင်များနှင့် အားကစားအဖွဲ့များအား ထောက်ပံ့ငွေနှင့် ပစ္စည်းများ ပေးအပ် လှူဒါန်းပွဲအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော် အားကစားလေ့ကျင့်ရေးစခန်း (Gold Camp) ရှိ ဘက်စုံသုံးခန်းမ၌ ကျင်းပသည်။

ဦးစွာ ထောက်ပံ့ငွေနှင့် ပစ္စည်းများ လာရောက်လှူဒါန်းပေးအပ်ရခြင်းနှင့်စပ်လျဉ်း၍ အလှူရှင်များက ရှင်းလင်းပြောကြားပြီး ထောက်ပံ့လှူဒါန်းပေးအပ်သည့် ထောက်ပံ့ငွေနှင့် ပစ္စည်းများကို ဒုတိယဝန်ကြီး ဦးထိန်လင်းက လက်ခံရယူကာ အလှူရှင်များကို ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ဆက်လက်၍ ဒုတိယဝန်ကြီးနှင့် အလှူရှင်များက ထောက်ပံ့ငွေနှင့် ပစ္စည်းများကို အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဝန်ထမ်းများနှင့် အားကစားအဖွဲ့များကို ပေးအပ်ပြီး ဒုတိယဝန်ကြီးက ပြည်ထောင်စုဝန်ကြီး ကိုယ်စား ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။ **သတင်းစဉ်**

## မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်

**နေပြည်တော် မေ ၇**

နေပြည်တော်နှင့် ကယားပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ တနင်္သာရီတိုင်းဒေသကြီးတွင် နေရာအနှံ့အပြား၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ်၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး (အထက်ပိုင်း)နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် နေရာကွက်ကျားမိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ **မိုး/ဇလ**

# သစ်ပင်စိုက်လျှင် ရှင်သန်ချင် လိုက်နာကြဖို့ အသိယှဉ်

**သစ်ပင်တစ်ပင် ရှင်သန်ဖြစ်ထွန်းအောင်မြင်စေရန် သစ်မျိုး၊ မြေ၊ ရေ၊ ရာသီဥတုတို့အပေါ် များစွာမူတည်ပေသည်။ သစ်မျိုးအလိုက် ရှင်သန်အောင်မြင်ဖြစ်ထွန်းသည့် ရပ်ဝန်းရှိကြပါသည်။ မြန်မာတို့၏ ရှေးကဘိုးဘွားတို့ အစဉ်အဆက်စိုက်ပျိုးခဲ့သော သစ်ပင်များမှာ လက်ရှိ လူသားမျိုးဆက်တို့ကို အကျိုးပြုလျက်ရှိနေသကဲ့သို့ လက်ရှိမျိုးဆက်တို့ကလည်း နောင်လာမည့် မျိုးဆက်များအတွက် သစ်ပင်စိုက်ပျိုးခြင်းကို ပြုကြရမည်ဖြစ်သည်။**

**အုန်းလွင်လေး**

သစ်ပင်စိုက်ပျိုးခြင်းကြောင့် သဘာဝဘေးအန္တရာယ်များ လျော့ပါးစေခြင်း၊ ရာသီဥတုညီညွတ်မျှတစေခြင်းအပြင် မိမိပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ခြင်း၊ အရိပ်အာဝါသနှင့် သန့်စင်သောလေရရှိခြင်း၊ သစ်ပင်ရှင်သန်နေစဉ် အသီးအပွင့်အရွက်စသည်တို့ ခံစားရရှိခြင်း၊ နေစရာအတွက် သစ်၊ တိုင်၊ မျော အလွယ်တကူရရှိပြီး ပိုလျှံက ရောင်းချခြင်းဖြင့် ဝင်ငွေရရှိခြင်း၊ သားငှက်တိရစ္ဆာန်များအတွက် အစာရေစာနှင့် နားနေရာရရှိခြင်းစသည့် လက်ငင်းအကျိုးကျေးဇူးများရရှိပါမည်။

မြန်မာလူမျိုးတို့သည် ကိုးကွယ်သည့်ဘာသာတရား၏ အဆုံးအမ အရသော်လည်းကောင်း၊ မိရိုးဖလာအစဉ်အလာအရ သော်လည်းကောင်း ဟိုးပဝေသဏီကပင် မိုးကြို၊ မိုးဦးကာလမှသည် မိုးကာလ မြေဆီစိုခိုက်အချိန်တွင် သစ်ပင်စိုက်ခြင်းကိုဆောင်ရွက်ကြပါသည်။

## ဧရိယာပမာဏငယ်ငယ်မှ ကျယ်ကျယ်အထိ စိုက်ကြ

သစ်ပင်စိုက်ခြင်းကို ပသာဒဖြစ်စေရေး၊ စိမ်းလန်းစိုပြည်ရေးနှင့် သဘာဝပတ်ဝန်းကျင်ကောင်းမွန်လာစေရန်၊ သဘာဝတောများမှ ထုတ်ယူသုံးစွဲမှုလျှော့ချရန်၊ ဒေသခံပြည်သူများ၏ အခြေခံလိုအပ်ချက်များ ဖြည့်ဆည်းပေးရန်၊ သစ်တောများရေရှည်တည်တံ့စေပြီး စဉ်ဆက်မပြတ် အကျိုးရရှိစေရေးအတွက် ပြုစုထိန်းသိမ်းရေးနှင့် စနစ်တကျထုတ်ယူသုံးစွဲရေးဆိုင်ရာ အသိအမြင်များတိုးပွားပြီး သိရှိလိုက်နာစေရန်၊ ဒေသခံများ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်စေရန် စသည့် ရည်ရွယ်ချက်အမျိုးမျိုးနှင့် သစ်ပင်များကို တစ်နိုင်တစ်ပိုင်၊ တစ်အုပ်တစ်မ၊ အစုအဝေးလိုက် ဧရိယာပမာဏငယ်ငယ်မှ ကျယ်ကျယ်အထိ စိုက်ကြပါသည်။ နိုင်ငံတစ်ဝန်းတွင် နေရာဒေသအလိုက် ပြည်နယ်/တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အလိုက်နှင့် အထိမ်းအမှတ်နေ့များ စသည်ဖြင့် လူစုလူဝေး အင်အားသုံး မိုးရာသီသစ်ပင်စိုက်ပွဲများလည်း နှစ်စဉ်ပြုလုပ်ကြပါသည်။ အားရစရာကြီးပင်။ သစ်ပင်စိုက်ခြင်းကို ခေတ်အဆက်ဆက် နိုင်ငံတော်အကြီးအကဲများကလည်း အားပေးအားမြှောက် ပြုခဲ့ကြပါသည်။

သစ်ပင်စိုက်တိုင်း မိမိတို့၏ရည်ရွယ်ရင်းအတိုင်း အကျိုးများသည့် သစ်ပင်များအဖြစ် ရှင်သန်ဖြစ်ထွန်းအောင်မြင်ပါရဲ့လား။ အသွင်သဏ္ဍာန်နှင့် အနှစ်သာရအပြည့်အဝဖြစ်ပါရဲ့လား။ သစ်ပင်စိုက်လျှင် ရှင်သန်ချင်လိုက်နာကြဖို့ အသိယှဉ်စေချင်ပါသည်။

ဥပမာ ကျွန်းဆိုပါစို့၊ မိုးရေချိန်လက်မ ၆၀ မှ ၈၀ ကြား၊ ရေစီးရေလာကောင်းပြီး မြေသြဇာထက်သန်သည့် မြေအမျိုးအစားတွင် ရှင်သန်ဖြစ်ထွန်း အောင်မြင်ပါသည်။ ပင်လယ်ရေမျက်နှာပြင်အထက် ပေ ၃၀၀၀ ကျော်ဒေသတွင် ကျွန်းပင်စိုက်သော် ရှင်နိုင်သော်လည်း မဖြစ်ထွန်း မအောင်မြင်နိုင်ပါ။ ထိုအပင်မျိုးက အောင်လုံကောင်းမွန်သော ကျွန်းမျိုးဆက်များကို ပေးနိုင်စွမ်းမည်လည်းမဟုတ်ပါ။ ကျွန်း၏ မျိုးရိုးဗီဇအရည်အသွေးကိုပင် ယုတ်လျော့ကျဆင်းစေနိုင်ပါသည်။ အလားတူ ဒီရေတောသစ်မျိုးများကို တောင်ပေါ်ဒေသ၊ အအေးပိုင်းဒေသ သစ်မျိုးများကို အပူပိုင်းဒေသတို့တွင်စိုက်က ရှင်သန်အောင်လုံမှုမရှိနိုင်ပါ။ သစ်မျိုးရွေးချယ်ရာတွင် ဒေသ၏ ရေမြေရာသီဥတုနှင့် လိုက်လျောညီထွေဖြစ်သည့် ဒေသသစ်မျိုးများကို ဦးစားပေး ရွေးချယ်ရမည်ဖြစ်ပြီး စိုက်သည့်ရည်ရွယ်ချက်မှာ လောင်စာအတွက်ဖြစ်ပါက အကြီးမြန်သစ်မျိုးများ ရွေးချယ်၍သော်လည်းကောင်း၊ စီးပွားဖြစ် သစ်တိုင်မျောအတွက်ဆိုပါက ဈေးကွက်မှတောင်းဆိုသည့် အဖိုးတန် သစ်မျိုးများ ရွေးချယ်၍သော်လည်းကောင်း စိုက်ရမည်ဖြစ်သည်။

မြေရှိလျှင် သစ်ပင်စိုက်၍ ရပါသည်။ စိုက်သည့်မြေတွင် သစ်မျိုးအလိုက် အပင်ဖြစ်ထွန်းချင်မှဖြစ်မည်။ မြေဆီမြေနှစ် မြေသြဇာကင်းမဲ့




သောမြေ၊ အပင်အတွက်လိုအပ်သော အစိုဓာတ်မထိန်းသောမြေမှာ သစ်ပင်စိုက်က ရှင်သန်ရန်ခဲယဉ်းပါသည်။ အပင်ရှင်သန်ရန် ရေလိုသလို လိုသည်ထက်ပိုသောရေဝပ်နေရာများ၊ ရေစီးရေလာမကောင်းသောနေရာများတွင် အပင်စိုက်ပါကလည်း မဖြစ်ထွန်းနိုင်ပါ။ အလားတူ ရာသီဥတုကိုလည်း သတိပြုရပါမည်။ ပူပြင်းသော၊ အေးသော၊ မိုးနည်းသော၊ မိုးများသောဒေသအလိုက် ရှင်သန်ဖြစ်ထွန်းမည့် သစ်မျိုးကိုသာ စိုက်ရမည်ဖြစ်သည်။ စိုက်ပင်တိုင်း ရှင်သန်အောင်မြင်ဖြစ်ထွန်းရေး သစ်မျိုးကို ဦးစားပေးလိုက သစ်မျိုးနှင့် သဟဇာတဖြစ်မည့် မြေနေရာရွေးရမည်ဖြစ်ပြီး အပြန်အလှန်အားဖြင့် မြေနေရာ ဦးစားပေးလိုက မြေနေရာနှင့် လိုက်လျောညီထွေဖြစ်မည့် သစ်မျိုးကို ရွေးစိုက်ရမည်ဖြစ်ပါသည်။

## ရှောင်ရှားရမည့်နေရာ

သစ်ပင်စိုက်မည့်မြေနေရာသည် လျှပ်စစ်ဓာတ်အားလိုင်းများ၊ သွယ်တန်းထားသည့်ဓာတ်ကြိုးများအောက်၊ နဂိုရှင်သန်ကြီးထွားပြီး အပင်ကြီးများအောက်၊ လမ်းဘေးဝဲယာဖြစ်က တိုးချဲ့မည့်လမ်း အဆင့်မြှင့်တင်မည့်လမ်းဧရိယာနှင့် လမ်းနယ်နိမိတ်များ၊ အဆောက်အအုံဆောက်မည့်နေရာ၊ ဖွံ့ဖြိုးရေးစီမံကိန်း အကောင်အထည်ဖော်မည့်နေရာ၊ ရေဝပ်သည့်နေရာတို့ဖြစ်ပါက ရှောင်ရှားရပါမည်။ ဓာတ်ကြိုးများ အောက်ခြေမှ ပေ ၅၀ ခွာရပါမည်။ ရေဝပ်နေရာဖြစ်ပါက လုံလောက်သောမြေစာ ဖို့ရပါမည်။ အမြန်လမ်း၊ ဒွေးလမ်းကြီးများ၏ လမ်းလယ်ကျွန်းအပင်စိုက်က အပင်ကြီးသစ်မျိုးအစား အပင်ငယ် သို့မဟုတ် ပသာဒဖြစ်မည့်သစ်မျိုးကို ရွေးရပါမည်။

သစ်ပင်စိုက်ရန် သစ်မျိုး၊ စိုက်မည့်နေရာ ရွေးချယ်ခြင်း( Choice of species & Site selection)ပြီးနောက် ပျိုးဥယျာဉ်ရှိ ပျိုးပင်များကို ဒဏ်ခံနိုင်စေရန် တစ်နည်းအားဖြင့် အောင်လုံသန်စွမ်းသော ပျိုးပင်ဖြစ်စေရန် ဧပြီလနောက်ဆုံးရက်သတ္တပတ်လောက်မှစ၍ မြေချမစိုက်မီ အချိန်အတွင်း ရေလျှော့လောင်းခြင်း၊ အလင်းဖွင့်ခြင်း (Hard–ening process) စသည့်လုပ်ငန်းများ ဆောင်ရွက်ရပါမည်။ (သစ်တောဦးစီးဌာနသည် သစ်ပင်စိုက်ပြီးရှင်သန်ကြီးထွားမှုကောင်းစေရန် ဒဏ်ခံနိုင်သော၊ အောင်လုံသန်စွမ်းသော အမြင့်နှစ်ပေနှင့်အထက်ရှိ ပျိုးပင်များကို မိုးကာလတွင် ပြည်သူလူထုသို့ အခမဲ့ ဖြန့်ဝေလျက်ရှိပါသည်) စိုက်မည့်အကွာအဝေးအလိုက် ပန္နက်ရိုက်ခြင်း၊ မြေပြုပြင်ခြင်း ဆောင်ရွက်ရပါမည်။




မိုးရေချိန်နည်းပါးသော အပူပိုင်းဒေသများတွင် ရေစုစည်း သိုမှီးနိုင်သည့် အရွယ်အစားရှိ ကျင်းတူးရမည်။ အများအားဖြင့် ၄'x၄'x ၁'/ ၃'x၃'x၁'/၄'x၁'x၁' အရွယ်အစားရှိ ကျင်းအတွင်းအလယ်တွင် တစ်ပေပတ်လည် ချက်ကျင်းတူးရပါမည်။ အပူပိုင်းဒေသမှအပ ကျန်ဒေသများတွင် နှစ်ပေပတ်လည် တစ်ပေအနက်ကျင်း သို့မဟုတ် ပျိုးအိတ်အရွယ်အစားပေါ်မူတည်၍ လိုအပ်သည့်အရွယ်အစား ကျင်းတူးရပါမည်၊ ကျင်းများအတွင်း ရောစပ်ထားသည့်မြေဆွေးများ အလုံအလောက် ထည့်ရပါမည်။

## မိုးဦးကာလတွင် သစ်ပင်စိုက်ခြင်း ဆောင်ရွက်

ရေလောင်းပေးနိုင်ပါက မိုးကြိုသစ်ပင်စိုက်ခြင်း၊ သစ်ပင်စိုက်ရန် လုံလောက်သည့် မြေအစိုဓာတ်ရရှိသည့် မိုးဦးကာလတွင် သစ်ပင်စိုက်ခြင်း ဆောင်ရွက်နိုင်ပါပြီ။ ပျိုးဥယျာဉ်တွင် ဒဏ်ခံနိုင်အောင် ပြုစုထားသည့် အောင်လုံသောပျိုးပင်တို့ သယ်ယူချိန်တွင် ပျိုးပင်များ မကျိုးမပျက်စေရန် ပျိုးအိတ်မြေလုံးမကွဲစေရန်သယ်ရပါမည်။

သစ်ပင်စိုက်ကြပါစို့၊ ပျိုးအိတ်မြေလုံးမကွဲစေရန် သတိနှင့်ကိုင်တွယ်ပါ။ ပျိုးအိတ်ကို လက်နှစ်ဖက်ဖြင့် အသာဆုပ်ညှစ်ရပါမည်။ သစ်ပင်စိုက်မည့်ကျင်းအနီး ပျိုးအိတ်ပလတ်စတစ်ကို လက်သည်း သို့မဟုတ် အသွားထက်ဓားသေးသေးဖြင့် ခွဲထုတ်ရပါမည်။ စိုက်ပင်ကို တည့်တည့်မတ်မတ်ထား၍ မြေလုံးကို သတိဖြင့် ကျင်းအတွင်း အသာထည့်ပြီး စိုက်ပင်ဘေးပတ်လည် လေဟာမှုမဖြစ်စေရန် ဖို့မြေကို ဖိသိပ်ပေးရပါမည်။ အပင်အခြေ ရေဝပ်မှုမရှိစေရေး မို့မောက်သည်အထိ ရောစပ်ထားသည့်မြေဆွေးပုံပေးရပါမည်။

စိုက်ပင်များကို ကျွဲ၊ နွား၊ သိုး၊ ဆိတ်စသည့် အိမ်မွေးတိရစ္ဆာန်များ၊ အခြားဖျက်ဆီးမှုများမရှိစေရန် အကာအရံ၊ အရံအတားများ စနစ်တကျ ပြုလုပ်ပေးရပါမည်။ လိုအပ်သလို ရေလောင်းပေးခြင်း၊ အရိပ်ပေးခြင်း၊ မြေသြဇာကျွေးခြင်း၊ ပေါင်းသင်ရှင်းလင်း၊ မြေတောင်မြှောက် ခါးဆွခြင်းများ ဆောင်ရွက်ခြင်းဖြင့် ပြုစုထိန်းသိမ်းမှုပြုရပါမည်။

သစ်တောဦးစီးဌာနသည် ၂၀၂၅ ခုနှစ် မိုးကာလတွင် သစ်ပင်စိုက်ရန် နိုင်ငံပိုင်သစ်တောစိုက်ခင်းများ၊ အာဆီယံလမ်း၊ အမြန်လမ်းနှင့် လမ်းဘေးဝဲယာများကို အထူးလုပ်ငန်းတစ်ရပ်အနေဖြင့် အပင်စိုက်ခြင်း၊ နိုင်ငံတစ်ဝန်း မိုးကြို/မိုးကာလ **စာမျက်နှာ ၇ သို့** ❂




**❝ သစ်ပင်စိုက်မည့်မြေနေရာသည် လျှပ်စစ်ဓာတ်အားလိုင်းများ၊ သွယ်တန်းထားသည့်ဓာတ်ကြိုးများအောက်၊ နဂိုရှင်သန်ကြီးထွားပြီး အပင်ကြီးများအောက်၊ လမ်းဘေးဝဲယာဖြစ်က တိုးချဲ့မည့်လမ်း အဆင့်မြှင့်တင်မည့် လမ်းဧရိယာနှင့် လမ်းနယ်နိမိတ်များ၊ အဆောက်အအုံဆောက်မည့်နေရာ၊ ဖွံ့ဖြိုးရေးစီမံကိန်းအကောင်အထည်ဖော်မည့်နေရာ၊ ရေဝပ်သည့်နေရာတို့ဖြစ်ပါက ရှောင်ရှားရပါမည်။ ဓာတ်ကြိုးများအောက်ခြေမှ ပေ ၅၀ ခွာရပါမည်။ ရေဝပ်နေရာဖြစ်ပါက လုံလောက်သောမြေစာဖို့ရပါမည်။ အမြန်လမ်း၊ ဒွေးလမ်းကြီးများ၏ လမ်းလယ်ကျွန်း အပင်စိုက်က အပင်ကြီးသစ်မျိုးအစား အပင်ငယ် သို့မဟုတ် ပသာဒဖြစ်မည့်သစ်မျိုးကိုရွေးရ ❞**

# Samaritan's Purse International Relief ဆေးအဖွဲ့ ဂုဏ်ပြုနှုတ်ဆက်ပွဲနှင့် အရေးပေါ်ဆေးရုံ၊ ဆေးနှင့် ဆေးပစ္စည်းများ လှူဒါန်းပွဲ ကျင်းပ

**နေပြည်တော် မေ ၇**

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းသည် ယနေ့တွင် အမျိုးသား သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ၏ကိုယ်စား အရေးပေါ် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ပြီးဆုံး၍ ပြန်လည်ထွက်ခွာမည့် အမေရိကန်အခြေစိုက် Samaritan's Purse International Relief ဆေးအဖွဲ့အား ဂုဏ်ပြုနှုတ်ဆက်ပွဲနှင့် အရေးပေါ်ဆေးရုံ၊ ဆေးနှင့် ဆေးပစ္စည်းများ လှူဒါန်းပွဲအခမ်းအနားသို့ တက်ရောက်သည်။



**အကူအညီများဖိတ်ခေါ်**

ဦးစွာ အခမ်းအနားတက်ရောက်သူများသည် မန္တလေးငလျင်ကြီးတွင် သေဆုံးခဲ့သူများအတွက် ဝမ်းနည်းခြင်းအထိမ်းအမှတ်အဖြစ် တစ်မိနစ် ငြိမ်သက်ကြသည်။ ယင်းနောက် အမျိုးသားသဘာဝ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းက ဂုဏ်ပြုနှုတ်ဆက်စကားပြောကြားရာတွင် မန္တလေး ငလျင်ကြီးကြောင့် မြန်မာနိုင်ငံတွင် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်များစွာ ပျက်စီးဆုံးရှုံးခဲ့ရပြီး ဆေးရုံ၊ ဆေးခန်းပေါင်း ၃၅၀ ကျော်ပျက်စီးခဲ့ရပါကြောင်း၊ နိုင်ငံတော်အနေဖြင့် အရေးပေါ်အခြေအနေ ကြေညာခဲ့ပြီး နိုင်ငံတကာမှ လူသားချင်းစာနာ ထောက်ထားမှုအကူအညီများအား ဖိတ်ခေါ်ခဲ့ရာ နိုင်ငံပေါင်း ၁၇ နိုင်ငံမှ အရေးပေါ်ဆေးအဖွဲ့ ၂၈ ဖွဲ့ လာရောက်ကူညီပေးခဲ့ပြီး Samaritan's Purse International Relief လည်း အပါအဝင်ဖြစ်ပါကြောင်း၊ Samaritan's Purse ဆေးအဖွဲ့သည် ကာကွယ်ရေးဝန်ကြီးဌာန ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံး၊ ကျန်းမာရေးဝန်ကြီးဌာနတို့နှင့် ပူးပေါင်း၍ ပြည်ထောင်စုနယ်မြေ နေပြည်တော် ရွှေကြာပင် အားကစားကွင်း၌ ဧပြီ ၅ ရက်မှ စတင်၍ ယာယီ ဆေးရုံဖွင့်လှစ်ကာ ငလျင်ကြောင့် ထိခိုက်ဒဏ်ရာ ရရှိသူများနှင့် ပြင်ပလူနာအပါအဝင် လူနာစုစုပေါင်း ၅၀၀၀ ကျော်ကို အရေးပေါ်ခွဲစိတ်ကုသခြင်းနှင့် ဆေးကုသခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ပါကြောင်း။

**ကြိုးစားဆောင်ရွက်**

ထို့ပြင် နေပြည်တော်ကောင်စီနယ်မြေအတွင်း ရှိ ငလျင်ဒဏ်သင့်အိမ်ထောင်စု ၅၀၀၀ အတွက် ဆိုလာမီးများ၊ ရေသန့်စက်များ၊ အိမ်ထောင်စုသုံး ပစ္စည်းများ အစရှိသည်တို့ကို ထောက်ပံ့ပေးခဲ့ပါ ကြောင်း၊ Samaritan's Purse အဖွဲ့သည် ရွှေကြာပင် အားကစားကွင်းရှိ အရေးပေါ်ဆေးကုသမှုဆေးရုံကို ကျန်းမာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်ခဲ့သည့် အတွက် မြန်မာနိုင်ငံအစိုးရနှင့် ပြည်သူလူထုကိုယ်စား ကျေးဇူးတင်ရှိပါကြောင်း၊ ကျန်းမာရေးဝန်ကြီးဌာန အနေဖြင့် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုနှင့် အညီ ငလျင်ဒဏ်သင့်ဒေသများတွင် အရေးပေါ် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို အချိန် နှင့်တစ်ပြေးညီ ဆောင်ရွက်ခဲ့သလို ပုံမှန်ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ၊ ဒဏ်ရာရလူနာများ ပြန်လည်ထူထောင်ရေး လုပ်ငန်းများကိုလည်း လစ်ဟင်းမှုမရှိအောင် အဘက်ဘက်မှ ကြိုးစားဆောင်ရွက် ခဲ့ပါကြောင်း၊ ဆက်လက်၍ ကူးစက်ရောဂါဖြစ်ပွားမှု များ မရှိစေရေး ရောဂါစောင့်ကြပ်ကြည့်ရှုခြင်းနှင့် ရောဂါကာကွယ်ရေးလုပ်ငန်းများအား ဆောင်ရွက် လျက်ရှိပါကြောင်း ပြောကြားသည်။

ယင်းနောက် Samaritan's Purse International Relief အဖွဲ့မှ အဖွဲ့ခေါင်းဆောင် မစ္စတာဂျွန်မေလ်တန် နှင့် ဆေးရုံအုပ်ချုပ်မှုဒါရိုက်တာ မစ္စတာပီတာဟော့ဇ် တို့က Samaritan's Purse ဆေးအဖွဲ့၏ မြန်မာနိုင်ငံ တွင် ငလျင်တုံ့ပြန်ရေး အရေးပေါ်ဆေးကုသရေး လုပ်ငန်းများ ဆောင်ရွက်ခဲ့မှုအခြေအနေများနှင့် အရေးပေါ်ဆေးရုံ လွှဲပြောင်းပေးအပ်မည့်ကိစ္စရပ် များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် Samaritan's Purse International Relief ဆေးအဖွဲ့က ရွှေကြာပင်အားကစားကွင်းရှိ အရေးပေါ်ဆေးရုံကို ကျန်းမာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်ပြီး ပြည်ထောင်စုဝန်ကြီးက အမျိုးသား သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌကိုယ်စား ဂုဏ်ပြုမှတ်တမ်းလွှာနှင့် အမှတ်တရလက်ဆောင်များ ပြန်လည်ပေးအပ် သည်။

Samaritan's Purse International Relief အဖွဲ့အနေဖြင့် ဧပြီ ၅ ရက်မှ မေ ၆ ရက်အတွင်း ဇမ္ဗူသီရိမြို့နယ် ရွှေကြာပင်အားကစားကွင်းရှိ အရေးပေါ်ဆေးကုသမှုဆေးရုံတွင် ခွဲစိတ်ကုသမှုပေါင်း ၃၀၃ ခု၊ လူနာပေါင်း ၅၈၁၃ ဦးကို ကုသမှုပေးခဲ့ပြီး ယခုလှူဒါန်းလွှဲပြောင်းပေးခဲ့သော အရေးပေါ်ဆေးရုံ တွင် အရေးပေါ်ဆေးကုသဆောင်၊ လူနာဆောင်များ၊ အရေးပေါ် ခွဲစိတ်ခန်းများ၊ ဆေးပေးခန်း၊ ဓာတ်ခွဲခန်း၊ ရေသန့်စင်စနစ်များ ပါဝင်ပြီး တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၁ ဒသမ ၅ သန်းခန့်တန်ဖိုးရှိ ကြောင်း သိရသည်။

**သတင်းစဉ်**

# စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ချင်းတွင်းမြစ်အတွင်း ငါးမျိုးစိုက်ထည့်ပွဲ တက်ရောက်




**နေပြည်တော် မေ ၇**

စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်နှင့် တာဝန်ရှိသူများသည် မေ ၆ ရက် မွန်းလွဲပိုင်းက ဟုမ္မလင်းမြို့နယ် ထမံသီစံပြကျေးရွာ ချင်းတွင်းမြစ်အတွင်း ငါးမျိုးစိုက်ထည့်ခြင်း အခမ်းအနားကို တက်ရောက်ပြီး ငါးမျိုးများ စိုက်ထည့်ပေးသည်။

**ငါးမျိုးစိုက်ထည့်**

အခမ်းအနားတွင် စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဒေသခံပြည်သူများက ဟုမ္မလင်း ငါးလုပ်ငန်းစခန်းမှ နှစ်လက်မ အရွယ် ထိုင်းငါးခုံးမကြီး ကောင်ရေ ၅၀၀၀၀ ကို ချင်းတွင်းမြစ်အတွင်း ငါးမျိုးစိုက်ထည့်ပေးခဲ့ ကြောင်း သိရသည်။

**သတင်းစဉ်**








❂ စာမျက်နှာ ၆ မှ

သစ်ပင်စိုက်ပွဲတော်များကျင်းပခြင်း၊ ဌာနဆိုင်ရာ တပ်ရင်းတပ်ဖွဲ့များ၊ ပြည်သူများသို့ ဖြန့်ဝေခြင်းတို့အတွက် သစ်မျိုးစုံ၊ ဝါးမျိုးစုံ ပျိုးပင် ၂၁ သန်းနီးပါး ပျိုးထောင်ထားရှိပေသည်။ ထို့ပြင် သစ်ပင်ပျိုးထောင် မှုနှင့်ပတ်သက်၍ သစ်တောသစ်ပင်ဆိုင်ရာ ဆက်စပ်ဌာနများ၊ အဖွဲ့ အစည်းများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ တစ်သီးပုဂ္ဂလ တစ်နိုင်တစ်ပိုင် ဝါသနာရှင်များ၏ ဆောင်ရွက်မှုများပါဝင်ပါက နှစ်စဉ် မြန်မာနိုင်ငံ တွင် ပျိုးပင်များ သန်းဆယ်ချီများသော အရေအတွက်ပမာဏဖြင့် ပျိုးထောင်ကြပါသည်။ ထိုအတွက် အချိန်၊ လုပ်အား၊ ငွေကြေး၊ နည်းပညာအရင်းအနှီးများ၏တန်ဖိုးကား အနမတဂ္ဂပါ။ သစ်ပင် စိုက်ရာတွင် ရှင်သန်အောင်မစိုက်ပါက အကြောင်းမျိုးမျိုးကြောင့် စိုက်ပင်များပျက်စီးပြီး တန်ဖိုးတွက်ချက်ရသည်ရော၊ မရသည်ရော ဆုံးရှုံးမှုများကား မနည်းမနော ရှိပေချိမ့်။

မြေဆီစိုခိုက် သစ်ပင်စိုက်ကြရာဝယ် စိုက်ပင်များကို

- ရှင်အောင်စိုက်၊
- ကြီးအောင်ပြုစု
- မြဲအောင်ထိန်းသိမ်းခြင်းဖြင့် တစ်ပင်မှ တစ်တောဖြစ်အောင် စွမ်းဆောင်ရင်း သစ်ပင်များ စိုက်ကြပါစို့၊

သစ်ပင် သစ်တောများသည်–

အတိတ်ကာလ၏ အမွေအနှစ်၊

ပစ္စုပ္ပန်ကာလတွင် အကျိုးစီးပွား၊

အနာဂတ်ဖွံ့ဖြိုးတိုးတက်မှုအတွက် ရင်းနှီးမြှုပ်နှံသည့် အရင်းအနှီး ကောင်းများပင်။

နောင်လာနောက်သား မျိုးဆက်သစ်များအား အမွေကောင်းများ ပေးနိုင်စေရေး၊ စိမ်းလန်းစိုပြည်သည့်မြေကြီးမှ ရွှေသီးစေရေးနှင့် သက်ရှိများအားလုံး အကျိုးရှိစေရေးအတွက် မိုးကာလ မြေဆီစိုခိုက် သစ်ပင်များများ စိုက်ကြပါစို့။ ။

ညအချိန်အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ် ချွေတာသင့်ပါသည်

# (၁၇)ကြိမ်မြောက် အာဆီယံပြန်ကြားရေးဝန်ကြီးများအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း တက်ရောက်

## ဉာဏ်ရည်တုနှင့် ဒစ်ဂျစ်တယ်ပလက်ဖောင်းများ၏ ကျင့်ဝတ်ဆိုင်ရာများ မြှင့်တင်ပေးခြင်းကို ဆက်လက်ဆောင်ရွက်သွားနိုင်ရန် အကြံပြုတိုက်တွန်း

**ဘန်ဒါဆရီဘီဂါဝမ် မေ ၇**

(၁၇)ကြိမ်မြောက် အာဆီယံပြန်ကြားရေးဝန်ကြီးများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ (17th ASEAN Ministers' Responsible for Information and its related Meetings-17th AMRI) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ဘရူနိုင်းဒါရူဆလမ်နိုင်ငံ ဘန်ဒါဆရီဘီဂါဝမ်မြို့ The Empire Brunei ဟိုတယ် Indera Samudra Grand Hall ၌ ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ ပါဝင်တက်ရောက်သည်။

အဆိုပါ အခမ်းအနားသို့ ဘရူနိုင်းဒါရူဆလမ်နိုင်ငံ အိမ်ရှေ့မင်းသားနှင့် ဝန်ကြီးချုပ်ရုံး ဝါရင့်ဝန်ကြီး His Royal Highness Prince Haji Al-Muhtadee Billah Ibni နှင့် ဘရူနိုင်းဒါရူဆလမ်နိုင်ငံ အစိုးရအဖွဲ့ တာဝန်ရှိသူများ၊ အာဆီယံအဖွဲ့ဝင် နိုင်ငံများနှင့် ဆွေးနွေးဖက်သုံးနိုင်ငံမှ ပြန်ကြားရေးဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ပြန်ကြားရေးဆိုင်ရာ တာဝန်ရှိသူများနှင့် ကိုယ်စားလှယ်အဖွဲ့ဝင်များ၊ အာဆီယံလူမှုရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ အသိုက်အဝန်း (ASCC) ဒုတိယအတွင်းရေးမှူးချုပ် ဦးစန်းလွင်နှင့် အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြပြီး လေ့လာသူအဖြစ် တီမောလက်စ်တေနိုင်ငံမှ အဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ (၁၇)ကြိမ်မြောက် အာဆီယံပြန်ကြားရေးဝန်ကြီးများ အစည်းအဝေး အလှည့်ကျသဘာပတိ ဘရူနိုင်းဒါရူဆလမ်နိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာနနှင့် ဝန်ကြီးချုပ်ရုံး ဝန်ကြီး(၂) H.E. Mr. Pehin Dato Halbi Yussof နှင့် ဘရူနိုင်းဒါရူဆလမ်နိုင်ငံ အိမ်ရှေ့မင်းသားနှင့် ဝန်ကြီးချုပ်ရုံး ဝါရင့်ဝန်ကြီးတို့က ကြိုဆိုနှုတ်ခွန်းဆက်စကားများ ပြောကြားကြပြီး အာဆီယံ လူမှုရေးနှင့် ယဉ်ကျေးမှုဆိုင်ရာအသိုက်အဝန်း ဒုတိယအတွင်းရေးမှူးချုပ်က နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ထို့နောက် ဘရူနိုင်းနိုင်ငံ၏ အာဆီယံပြန်ကြားရေးဝန်ကြီးများ အစည်းအဝေး(AMRI) အလှည့်ကျဥက္ကဋ္ဌတာဝန်ယူမှုဆိုင်ရာ ရုပ်သံမှတ်တမ်းကို ပြသသည်။

**နှုတ်ခွန်းဆက်စကားပြောကြား**

ဆက်လက်၍ အာဆီယံပြန်ကြားရေးဝန်ကြီးများ အစည်းအဝေးကို ကျင်းပရာ (၁၆)ကြိမ်မြောက် အာဆီယံပြန်ကြားရေးဝန်ကြီးများ အစည်းအဝေး၏ အလှည့်ကျ သဘာပတိအဖြစ် ဆောင်ရွက်ခဲ့သည့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတ နိုင်ငံမှ ယဉ်ကျေးမှု၊ အားကစားနှင့် ခရီးသွားလာရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E. Le Hai Binh က ဂုဏ်ပြုစကား ပြောကြားပြီး (၁၇)ကြိမ်မြောက် အာဆီယံ ပြန်ကြားရေးဝန်ကြီးများ အစည်းအဝေး၏ အလှည့်ကျသဘာပတိဖြစ်သည့် ဘရူနိုင်းဒါရူဆလမ်နိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာနနှင့် ဝန်ကြီးချုပ်ရုံး ဝန်ကြီး(၂)နှင့် အစည်းအဝေးအလှည့်ကျ ဒုတိယသဘာပတိအဖြစ် တာဝန်ယူဆောင်ရွက်မည့် ကမ္ဘောဒီးယားနိုင်ငံ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး H.E .Mr. Neth Pheaktra တို့က နှုတ်ခွန်းဆက်စကား ပြောကြားကြသည်။

အာဆီယံ ပြန်ကြားရေးဝန်ကြီးများအစည်းအဝေး (AMRI)၏ ယခုနှစ်အတွက် ဆောင်ပုဒ်မှာ **"အပြန်အလှန် နားလည်မှုကို အားကောင်းလာစေသည့် မီဒီယာသို့မဟုတ် ပူးပေါင်းဆောင်ရွက်မှုနှင့်အပြန်အလှန်နားလည်မှုမြှင့်တင်ရာတွင် မီဒီယာ၏အခန်းကဏ္ဍကို ပြောင်းလဲဖော်ဆောင်ခြင်း အသွင်ပြောင်းခြင်း"** (Media Advancing Joint Understanding: Trans-forming media's role in advancing cooperation and mutual understanding) ဖြစ်ရာ အဆိုပါအစည်းအဝေး၏ Theme နှင့်စပ်လျဉ်း၍ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ပြန်ကြားရေးဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် အာဆီယံ ဒုတိယအထွေထွေအတွင်းရေးမှူးချုပ်တို့က ဝိုင်းဝန်းဆွေးနွေးအကြံပြုကြသည်။



ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း (၁၇)ကြိမ်မြောက် အာဆီယံပြန်ကြားရေးဝန်ကြီးများ အစည်းအဝေးတွင် ဆွေးနွေးစဉ်။

ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက ဆွေးနွေးရာတွင် မန္တလေး ငလျင်ကြီးကဲ့သို့သော အကျပ်အတည်း အခြေအနေများတွင် မီဒီယာများအနေဖြင့် တိကျမှန်ကန်သည့် သတင်းအချက်အလက်များကို အချိန်နှင့်တစ်ပြေးညီ ဖြန့်ဝေရာတွင် အရေးပါသည့်အခန်းကဏ္ဍမှ ပါဝင်လျက်ရှိပါကြောင်း၊ အာဆီယံမီဒီယာချန်နယ်များ၏ ထိရောက်သည့် သတင်းတင်ဆက်မှုများကြောင့် ပြည်သူများ၏ လိုအပ်ချက်များကို ကူညီဆောင်ရွက်ပေးနိုင်သူများက သတိပြုမိစေကာ နိုင်ငံတကာနှင့် ဒေသတွင်း ပံ့ပိုးကူညီမှုများရရှိအောင် လုပ်ဆောင်ပေးနိုင်ခဲ့ပါကြောင်း။

**အကြံပြုတိုက်တွန်း**

၂၀၂၅ ခုနှစ်နောက်ပိုင်း ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များတွင် သတင်း အချက်အလက်နှင့် မီဒီယာကဏ္ဍ၌ အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား အနာဂတ် ပူးပေါင်းဆောင်ရွက်မှု အားကောင်းလာစေရန်အတွက် လူငယ်များ စိတ်ဝင်စားမည့် Content များနှင့် ပူးပေါင်းဖန်တီးမှု ပလက်ဖောင်းများကို အားကောင်းစေရေး ဆောင်ရွက်ခြင်း၊ မီဒီယာ သိနားလည်မှုကို မြှင့်တင်ခြင်းနှင့် သတ်မှတ်ထားသည့် မီဒီယာပလက်ဖောင်းများမှ တစ်ဆင့် မဟုတ်မမှန် သတင်းများကို တိုက်ဖျက်ခြင်း၊ အာဆီယံနှင့် စပ်လျဉ်းသည့် ဇာတ်လမ်းရုပ်သံများကို ဘာသာစကားမျိုးစုံနှင့် တင်ဆက်နိုင်ရန် ဒေသတွင်း ပူးပေါင်း ရိုက်ကူးထုတ်လုပ်မှုများ တိုးတက် ဖော်ဆောင်ခြင်းနှင့် ဉာဏ်ရည်တုနှင့် ဒစ်ဂျစ်တယ် ပလက်ဖောင်းများ၏ ကျင့်ဝတ်ဆိုင်ရာများကို မြှင့်တင်ပေးခြင်းတို့ကို ဆက်လက်ဆောင်ရွက်သွားနိုင်ရန် အကြံပြုတိုက်တွန်းလိုပါကြောင်း။

ယခုနှစ် အစည်းအဝေး ဆောင်ပုဒ်တွင် ဖော်ပြထားသည့်အတိုင်း မီဒီယာများ၏ ပူးပေါင်းကြိုးပမ်းအားထုတ်မှုများမှတစ်ဆင့် အပြန်အလှန် နားလည်မှုနှင့် သည်းခံနိုင်စွမ်းရှိမှုများကို မြှင့်တင်စေနိုင်ပြီး ကွဲပြားမှုများကို ပေါင်းကူးဆောင်ရွက်ပေးနိုင်မည် ဖြစ်သည်ဟု ပြောကြားလိုပါကြောင်းနှင့် မိမိတို့ ပူးပေါင်းအကောင်အထည်ဖော်မည့် အာဆီယံမီဒီယာ အခင်းအကျင်းတွင် နယ်စပ်ဖြတ်ကျော် ပူးပေါင်းဆောင်ရွက်မှုများဖြင့်သာ ကျေနပ်နေရုံမဟုတ်ဘဲ နောင်လာမည့် မျိုးဆက်များ အတွက်ပါ အကျိုးကျေးဇူးများစွာ ရှိစေဖို့ ပူးပေါင်းဆောင်ရွက်ရန်ဖြစ်ပါကြောင်း ဆွေးနွေးပြောကြားသည်။



(၁၇)ကြိမ်မြောက် အာဆီယံပြန်ကြားရေးဝန်ကြီးများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ ကျင်းပစဉ်။

ထို့နောက် အစည်းအဝေးကို ဆက်လက်ကျင်းပရာ (၂၁)ကြိမ်မြောက် အာဆီယံ ပြန်ကြားရေးဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးနှင့် (၂၂)ကြိမ်မြောက် အာဆီယံ ပြန်ကြားရေးဆိုင်ရာ အဆင့်မြင့် အရာရှိကြီးများ အစည်းအဝေး အစီရင်ခံစာများကို သုံးသပ်ဆွေးနွေးအတည်ပြုခြင်း၊ အာဆီယံနှင့် ဆွေးနွေးဖက်သုံးနိုင်ငံအကြား သတင်းမီဒီယာကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ လုပ်ငန်းစီမံချက်များ အကောင်အထည်ဖော်မှုကို သုံးသပ်ဆွေးနွေးခြင်း၊ အာဆီယံယဉ်ကျေးမှုနှင့် သတင်းအချက်အလက်ဆိုင်ရာကော်မတီ (COCI)၏ သတင်းပြန်ကြားရေး ကဏ္ဍဆိုင်ရာတိုးတက်မှု အစီရင်ခံစာကို ဖတ်ကြား ဆွေးနွေးခြင်းနှင့် အစည်းအဝေး၏ ရလဒ်အဖြစ် မီဒီယာနှင့် သတင်းအချက်အလက်ဆိုင်ရာ မဟာဗျူဟာဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖော်ဆောင်ရန် အာဆီယံ ပြန်ကြားရေးဝန်ကြီးများအဆင့် အသိအမှတ်ပြုသည့် ဘန်ဒါဆရီဘီဂါဝမ် ကြေညာချက်၊ ဆိုရှယ်မီဒီယာ ပလက်ဖောင်းများကို ဘေးကင်းလုံခြုံပြီး တာဝန်သိသိဖြင့် အသုံးပြုခြင်းဆိုင်ရာ ကွာလာလမ်ပူ ကြေညာချက်နှင့် (၁၇)ကြိမ်မြောက် အာဆီယံပြန်ကြားရေးဝန်ကြီးများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ၏ ပူးတွဲထုတ်ပြန်ချက်များအား ဆွေးနွေးကာ အတည်ပြုခဲ့ကြသည်။

**တက်ရောက်**

(၈)ကြိမ်မြောက် အာဆီယံနှင့် ဆွေးနွေးဖက်သုံးနိုင်ငံ ပြန်ကြားရေးဝန်ကြီးများ၏ အစည်းအဝေး (8th AMRI+3)ကို ဆက်လက်ကျင်းပရာ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ပြန်ကြားရေးဝန်ကြီးများနှင့် ဆွေးနွေးဖက်နိုင်ငံများဖြစ်သည့် တရုတ်နိုင်ငံနှင့် ဂျပန်နိုင်ငံမှ ပြန်ကြားရေးဆိုင်ရာ ဝန်ကြီးများနှင့် ကိုယ်စားလှယ်များ၊ အာဆီယံဒုတိယအတွင်းရေးမှူးချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး အရှေ့တီမောနိုင်ငံမှ ကိုယ်စားလှယ်အဖွဲ့က လေ့လာသူအဖြစ် တက်ရောက်သည်။

ညနေပိုင်းတွင်(၁၇)ကြိမ်မြောက် အာဆီယံ ပြန်ကြားရေးဝန်ကြီးများအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့တက်ရောက်လာကြသည့် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်များအား အိမ်ရှင် ဘရူနိုင်းဒါရူဆလမ်နိုင်ငံ အိမ်ရှေ့မင်းသားနှင့် ဝန်ကြီးချုပ်ရုံး ဝါရင့်ဝန်ကြီးက တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုညစာစားပွဲကို ကျင်းပသည်။

အာဆီယံ ပြန်ကြားရေးဝန်ကြီးများ အစည်းအဝေး (AMRI) ကို အာဆီယံဆွေးနွေးဖက် သုံးနိုင်ငံမှပြန်ကြားရေးဝန်ကြီးများအစည်းအဝေး (AMRI+3)နှင့်အတူ နှစ်နှစ်တစ်ကြိမ် ကျင်းပလေ့ရှိပြီး အာဆီယံနှင့် ဒေသတွင်း သတင်းပြန်ကြားရေးဆိုင်ရာလုပ်ငန်းများမှတစ်ဆင့် အဖွဲ့ဝင်နိုင်ငံများအကြား အပြန်အလှန်နားလည်မှုနှင့် ယုံကြည်မှု တိုးပွားခိုင်မာလာစေရေး လုပ်ငန်းစီမံကိန်းများအပေါ်တွင် လိုအပ်သည့်လမ်းညွှန်ချက်များ ချမှတ်ပေးနိုင်ရန် ရည်ရွယ်ကျင်းပခြင်းဖြစ်သည်။

အဆိုပါ (၁၇)ကြိမ်မြောက် အာဆီယံပြန်ကြားရေးဝန်ကြီးများ အစည်းအဝေးကို ယနေ့တွင် ကျင်းပခြင်းဖြစ်ပြီး မေ ၅ ရက်မှ ၆ ရက်အထိ (၂၂)ကြိမ်မြောက် အာဆီယံ ပြန်ကြားရေးဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးနှင့် ဆက်စပ် အစည်းအဝေးများကို ကျင်းပခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့်ကာယပညာဦးစီးဌာန (ရုံးသစ်) ဖွင့်ပွဲ အခမ်းအနားကျင်းပ

**ရန်ကုန် မေ ၇**

ရန်ကုန်တိုင်း ဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာန(ရုံးသစ်) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းခရိုင် တောင်ဥက္ကလာပမြို့နယ်ရှိ ပဒေသာအားကစားကွင်း၌ ကျင်းပသည်။

**တက်ရောက်**

အခမ်းအနားသို့ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်၊ ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့်ကာယပညာ ကော်မတီနာယက တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ အားကစားနှင့် လူငယ်ရေးရာ ဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့် လူငယ်ရေးရာ အထောက်အကူပြုကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ Bo Min Bo Co.,ltdမှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး၊ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ တိုင်းဒေသကြီး အားကစားနှင့်လူငယ်ရေးရာ အထောက်အကူပြုကော်မတီဥက္ကဋ္ဌ၊ တိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးနှင့် Bo Min Bo Co.,ltd မှ တာဝန်ရှိသူများက တိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာန (ရုံးသစ်) ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးပြီး ပြည်ထောင်စု ဝန်ကြီးနှင့် တိုင်းဒေသကြီး အားကစားနှင့် ကာယပညာ ကော်မတီနာယက၊ တိုင်းဒေသကြီး ဝန်ကြီးချုပ်တို့က ရုံးသစ်ဆိုင်းဘုတ်ကို စက်ခလုပ်နှိပ်ဖွင့်လှစ်ပေးပြီး ကမ္ပည်းမော်ကွန်းအား အမွှေးနံ့သာရည်များ ပက်ဖျန်းပေးသည်။

ယင်းနောက် ပြည်ထောင်စု ဝန်ကြီးနှင့် တိုင်းဒေသကြီး အားကစားနှင့် ကာယပညာ ကော်မတီနာယက တိုင်းဒေသကြီးဝန်ကြီးချုပ်တို့က အမှာစကား ပြောကြားကြသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီးအားကစားနှင့် ကာယပညာဦးစီးဌာန(ရုံးသစ်) အား တည်ဆောက်သည့် Bo Min Bo Co.,ltd မှ စာရွက်စာတမ်းများ လွှဲပြောင်းပေးအပ်ရာ တိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်မင်းသန်းက လက်ခံရယူသည်။

**ကြည့်ရှုစစ်ဆေး**

ဆက်လက်၍ ပြည်ထောင်စု ဝန်ကြီးနှင့် အဖွဲ့သည် တောင်ဥက္ကလာပ မြို့နယ်ရှိ မြသီတာ အားကစားကွင်းသို့ ရောက်ရှိပြီး ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီး အစိုးရဘတ်ဂျက်ငွေကျပ် သန်း ၅၄၀၀ ဖြင့် တည်ဆောက်နေသည့် အလျားပေ ၂၀၀၊ အနံပေ ၁၅၀ ရှိ လူဦးရေ ၂၀၀၀ ဆံ့ မြသီတာမိုးလုံလေလုံ အားကစားရုံနှင့် တိုင်းဒေသကြီး အစိုးရ ဘတ်ဂျက်ကျပ်သန်း ၇၇၂ ဒသမ ၅၄ ဖြင့် တည်ဆောက်နေသော မြသီတာ ဘောလုံးကွင်း အဆင့်မြှင့်တင်ခြင်း တို့ကို သွားရောက် ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား အသေးစိတ် မှာကြားသည်။



ယင်းနောက်လူငယ်အားကစား လေ့ကျင့်ရေးစခန်း (သုဝဏ္ဏ) ၌ (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲအတွက် စခန်းဝင် လေ့ကျင့်နေသော ပဏာမလက်ရွေးစင် တိုက်ကွမ်ဒိုအားကစားသမားများ လေ့ကျင့်နေမှု၊ ပဏာမလက်ရွေးစင် ပိုက်ကျော်ခြင်း အားကစားသမားများ စခန်းဝင်လေ့ကျင့်နေမှု၊ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏရှိ စခန်းဝင်လေ့ကျင့်နေသည့် ပဏာမလက်ရွေးစင်ဘိလိယက်နှင့်စနူကာ အားကစားသမားများ လေ့ကျင့်နေမှုများကို သွားရောက်ကြည့်ရှုပြီး အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) ကို လှည့်လည်ကြည့်ရှု စစ်ဆေးကာ လိုအပ်သည်များ မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ကျိုက္ကဆံကွင်းအတွင်းရှိ ပဏာမလက်ရွေးစင် အားကစားသမားများ ထားရှိရာ လေးထပ်အိပ်ဆောင်ရှိ စားရိပ်သာ၌ ပဏာမ လက်ရွေးစင် အားကစားသမားများနှင့် အတူ ရင်းရင်းနှီးနှီး နေ့လယ်စာ အတူတကွ သုံးဆောင်သည်။

ထို့မှတစ်ဆင့် ပြည်ထောင်စု ဝန်ကြီးနှင့်အဖွဲ့သည် ဒဂုံမြို့သစ်မြောက်ပိုင်းရှိ မြန်မာနိုင်ငံသေနတ်ပစ်အဖွဲ့ချုပ်သို့ ရောက်ရှိ၍ ပဏာမလက်ရွေးစင် သေနတ်ပစ် အားကစားသမားများ လေ့ကျင့်နေမှုများကို ကြည့်ရှုအားပေးပြီး ဝေဇယန္တာလမ်းရှိ လူငယ်အားကစား လေ့ကျင့်ရေးစခန်း (သုဝဏ္ဏ) လေ့ကျင့်ရေးကွင်း(၁)၌ ကျင်းပနေသည့် မြန်မာနေရှင်နယ်လိဂ်အမျိုးသမီး ဘောလုံးပြိုင်ပွဲ၌ သစ္စာအားမာန် ဘောလုံးအသင်းနှင့် ISPE ဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားနေမှုကို သွားရောက် ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ၂၀၂၅ ခုနှစ် ရေကြောင်းနှင့် လေကြောင်းလူငယ် အခြေခံသင်တန်းများနှင့် တန်းမြင့်သင်တန်းများကို သက်ဆိုင်ရာမြို့နယ်အသီးသီး၌ လေ့ကျင့်သင်ကြားပေးလျက်ရှိ

**နေပြည်တော် မေ ၇**

ကျောင်းသား ကျောင်းသူ မျိုးဆက်သစ်လူငယ်မောင်မယ်များကို နွေရာသီ ကျောင်းပိတ်ရက်ကာလအတွင်း အသိပညာများ ဖွံ့ဖြိုးတိုးတက်စေရန်၊ အားလပ်ရက်များအကျိုးရှိစေရန်၊ မိမိဝါသနာပါသည့် ပညာရပ်များကို လေ့လာဆည်းပူးနိုင်စေရန်နှင့် နိုင်ငံတော်အတွက် ရေကြောင်းပညာ၊ လေကြောင်းပညာကျွမ်းကျင်သော အနာဂတ်မျိုးဆက်သစ်လူငယ်များ ပေါ်ထွန်းလာစေရန်ရည်ရွယ်၍ တပ်မတော် (ရေ)မှ ရေကြောင်းလူငယ်အခြေခံနှင့် တန်းမြင့်သင်တန်းများ၊ တပ်မတော်(လေ)မှ အခြေခံလေကြောင်းလူငယ်သင်တန်းနှင့် တန်းမြင့်လေကြောင်း လူငယ်သင်တန်းဖွင့်ပွဲများကို ဧပြီ ၂၂ ရက်တွင် သက်ဆိုင်ရာ မြို့နယ်အသီးသီးရှိ သင်တန်းစခန်းများ၌ တစ်ပြိုင်တည်း စတင်ဖွင့်လှစ်ခဲ့ပြီး လေ့ကျင့်သင်ကြားပေးလျက်ရှိသည်။



မွန်ပြည်နယ် ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်လင်းမောင်နှင့် အဖွဲ့ဝင်များ မော်လမြိုင်မြို့ ရွှေနတ်တောင်ရေလှောင်တမံ၌ သင်တန်းသားများအားရေကြောင်းဆိုင်ရာဘာသာရပ်များပို့ချနေမှုကို ကြည့်ရှုအားပေးစဉ်။

**သင်ကြားပို့ချ**

ထိုသို့ လေ့ကျင့်သင်ကြားပေးလျက်ရှိရာ အခြေခံလေကြောင်းလူငယ်သင်တန်း အမှတ်စဉ်(၁/၂၀၂၅)နှင့် တန်းမြင့်လေကြောင်း လူငယ်သင်တန်း အမှတ်စဉ်(၁/၂၀၂၅) သင်တန်းများကို ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ)၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် သင်တန်းစခန်း ၁၅ ခုတွင် စုစုပေါင်းသင်တန်းသား ၈၀၄ ဦးဖြင့် ၂၀၂၅ ခုနှစ် ဧပြီ ၂၂ ရက်မှ စတင်၍ ဖွင့်လှစ်လျက်ရှိရာ မိတ္ထီလာမြို့ရှိ မြန်မာပြည်မြောက်ပိုင်းသင်တန်းစခန်းမှ သင်တန်းသား ၅၀ ကိုလည်းကောင်း၊ မော်လမြိုင်မြို့ရှိ မော်လမြိုင်သင်တန်းစခန်းမှသင်တန်းသား ၅၁ ဦးကိုလည်းကောင်း၊ နမ့်စန်မြို့ရှိ နမ့်စန်သင်တန်းစခန်းမှ သင်တန်းသား ၅၄ ဦးကိုလည်းကောင်း၊ နေပြည်တော်ကောင်စီနယ်မြေရှိ နေပြည်တော်သင်တန်းစခန်းမှ သင်တန်းသား ၆၅ ဦးကိုလည်းကောင်း၊ ကျိုင်းတုံမြို့ရှိ ကျိုင်းတုံသင်တန်းစခန်းမှ သင်တန်းသား ၅၆ ဦးအားလည်းကောင်း အခြေခံစစ်ရေးပြ ဘာသာရပ်၊ လေကြောင်းပညာသမိုင်းဘာသာရပ်၊ လေယာဉ်ပျံသန်းမှု အခြေခံသဘောတရားဘာသာရပ်၊ လေကြောင်းဆိုင်ရာအခြေခံဗဟုသုတများဘာသာရပ်၊ Airfield Procedure ဘာသာရပ်၊ လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းနှင့် ဇာတိသွေး ဇာတိမာန်ဘာသာရပ်၊ RC လေယာဉ်/ရဟတ်ယာဉ်မောင်းနှင်ခြင်းဘာသာရပ်၊ RC Simulator နှင့် Flight Simulator မောင်းနှင်ခြင်းဘာသာရပ်များကို တာဝန်ရှိသူ နည်းပြများမှ လေ့ကျင့်သင်ကြားပေးနေမှုများအား တွေ့မြင်ရပြီး ကျန်သင်တန်းစခန်း အသီးသီးတွင်လည်း ဆက်လက်လေ့ကျင့် သင်ကြားပို့ချပေးလျက်ရှိသည်။

ထို့ပြင် တပ်မတော်(လေ)၏ နေ့စဉ်ဆောင်ရွက်လျက်ရှိသော လုပ်ငန်းဆောင်တာများကို သိရှိနားလည်စေရန်အတွက် လေတပ်စခန်းဌာနချုပ်များနှင့် လေတပ်စခန်းများရှိ ပျံသန်းရေးအုပ်များ၊ ပြုပြင်ထိန်းသိမ်းရေးအလုပ်ရုံများသို့ သွားရောက်၍ လက်တွေ့ ကွင်းဆင်းလေ့လာခြင်းများလည်း ဆောင်ရွက်ခဲ့ကြသည်။

ထို့အတူ မွန်ပြည်နယ် ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ် ကျော်လင်းမောင်နှင့် အဖွဲ့ဝင်များသည် မော်လမြိုင်မြို့ ရွှေနတ်တောင်ရေလှောင်တမံ၌ ရေကြောင်း လူငယ်အခြေခံ/တန်းမြင့်သင်တန်း အမှတ်စဉ်(၁/၂၀၂၅)သို့ တက်ရောက်သင်ကြားလေ့ကျင့်လျက်ရှိသည့် သင်တန်းသားများကို ရေကြောင်းဆိုင်ရာ ဘာသာရပ်များဖြစ်သော အနောက်တိုင်း လေးယောက် လှော်လှေ (Tub Four) လေ့ကျင့်လှော်ခတ်ခြင်းနှင့် ရွက်လှေ (Optimoist Boat) အား လက်တွေ့ပို့ချသင်ကြားနေမှုကိုလည်းကောင်း၊ မော်လမြိုင်မြို့ အခြေခံပညာအထက်တန်းကျောင်း(ရွှေနတ်တောင်)၌ အခြေခံလေကြောင်းလူငယ်သင်တန်းအမှတ်စဉ် (၁/၂၀၂၅)သို့တက်ရောက်သင်ကြားလေ့ကျင့်လျက်ရှိသည့် လေကြောင်းလူငယ်သင်တန်းသားများအား လေကြောင်းဆိုင်ရာ ဘာသာရပ်များ သင်ကြားပို့ချနေမှုများကိုလည်းကောင်း လိုက်လံကြည့်ရှုအားပေးသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် သင်တန်းများအတွက် ချီးမြှင့်ငွေများပေးအပ်ကာ သင်တန်းတာဝန်အရာရှိများ၊ သင်တန်းနည်းပြများနှင့်တွေ့ဆုံကာ သင်တန်းအတွက် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး သင်တန်းသား သင်တန်းသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# ငလျင်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့သည့်ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အင်တိုက်အားတိုက်ဆက်လက်ဆောင်ရွက်လျက်ရှိ

နေပြည်တော် မေ ၇

မြန်မာနိုင်ငံတွင် လှုပ်ခတ်ခဲ့သော မန္တလေး ငလျင်ကြီးကြောင့် လမ်းတံတား၊ အဆောက်အအုံများ ထိခိုက်ပျက်စီးခဲ့ရသည့်နေရာများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို တိုင်းစစ်ဌာနချုပ်အသီးသီးမှ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ပြည်ပနိုင်ငံများမှ ကူညီကယ်ဆယ်ရေးအဖွဲ့များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုကူညီရေးအသင်း/အဖွဲ့များနှင့် ဒေသခံပြည်သူများ ပူးပေါင်း၍ အချိန်နှင့်တစ်ပြေးညီ ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးသက်ပိုနှင့် တာဝန်ရှိသူများက စစ်ကိုင်းမြို့ စစ်ကိုင်းတောင်ရိုးရှိ ဆွမ်းဦးပုညရှင်စေတီနှင့် ရှင်ဖြူရှင်လှဘုရားကြီးတို့၌ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးလျက်ရှိသော သာသနိက အဆောက်အအုံများအား တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဝင်များ၊ စေတနာရှင်ပြည်သူများနှင့် စေတနာရှင်ကုမ္ပဏီများပူးပေါင်း၍ စုပေါင်းလုပ်အားပေး ရှင်းလင်းဖယ်ရှားနေမှုအခြေအနေများကို သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

မွန်းလွဲပိုင်းတွင် ဒုတိယဗိုလ်ချုပ်ကြီးသက်ပိုနှင့် တာဝန်ရှိသူများက စစ်ကိုင်းမြို့ ပါရမီရပ်ကွက်ရှိ နှစ်(၇၀၀)ပြည့်အားကစားခန်းမ၌ ရွှေမင်းဝံရပ်ကွက်၊ နီလာရပ်ကွက်၊ ပတ္တမြားရပ်ကွက်၊ ပျူကံရပ်ကွက်၊ စီတီးရပ်ကွက်နှင့် မီးရထားရပ်ကွက်တို့မှ ငလျင်ဘေးဒဏ်သင့်ပြည်သူများအား လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနက ငလျင်ဒဏ်သင့်ပြည်သူများအတွက် အိမ်ထောင်စုတစ်စုလျှင် စောင်၊ ခြင်ထောင်၊ တီရှပ်၊ ပုဆိုး၊ လုံချည်၊ ဒန်အိုး၊ ဇလုံ၊ ဇွန်း၊ ဆပ်ပြာ၊ ရေဖလား၊ ပန်းကန်ပြား၊ သောက်ရေခွက်၊ မိုးကာ၊ ခေါင်း၊ မျက်နှာသစ်တဘက်နှင့် ကော်ပုံး စုစုပေါင်း ၁၆ မျိုး၊ အာဆီယံလူသားချင်းစာနာထောက်ထားမှု ကူညီရေးညှိနှိုင်းမှုဗဟိုဌာန (AHA Center) မှ မီးဖိုချောင်သုံးပစ္စည်းများနှင့် ဘရူနိုင်းနိုင်ငံက တစ်ကိုယ်ရေသုံးပစ္စည်းတို့ ထောက်ပံ့ပေးဝေနေမှုများကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် ပန်းပဲတန်းရပ်ကွက်ရှိ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးနေသော လူနေအဆောက်အအုံများကို စက်ယန္တရားကြီးများဖြင့် ဖယ်ရှားရှင်းလင်းနေမှုများ၊ စစ်ကိုင်းမြို့ ပိုးတန်းရပ်ကွက်ရှိ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းတွင် ယာယီကျောင်းဆောင်သစ်ဆောက်လုပ်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။ ယင်းနောက် ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးနေသော ကျောင်းဆောင်အဆောက်အအုံများအား ဖယ်ရှားရှင်းလင်းနေမှုများနှင့် ပိုးတန်းရပ်ကွက်ရှိ လူနေအဆောက်အအုံများကို စက်ယန္တရားကြီးများဖြင့် ဖယ်ရှားရှင်းလင်းနေမှုများကို ကြည့်ရှု၍ လိုအပ်သည်များ မှာကြားကာ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ငလျင်ဒဏ်သင့်ပြည်သူများ စောင့်ရှောက်ရေးစခန်း၌ ကျန်းမာရေးဆိုင်ရာကိစ္စရပ်များနှင့် စည်းကမ်းစနစ်တကျရှိစေရေးတို့ကို စခန်းတာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး တိုးချဲ့ကျောင်းဆောင်ဆောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးနှင့် တာဝန်ရှိသူများက စစ်ကိုင်းမြို့ ချင်းစုရပ်ကွက်ရှိ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)၌ ယာယီကျောင်းဆောင်သစ်ဆောက်လုပ်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးမိုးအောင်နှင့် တာဝန်ရှိသူများက မန္တလေးမြို့ အောင်မြေသာစံမြို့နယ် ၁၆ လမ်း၊ ၈၆ လမ်းထောင့် အမှတ် (၂၀) အခြေခံပညာအထက်တန်းကျောင်းသို့ သွားရောက်၍ ကျောင်းရှိ ငလျင်ဒဏ်သင့်၍ ထိခိုက်ပျက်စီးခဲ့သော ခိုင်သဇင်တစ်ထပ်စာသင်ဆောင်၊ ခိုင်ရွှေဝါ တစ်ထပ်စာသင်ဆောင်၊ ကံ့ကော် သုံးထပ်စာသင်ဆောင်၊ နဝရတ်ဆောင်ရှိမြတ်စေတနာခန်းမ၊ ကျောင်းစာကြည့်တိုက်နှင့် စတိုခန်းတို့ကို အသိအမှတ်ပြုလက်မှတ်ရအင်ဂျင်နီယာ (PE) အဖွဲ့များက (SOP) အတိုင်း စစ်ဆေးနေမှုများ၊ Level-1 အဆင့် စစ်ဆေးပြီး အဆောက်အအုံများအား ပျက်စီးမှုအဆင့်အတန်းအလိုက် Post Earthquake Assessement သတ်မှတ်၍ ခွဲခြားထားသည့်အရောင်များအတိုင်း အဆင့်သတ်မှတ်မှုအခြေအနေများကို လိုက်လံကြည့်ရှု၍ ဆရာ ဆရာမများအတွက် ထောက်ပံ့ငွေများ ပေးအပ်သည်။

ဆက်လက်၍ ၂၆ လမ်းနှင့် ကမ်းနားလမ်းထောင့်ရှိ အမှတ် (၂၁) အခြေခံပညာအထက်တန်းကျောင်းသို့ သွားရောက်၍ ဆရာ ဆရာမများ၊ ရပ်မိရပ်ဖများ၊ တပ်မတော်သားများစုပေါင်း၍ အပျက်အစီးများ ဖယ်ရှားရှင်းလင်းနေမှုများ၊ ထွန်းသစ္စာ နှစ်ထပ်ကျောင်းဆောင်၌ Grade-12 Camp (လေ့ကျင့်ရေးစခန်း) ဖွင့်လှစ်ထားရှိသည့် အခြေအနေများ၊ ငလျင်ဒဏ်သင့်၍ ထိခိုက်ပျက်စီးခဲ့သော မြစန္ဒာ၊



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး စိုးတင့်နိုင် မန္တလေးမြို့ အောင်မြေသာစံမြို့နယ် အမှတ်(၁၅) အခြေခံပညာအထက်တန်းကျောင်းတွင် ငလျင်ဒဏ်ကြောင့်ထိခိုက်ပျက်စီးခဲ့သော အပျက်အစီးများအား ဖယ်ရှားရှင်းလင်းနေမှုကို ကြည့်ရှုအားပေးစဉ်။

မြသီတာ၊ မြဓရာ၊ မိဘမေတ္တာ၊ သီရိနှင့် မြရတနာ နှစ်ထပ်စာသင်ဆောင်များ၊ ကျောင်းအုပ်ကြီးရုံး၊ ငွေသန်းမြင့်ခန်းမ၊ သိပ္ပံလက်တွေ့စမ်းသပ်ခန်း၊ ရေသန့်စက်၊ ရေစင်နေရာတို့ကို အသိအမှတ်ပြုလက်မှတ်ရအင်ဂျင်နီယာ (PE) အဖွဲ့များက (SOP) အတိုင်း စစ်ဆေးနေမှုများနှင့် Level-1 အဆင့်စစ်ဆေးပြီး အဆောက်အအုံများအား ပျက်စီးမှုအဆင့်အတန်းအလိုက် Post Earthquake Assessement သတ်မှတ်၍ ခွဲခြားထားသည့်အရောင်များအတိုင်း အဆင့်သတ်မှတ်မှုအခြေအနေများကို လိုက်လံကြည့်ရှုအားပေး၍ တာဝန်ရှိသူများအား ငလျင်ဒဏ်ကြောင့်ပျက်စီးသွားသည့် အဆောက်အအုံများအနက် အသိအမှတ်ပြု လက်မှတ်ရအင်ဂျင်နီယာ (PE) အဖွဲ့များက (SOP) အတိုင်း စစ်ဆေးပြီး အဆင့်သတ်မှတ်ပြီးစီးသည့် အဆောက်အအုံများအား ဦးစားပေးအဆင့်အလိုက် ဖယ်ရှားရှင်းလင်းရေး၊ ပြန်လည်ပြုပြင်တည်ဆောက်ရေးလုပ်ငန်းများ အမြန်ဆုံးဆောင်ရွက်နိုင်ရေးနှင့် အသုံးပြု၍ရသည့် ပရိဘောဂပစ္စည်းများကို စနစ်တကျပြန်လည်ပြုပြင်ထိန်းသိမ်းသွားရန် မှာကြားပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့အတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး စိုးတင့်နိုင်နှင့် တာဝန်ရှိသူများက မန္တလေးမြို့ အောင်မြေသာစံမြို့နယ်ရှိ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော အမှတ်(၁၅) အခြေခံပညာအထက်တန်းကျောင်းနှင့် အမရပူရမြို့နယ် အခြေခံပညာအထက်တန်းကျောင်း (ရေကြည်ပေါက်)၌ ဆရာ ဆရာမများ၊ ရပ်မိရပ်ဖများ၊ တပ်မတော်သားများ စုပေါင်း၍ အပျက်အစီးများ ဖယ်ရှားရှင်းလင်းနေမှုများနှင့် စာသင်ကျောင်းများတွင် ၂၀၂၅-၂၀၂၆ ပညာသင်နှစ်အတွက် ကျောင်းသူကျောင်းသားများ စိတ်အေးချမ်းသာစွာ ပညာသင်ကြားနိုင်ရေးအတွက် ပြင်ဆင်ဆောင်ရွက်နေမှုများကို သွားရောက်ကြည့်ရှုအားပေးသည်။ ထို့နောက် အောင်မြေသာစံမြို့နယ် အမှတ်(၁၇) အခြေခံပညာအထက်တန်းကျောင်း၌ ဖွင့်လှစ်ထားသော ငလျင်ဘေးသင့်ပြည်သူများ ယာယီကယ်ဆယ်ရေးစခန်းရှိ ငလျင်ဒဏ်သင့်ပြည်သူများအား သွားရောက်တွေ့ဆုံ အားပေးစကားပြောကြားပြီး ထောက်ပံ့ပစ္စည်းများ ပေးအပ်လှူဒါန်းကာ စာသင်ကျောင်းများရှိ ငလျင်ဒဏ်ကြောင်း ထိခိုက်ပျက်စီးခဲ့သော အဆောက်အအုံများအား ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ အမြန်ဆုံးဆောင်ရွက်နိုင်ရေးအတွက် တာဝန်ရှိသူများအား မှာကြား၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် အမှတ်(၁၇)အခြေခံပညာအထက်တန်းကျောင်းရှေ့ရှိ ကွင်းပြင်တွင် ငလျင်ဘေးသင့်ပြည်သူများအတွက် ဆောက်လုပ်လျက်ရှိသော Modular House များ တည်ဆောက်နေမှုအခြေအနေများကို သွားရောက်ကြည့်ရှုအားပေး၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် အမရပူရမြို့နယ်ရှိ ရွှေလင်းပင်ဆုတောင်းပြည့်စေတီတော်မြတ်ကြီးသို့ သွားရောက်၍ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သည့် အပျက်အစီးများအား ကူညီကယ်ဆယ်ရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့်ဆောင်ရွက်နေသည်များ၊ အပျက်အစီးများ ဖယ်ရှားရှင်းလင်းဆောင်ရွက်ပြီးစီးမှုအခြေအနေများနှင့် ဘုရားစေတီပုထိုးများတွင် ရှေးမူမပျက် ပြန်လည်ပြုပြင် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုအားပေး၍ ဆရာတော်ကြီးများအား အလှူငွေများ ပေးအပ်လှူဒါန်းကာ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် တာဝန်ရှိသူများအား မှာကြား၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးမျိုးသန့်နိုင်နှင့် တာဝန်ရှိသူများက ကျောက်ဆည်မြို့ အေးမြကြည်လင်ရပ်ကွက်နှင့် တံစိုး-မင်းစုသွားကားလမ်းမပေါ်ရှိ နေထိုင်ရန်မသင့်သော အန္တရာယ်ရှိအဆောက်အအုံများအား ယန္တရားများဖြင့် ရှင်းလင်းဆောင်ရွက်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး အဆောက်အအုံများရှင်းလင်းဆောင်ရွက်ရာတွင် ပတ်ဝန်းကျင်ရှိ အဆောက်အအုံများ ထိခိုက်မှုမရှိစေဘဲ ရှင်းလင်းဆောင်ရွက်နိုင်ရေး၊ လျှပ်စစ်မီးကြိုးများကို စနစ်တကျ ကြိုတင်ရှင်းလင်းဆောင်ရွက်နိုင်ရေး၊ လုပ်ငန်းခွင်အန္တရာယ် ထိခိုက်မှုမရှိစေရန်နှင့် အပျက်အစီးများကြောင့် ယာဉ်ကြောပိတ်ဆို့မှုများ မဖြစ်ပေါ်စေရန် အမြန်ရှင်းလင်းဆောင်ရွက်နိုင်ရေး မှာကြားပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

စာမျက်နှာ ၁၁ သို့ ❐



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးသက်ပို စစ်ကိုင်းတောင်ရိုး ရှင်ဖြူရှင်လှဘုရားကြီး၌ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးသွားသောအဆောက်အအုံများအား ရှင်းလင်းဖယ်ရှားနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

❒ စာမျက်နှာ ၁၀ မှ

ကျောက်ဆည်ခရိုင်အတွင်း ငလျင်ဒဏ်သင့် အဆောက်အအုံများအား SOP စနစ်ဖြင့် ဘုတ်အဖွဲ့များဖွဲ့စည်းစစ်ဆေးခဲ့ရာ ယနေ့အထိအဆောက်အအုံ ၆၄၅၁ လုံးအား စစ်ဆေးခြင်းဆောင်ရွက်ခဲ့ပြီး ပြန်လည် ပြုပြင်နေထိုင်နိုင်မည့် အဆောက်အအုံ ၆၁၄၆ လုံး၊ ဦးစားပေး ဖြိုဖျက်ရှင်းလင်းရမည့် အန္တရာယ်ရှိအဆောက်အအုံ ၃၀၅ လုံးမှ အဆောက်အအုံ ၂၇၇ လုံးအား ရှင်းလင်း ဆောင်ရွက်နိုင်ခဲ့ကာ ဆောင်ရွက်ရန်ကျန် အဆောက်အအုံ ၂၈ လုံး ဖြစ်သည်။

ဆက်လက်၍ စဥ့်ကိုင်မြို့နယ် မြေစာရင်းရုံးရှိ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးသွားသော အဆောက်အအုံများအားသွားရောက်ကြည့်ရှုစစ်ဆေး၍ ယာယီရုံး ဖွင့်လှစ်ဆောင်ရွက်ရန်အတွက် Modular House နှစ်လုံး တည်ဆောက်ပေးမည့်မြေနေရာအား ရွေးချယ်ပေးပြီး အဆောက်အအုံပျက်စီးဆုံးရှုံးမှုများအား သက်ဆိုင်ရာဝန်ကြီးဌာနသို့ တင်ပြ၍ လမ်းညွှန်မှုခံယူသွားရန်နှင့် တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် စဥ့်ကိုင်မြို့နယ်ရှိ မြတ်မင်္ဂလာသီလရှင်စာသင်တိုက်သို့ သွားရောက်၍ လှူဖွယ်ပစ္စည်းနှင့် ဝတ္ထုငွေများ ဆက်ကပ်လှူဒါန်းပြီး အဆောက်အအုံများ ပြန်လည်တည်ဆောက်ရာတွင် နားလည်တတ်ကျွမ်းသူများနှင့်တိုင်ပင်၍ ငလျင်ဒဏ်အင်အား ရစ်(ချ်)တာစကေးအဆင့်(၈)အထိ ခံနိုင်သည့် အဆောက်အအုံများ တည်ဆောက်သွားရန်လိုအပ်ကြောင်း၊ အဆောက်အအုံများ တည်ဆောက်ရာတွင် လိုအပ်သော ဘိလပ်မြေ၊ သံချောင်းနှင့် အထပ်သားပြားများအား ခရိုင်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနမှ စက်ရုံထုတ် အထူးဈေးနှုန်းများဖြင့် ရောင်းချပေးလျက်ရှိကြောင်း လှော်ကြားထားပြီး တာဝန်ရှိသူများအား လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ယင်းနောက် ကျောက်ဆည်ခရိုင်အတွင်းရှိ ငလျင်ဒဏ်ကြောင့် ပျက်စီးသွားသော သာသနိကအဆောက်အအုံများ ပြန်လည်ပြုပြင်ရန်အတွက် ယနေ့တွင် ဘုန်းတော်ကြီးကျောင်း ၁၄ ကျောင်းနှင့် သီလရှင်ကျောင်း တစ်ကျောင်းတို့အား စက်ရုံထုတ် အထူးဈေးနှုန်းဖြင့် ဘိလပ်မြေအိတ် ၁၈၀၀၊ 10mm သံချောင်း ၂ ဒသမ ၅ တန်၊ 16 mm သံချောင်းငါးတန်၊ အထပ်သားချပ် ၄၀ တို့ကို တိုက်ရိုက် ရောင်းချပေးနေမှုများအား သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများနှင့် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

■

## မြေငလျင်ဒဏ်ကြောင့် နေအိမ်များ ပြိုကျပျက်စီးခဲ့သည့် အရာရှိ၊ စစ်သည်၊ အရပ်သားဝန်ထမ်းများအား ထောက်ပံ့ငွေများ ပေးအပ်

နေပြည်တော် မေ ၇

အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်တွင် မြေငလျင်ဒဏ်ကြောင့် မိသားစုဝင်နေအိမ်များ ပြိုကျပျက်စီးခဲ့သည့် အရာရှိ၊ စစ်သည်၊ အရပ်သားဝန်ထမ်းများအား ထောက်ပံ့ငွေ ပေးအပ်ပွဲကို ယနေ့နံနက်ပိုင်းတွင် တိုင်းစစ်ဌာနချုပ် သံလွင်ခန်းမ၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ် ဇော်မင်းလတ်နှင့်အဖွဲ့ဝင်များ၊ အရာရှိ၊ စစ်သည်၊ အရပ်သားဝန်ထမ်းများ တက်ရောက်ကြသည်။



**ထောက်ပံ့ငွေများ ပေးအပ်**

ဦးစွာ တိုင်းမှူးက အမှာစကားပြောကြားသည်။ ထို့နောက် မြေငလျင်ဒဏ်ကြောင့် မိသားစုဝင်နေအိမ်များ ပြိုကျ/ပျက်စီးခဲ့သည့် အရာရှိ၊ စစ်သည်၊ အရပ်သားဝန်ထမ်းများအား တိုင်းမှူးနှင့် တာဝန်ရှိသူများက ထောက်ပံ့ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## စစ်ကိုင်းမြို့၌ ငလျင်ဘေးသင့် ပြည်သူများနှင့် ကလေးငယ်များအား စိတ်လူမှုဆိုင်ရာပံ့ပိုးခြင်း လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိ

စစ်ကိုင်း မေ ၇

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့၌ ငလျင်ဘေးသင့် ပြည်သူများနှင့် ကလေးငယ်များအား စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ ပြန်လည်ထူထောင်ပေးရန်အတွက် စိတ်လူမှုဆိုင်ရာ ပံ့ပိုးခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း စစ်ကိုင်းခရိုင်လူမှုဝန်ထမ်းဦးစီးဌာနမှ သိရသည်။

စစ်ကိုင်းမြို့နယ်တွင် မန္တလေးငလျင်ကြီးကြောင့် လူသေဆုံးခြင်း၊ ထိခိုက်ဒဏ်ရာရခြင်း၊ နေအိမ်များ ပျက်စီးပြိုလဲခြင်းတို့ ဖြစ်ပေါ်ခဲ့ရာ အဆိုပါထိခိုက်ခံစားရသည့် ပြည်သူများအား လူမှုဝန်ထမ်းဦးစီးဌာန(ရုံးချုပ်)၊ ရန်ကုန်တိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးလူမှုဝန်ထမ်းဦးစီးဌာနက စိတ်လူမှုဆိုင်ရာ ပံ့ပိုးခြင်း ဆောင်ရွက်မည့်အဖွဲ့နှစ်ဖွဲ့ဖြင့် စိတ်လူမှု ဆိုင်ရာ ပံ့ပိုးမှု လိုအပ်နေသူများအား တွေ့ဆုံအားပေးပြီး အမျိုးသမီးရှိသော အိမ်ထောင်စုများအတွက် Dignity Kit များနှင့် ကလေးငယ်များရှိသော အိမ်ထောင်စုများအတွက် Child Kit များကို ပေးအပ်ခဲ့ကြသည်။

အလားတူ ငလျင်ဘေးသင့် ကလေးငယ်များကိုလည်း ပျော်ရွှင်စေသည့် အစီအစဉ်များနှင့် Games ကစားနည်းများဖြင့် စုပေါင်းပျော်ရွှင်စွာ ကစားစေပြီး အဆိုပါစိတ်လူမှုဆိုင်ရာ ပံ့ပိုးခြင်း ဆောင်ရွက်မည့်အဖွဲ့များသည် စစ်ကိုင်းမြို့ နှစ်(၇၀၀)ပြည့်အားကစားခန်းမရှိ ငလျင်ဘေးသင့် အိမ်ထောင်စု ၂၁၁ စုနှင့် ငလျင်ဘေးကယ်ဆယ်ရေးစခန်းများရှိ ပြည်သူများနှင့် ကလေးငယ်များအား စိတ်လူမှုဆိုင်ရာပံ့ပိုးခြင်း လုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရ သည်။

နေလင်းအောင်(ပြန်/ဆက်)



## မန္တလေးတိုင်းဒေသကြီး ဆောက်လုပ်ရေးဆိုင်ရာ လုပ်ငန်းရှင်များအသင်းနှင့် EMI အဖွဲ့မှ ပညာရှင်များ ငလျင်ဘေးဒဏ်သင့် အဆောက်အအုံများကို ပူးပေါင်းစစ်ဆေး



မန္တလေး မေ ၇

မန္တလေးတိုင်းဒေသကြီး ဆောက်လုပ်ရေးဆိုင်ရာ လုပ်ငန်းရှင်များအသင်းနှင့် Engineering Ministries International ( EMI ) အဖွဲ့မှအင်ဂျင်နီယာပညာရှင်များသည် မေ ၁ ရက်မှစ၍ မန္တလေးမြို့ရှိ လူနေအိမ်အဆောက်အအုံများ၊ အများပြည်သူသုံး အဆောက်အအုံများ ကြံ့ခိုင်မှုကို ပူးပေါင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

အဆိုပါအဖွဲ့သည် မန္တလေးမြို့တွင် လူနေအိမ် နှစ်လုံး ၊ ရွှေဆိုင်နှစ်ဆိုင်၊ ဘုရားကျောင်း နှစ်ကျောင်း၊ မန္တလေးတိုင်းရင်းဆေးတက္ကသိုလ်နှင့်မန္တလေးတက္ကသိုလ် တို့ကို စစ်ဆေးခဲ့ပြီး မေ ၉ ရက်အထိ ဆက်လက်စစ်ဆေး အကြံပြုပေးသွားမည်ဖြစ်သည်။

မန္တလေးတိုင်းဒေသကြီးဆောက်လုပ်ရေးဆိုင်ရာ လုပ်ငန်းရှင်များအသင်းက ဧပြီ ၆ ရက်မှ ယနေ့အထိ နေအိမ်အဆောက်အအုံ ၃၀၀ ကျော်ကို စစ်ဆေး အကြံပြုပေးခဲ့ပြီး မေ ၉ ရက်အထိ ဆက်လက်စစ်ဆေး အကြံပြုပေးသွားမည်ဖြစ်သည်။

မန္တလေးမြို့ရှိ မိမိတို့နေအိမ်များကို ကြံ့ခိုင်မှုစစ်ဆေးရန် အကြံပြုအကူအညီလိုအပ်သော အိမ်ပိုင်ရှင်များက ဖုန်း ၀၉၂၀၄၄၁၄၂၊ ၀၉၂၀၂၇၃၃၁ တို့သို့ အကူအညီတောင်းခံလာပါက အဆောက်အအုံများကို ဆက်လက်စစ်ဆေး အကြံပြုပေးမည် ဖြစ်ကြောင်း သိရသည်။

မျိုးမင်းသူရ



## မန္တလေးငလျင်ကြောင့် ခံစားနေရသူများအား စိတ်လူမှုဆိုင်ရာပံ့ပိုးခြင်းလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

နေပြည်တော် မေ ၇

ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း မန္တလေးငလျင်သက်ရောက်မှုကြောင့် လူသေဆုံး၊ ထိခိုက်ဒဏ်ရာရရှိမှုများ၊ နေအိမ်များပြိုလဲပျက်စီးမှုများ ဖြစ်ပေါ်ခဲ့ရာ လူမှုဝန်ထမ်းဦးစီးဌာနက စိတ်လူမှုဆိုင်ရာပံ့ပိုးခြင်းလုပ်ငန်းများနှင့် ကလေးပျော်နေရာများဖန်တီးပေးခြင်း လုပ်ငန်းများကို ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိရာ မေ ၆ ရက်က နေပြည်တော် ဇမ္ဗူသီရိမြို့နယ်ရှိ စည်ပင်ဉ္ဈေ့ရိပ်သာ၌ ဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် လူမှုဝန်ထမ်းဦးစီးဌာနက ဖွဲ့စည်းထားသော ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် နေပြည်တော် လူမှုဝန်ထမ်းဦးစီးဌာနရုံးမှ ဝန်ထမ်းများနှင့် ပူးပေါင်းအဖွဲ့များက စည်ပင်ဉ္ဈေ့ရိပ်သာတွင် နေထိုင်လျက်ရှိသည့် ငလျင်ဘေးဒဏ်ခံစားခဲ့ရသည့် ပြည်သူများအား စိတ်ပိုင်း၊ ရုပ်ပိုင်းဆိုင်ရာ ပြန်လည်ထူထောင်ပေးနိုင်ရန်အတွက် စိတ်လူမှုဆိုင်ရာ ပံ့ပိုးခြင်းနှင့် ကလေးပျော်နေရာများဖန်တီးပေးခြင်းလုပ်ငန်းများကို ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အောင်ကို (ပုဗ္ဗသီရိ)

# ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဝေါမြို့နယ်အတွင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် MSMEs လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး ကွင်းဆင်းဆောင်ရွက်

ပဲခူး မေ ၇

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့်အတူ ယနေ့နံနက်ပိုင်းက ဝေါမြို့နယ်အတွင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် MSMEs လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး ကွင်းဆင်းဆောင်ရွက်ပေးသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် ဝေါမြို့နယ် ကျိုက်လှကျေးရွာအုပ်စု၌ တစ်နှစ် သုံးသီးစိုက်ဧရိယာအတွင်း နွေစပါးစံပြစိုက်ခင်း၌ သက်တမ်းတို "ရွှေရည်တိုး" စပါး မျိုးစေ့ထုတ်စိုက်ခင်း အောင်မြင် ဖြစ်ထွန်းနေမှုအား ကွင်းဆင်း ကြည့်ရှုစစ်ဆေးပြီး ဒေသခံ တောင်သူများအတွက် ပိုက်ဆံလျှော်မျိုးစေ့များ ချီးမြှင့်ပေးအပ်သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဝေါမြို့နယ် ကျိုက်လှကျေးရွာ၌ မွေးမြူရေး လုပ်ငန်းရှင် ဦးအောင်ဖြိုးလင်း၏ "ဒုံးဝင်း" အမျိုးအစား ဒေသနွားကောင်ရေ ၃၀ မွေးမြူထားရှိမှုကို ကွင်းဆင်းကြည့်ရှုအားပေးပြီး တိရစ္ဆာန်ရောဂါ ကျရောက်ကူးစက်မှုမရှိစေရေး ဆောင်ရွက်သွားရန် တာဝန်ရှိသူများနှင့် ပေါင်းစပ်ဆောင်ရွက်ပေးသည်။

**ကြည့်ရှုအားပေး**

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ဝေါမြို့နယ် ရှမ်းစုကျေးရွာ၌ မွေးမြူရေးလုပ်ငန်းရှင် ဦးအောင်စိန်၏ နို့စားနွား(ဖရစ်ရှန်)မျိုး မွေးမြူရေးခြံသို့ သွားရောက်ကြည့်ရှု အားပေးပြီး နွားနို့များကို ကုန်ကြမ်းအဖြစ် ရောင်းချခြင်းထက် မလိုင်ပြုလုပ်ခြင်း၊ နို့ဆီ/နို့စိမ်းချက်လုပ်ခြင်း၊ ဒိန်ချဉ်/ဒိန်ခဲပြုလုပ်ခြင်း စသည့် တန်ဖိုးမြှင့် ထုတ်ကုန်အဆင့်ထိ ကိုယ်တိုင်ထုတ်လုပ်ရောင်းချနိုင်ရေးနှင့် တိရစ္ဆာန်အစာအဖြစ် နေပီယာမြက်အား စိုက်ပျိုးနိုင်ရေး တာဝန်ရှိသူများနှင့် ပေါင်းစပ်ဆောင်ရွက်ပေးသည်။ ထို့နောက် ဝေါမြို့ အရှေ့ဘက်ကမ်းရပ်ကွက်၌ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် အောင်မြင်စွာလုပ်ငန်း ဆောင်ရွက်လျက်ရှိသော ဒေါ်ခင်သန်းမြင့်၏ ငါးရံ့ခြောက် အပါအဝင် ငါးခြောက်မျိုးစုံ လုပ်ငန်းသို့ သွားရောက်ကြည့်ရှုအားပေးသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ဝေါမြို့ ကျုံတူဘုရားလမ်း၌ မွေးမြူရေးလုပ်ငန်းရှင် ဦးစိုးမင်းလတ်၏ DYLမျိုးအသားတိုးဝက်မွေးမြူရေးခြံသို့ ရောက်ရှိပြီး ဒေသတွင်း အသားစားသုံးမှု ဖူလုံပိုလျှံနိုင်ရေး တိုးချဲ့မွေးမြူရန် လမ်းညွှန်မှာကြားသည်။ ယင်းနောက် ဝေါမြို့နယ် ညောင်ခါးရှည်အမြဲတမ်းစစ်ဆေးရေးစခန်း တည်ဆောက်နေမှုနှင့် ဆပ်သွားခြံတာဆုံအနီးရှိ X-Ray စစ်ဆေးရေးစခန်းများသို့ သွားရောက်ကြည့်ရှု စစ်ဆေးပြီး လိုအပ်သည်များ လမ်းညွှန်မှာကြားကာ လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**



# The Open International Biology Olympic (OIBO) 2025 ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ရန် ဒဂုံမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ မြန်မာကိုယ်စားလှယ်အဖွဲ့ ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ ထွက်ခွာ

ရန်ကုန် မေ ၇

ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဆိုချီ (Sochi)မြို့ ဖက်ဒရယ်နယ်မြေ ဆိုင်ရပ်စ်(Sirius)၌ ကျင်းပပြုလုပ်မည့် The Open International Biology Olympic (OIBO) 2025 ပြိုင်ပွဲသို့ ပါဝင်ယှဉ်ပြိုင်ရန် ဒဂုံမြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများသည် ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့မှ ရုရှားဖက်ဒရေးရှင်နိုင်ငံ ဆိုချီမြို့သို့ ထွက်ခွာသွားသည်။

ပြိုင်ပွဲကို ဆိုချီမြို့ ဖက်ဒရယ်နယ်မြေ ဆိုင်ရပ်စ်တွင် မေ ၁၀ ရက်မှ ၁၇ ရက်အထိ ခုနစ်ရက်တာ ကျင်းပမည်ဖြစ်ပြီး မြန်မာနိုင်ငံကိုယ်စားပြုအနေဖြင့် အခြေခံပညာအဆင့်တွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ ပထမဆုံးသွားရောက်ယှဉ်ပြိုင်မည့် ဒဂုံမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ အဖွဲ့ခေါင်းဆောင် ဒေါ်နှင်းဝတ်ရည် ဦးဆောင်၍ အခြေခံပညာအထက်တန်းအဆင့် ကျောင်းသား ကျောင်းသူ ခြောက်ဦး လိုက်ပါသွားကြောင်းသိရသည်။

အဆိုပါ The Open International Biology Olympic (OIBO) 2025 ပြိုင်ပွဲသည် စက်မှုလုပ်ဖော်ကိုင်ဖက်များနှင့် ပူးပေါင်းကာ နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုနှင့် အတွေ့အကြုံဖလှယ်ခြင်းတို့ကို ဖွံ့ဖြိုးတိုးတက်စေမည့် ကျောင်းသား လူငယ်များအား လက်ရှိဇီဝဗေဒနှင့် ဇီဝနည်းပညာဆိုင်ရာ ပြဿနာများကို လေ့လာရန်နှင့် ဖြေရှင်းရန်အတွက် ရည်ရွယ်သည့် နိုင်ငံတကာဇီဝဗေဒပြိုင်ပွဲတစ်ခုဖြစ်ပြီး နိုင်ငံတစ်နိုင်ငံစီကို အသင်းတစ်သင်းအဖြစ် ကိုယ်စားပြု ပါဝင်ယှဉ်ပြိုင်နိုင်ကြောင်း သိရသည်။ **သတင်းစဉ်**



☆ **ကျောဖုံးမှ**

ဘာစီလိုနာအသင်းကို အနိုင်ရပြီး နောက်ဆုံးဖိုလ်လုပွဲ တက်လှမ်းလာခြင်းမှာ ဘောလုံးရာသီသုံးရာသီအတွင်း ချန်ပီယံလိဂ်ဖိုလ်လုပွဲကို နှစ်ကြိမ်မြောက် တက်လှမ်းနိုင်ခဲ့တာဖြစ်ပါတယ်။ အင်တာမီလန်အသင်းဟာ ၁၉၆၄ ခုနှစ်၊ ၁၉၆၅ ခုနှစ်နဲ့ ၂၀၁၀ တို့မှာ ချန်ပီယံလိဂ်ဖလား သုံးကြိမ်ရရှိခဲ့ဖူးတာဖြစ်ပါတယ်။

အင်တာမီလန်အသင်းအနေနဲ့ ၂၀၂၃ ခုနှစ်က ချန်ပီယံလိဂ်ဖိုလ်လုပွဲမှာ မန်စီးတီးအသင်းကို တစ်ဂိုး-ဂိုးမရှိနဲ့ ရှုံးနိမ့်ခဲ့တာဖြစ်ပြီး အခုနှစ်ဖိုလ်လုပွဲမှာတော့ အာဆင်နယ်အသင်းနဲ့ ပီအက်စ်ဂျီအသင်းတို့ထဲက အနိုင်ရတဲ့အသင်းနဲ့ မေ ၃၁ ရက်မှာ ဘိုင်ယန်မြူးနစ်အသင်းအိမ်ကွင်း အလိုင်းရန့်အရီနာ၌ ယှဉ်ပြိုင်ကစားမှာလည်း ဖြစ်ပါတယ်။

**ငွေကြယ်**




# မုဒုံမြို့၌ မိုးစပါးစိုက်ပျိုးခြင်း တောင်သူပညာပေးကွင်းသရုပ်ပြ

မုဒုံ မေ ၇

မွန်ပြည်နယ် မုဒုံမြို့နယ်တွင် ၂၀၂၅ - ၂၀၂၆ ခုနှစ် မိုးစပါး တိုက်ရိုက်မျိုးစေ့ချကိရိယာဖြင့် စိုက်ပျိုးခြင်း တောင်သူပညာပေး ကွင်းသရုပ်ပြပွဲကို ယနေ့နံနက် ၉ နာရီက ကျောက်တလုံးကျေးရွာ ကွင်းအမှတ် (၈၂၈) ဘုရားကျောင်းကွင်း၌ ကျင်းပသည်။

ကွင်းသရုပ်ပြပွဲသို့ ခရိုင်စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးအဖွဲ့ဝင် ဦးကျော်မြင့်၊ ခရိုင်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးပြည်သိမ်းနှင့်အဖွဲ့ဝင်များက မိုးစပါးမျိုးစေ့ချကိရိယာဖြင့် လက်တွေ့စိုက်ပျိုးခြင်းကို ကြည့်ရှုအားပေးသည်။

ထို့နောက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးငြိမ်းချမ်းကျော်က တောင်သူများအား မျိုးစေ့ချကိရိယာဖြင့် စိုက်ပျိုးခြင်းသည် ကြဲခင်းစနစ်တွင် အထွက်နှုန်း တိုးတက်စေရန်အတွက် တိုက်ရိုက်မျိုးစေ့ချကိရိယာဖြင့် စနစ်တကျဆောင်ရွက်ခြင်း၊ အတန်းလိုက်စနစ်ဖြစ်ခြင်း၊ အပင်ပေါက်ညီညာခြင်း၊ အပင်ပြုစုထိန်းသိမ်းရာတွင် လွယ်ကူစေခြင်း၊ ပိုးမွှားရောဂါကာကွယ်နှိမ်နင်းရာတွင် စနစ်တကျဆောင်ရွက်နိုင်ခြင်း၊ အပင်အာဟာရနှင့် လေဝင်လေထွက်စနစ်ကောင်းမွန်ခြင်းကြောင့် တစ်ဧကအထွက်နှုန်း တိုးတက်နိုင်ရန်အတွက် ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ တာဝန်ရှိသူများက သစ်စိမ်းမြေဩဇာထည့်သွင်းခြင်း ကွင်းသရုပ်ပြပွဲသို့ ကြည့်ရှုအားပေးကာ လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။ **ရာမည(ပြန်/ဆက်)**



❂ **မြန်မာအမျိုးသမီးလိဂ်မှ**

ရွှေရည်ထွန်း၊ ယဉ်လွန်းအိမ်၊ သန်းသန်းနွယ်၊ မိုးမမစိုးတို့ဖြင့် လူစုံနီးပါး ပါဝင်ခဲ့သည်။ သစ္စာအားမာန်အသင်းအတွက် အနိုင်ဂိုးကို ၁၂ မိနစ်တွင် မြတ်နိုးခင်က သွင်းယူခဲ့သည်။ အား/ကာသိပ္ပံအသင်းသည် ချေပဂိုးရရန် တောက်လျှောက်ကြိုးပမ်းသော်လည်း သစ္စာအားမာန်နောက်ခံလူများနှင့် ဂိုးသမား သူဇာအောင်တို့ အမှားမရှိသဖြင့် ဂိုးပြန်မပေးရဘဲ အနိုင်ရလဒ်ထိန်းထားနိုင်ခဲ့ခြင်းဖြစ်သည်။

ပွဲစဉ် (၄) အပြီးတွင် ရှေ့ဝတီအသင်းနှင့် သစ္စာအားမာန်အသင်းက လေးပွဲကစား ရမှတ် ၁၀ မှတ်စီ၊ ရန်ကုန်ယူနိုက်တက်အသင်းက လေးပွဲကစား ကိုးမှတ်၊ Young Lionesses အသင်းက လေးပွဲကစား ခြောက်မှတ်၊ ရှမ်းယူနိုက်တက်အသင်းက လေးပွဲကစား လေးမှတ်၊ အား/ကာသိပ္ပံအသင်းက သုံးပွဲကစား လေးမှတ်၊ YREO အသင်းက သုံးပွဲကစား သုံးမှတ်၊ မြဝတီအသင်းနှင့် ရန်ကုန်ရှိုင်ရယ်အသင်းက သုံးပွဲကစား အမှတ်မရသေးပေ။

**သတင်း-ရှိုင်းထက်ဇော်**
**ဓာတ်ပုံ-MWL**

# ပါကစ္စတန်နိုင်ငံရှိ အကြမ်းဖက်သမားများ၏ စခန်းကိုးခုကို လေကြောင်းတိုက်ခိုက်မှုပြုလုပ်ခဲ့ကြောင်း အိန္ဒိယပြောကြား

နယူးဒေလီ မေ ၇

ပါကစ္စတန်ထိန်းချုပ်ထားသော ကက်ရှ်မီးယားဒေသတွင်တည်ရှိသည့် အကြမ်းဖက်သမားများ၏ စခန်းကိုးခုကို လေကြောင်းတိုက်ခိုက်မှု ပြုလုပ်ခဲ့ကြောင်း အိန္ဒိယအစိုးရက ယနေ့တွင်ပြောကြားသည်။

ဧပြီ ၂၂ ရက်က ဖြစ်ပွားသည့် အိန္ဒိယထိန်းချုပ်ထားသော ကက်ရှ်မီးယားဒေသရှိ ပါဟယ်လ်ဂမ်ဒေသတိုက်ခိုက်မှုတွင် စုစုပေါင်း ၂၆ ဦး သေဆုံးခဲ့ပြီး ယင်းဖြစ်ရပ်ကြောင့် နှစ်နိုင်ငံအကြား ဆက်ဆံရေး တင်းမာမှုများ မြင့်တက်လာခဲ့သည်။

အော်ပရေးရှင်းဆင်ဒိုးဟု အမည်ရသည့် ၎င်းစစ်ဆင်ရေးအတွင်း အိန္ဒိယတပ်မတော်၏ တိုက်ခိုက်မှုကြောင့် ပါကစ္စတန်ရှိ အကြမ်းဖက်သမားများ၏ အခြေခံအဆောက်အအုံများကို တိုက်ခိုက်ချေမှုန်းနိုင်ခဲ့ကြောင်း အိန္ဒိယကာကွယ်ရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်သည်။

မိမိတို့၏တိုက်ခိုက်မှုများတွင် ချိန်ဆဆောင်ရွက်ခဲ့သဖြင့် ပါကစ္စတန်တပ်မတော်ဆိုင်ရာ ပစ်မှတ်များကို ထိမှန်ခြင်းမရှိကြောင်းနှင့် အကြမ်းဖက်သမားများကိုသာ တိုက်ခိုက်ချေမှုန်းခြင်းဖြစ်ကြောင်း အိန္ဒိယတပ်မတော်၏ ထုတ်ပြန်ချက်အရ သိရသည်။



အိန္ဒိယတပ်မတော်က ပါကစ္စတန်နိုင်ငံရှိ ဒေသခြောက်ခုအား တိုက်ခိုက်ခဲ့ရာတွင် အမျိုးသမီးနှင့် ကလေးများအပါအဝင် ဒေသခံနှစ်ဆယ့်ခြောက်ဦး သေဆုံးကြောင်း ပါကစ္စတန် တပ်မတော်မီဒီယာအဖွဲ့က ပြောကြားသည်။

ပါကစ္စတန်နိုင်ငံက ထိန်းချုပ်ထားသည့် ကက်ရှ်မီးယားဒေသနှင့် ပါကစ္စတန်နိုင်ငံအရှေ့ပိုင်း ပန်ဂျပ်ပြည်နယ်ရှိ နေအိမ်များနှင့် ဘာသာရေးအဆောက်အအုံများကို အိန္ဒိယတပ်မတော်က တိုက်ခိုက်ခဲ့ကြောင်း ပါကစ္စတန်တပ်မတော် ပြည်သူ့ဆက်ဆံရေးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ရှာရစ်ချောင်ဒရီက မီဒီယာများအားပြောကြားသည်။ ဖြစ်စဉ်အတွင်း အိန္ဒိယတပ်မတော်မှ တိုက်လေယာဉ်ငါးစင်းကို ပစ်ချနိုင်ခဲ့ကြောင်း ၎င်းကပြောကြားသည်။

အိန္ဒိယတပ်မတော်က ယခုဖြစ်စဉ်အတွင်း ပါကစ္စတန်ထိန်းချုပ် ကက်ရှ်မီးယားဒေသ Muzaffarabad ခရိုင်ရှိ Neelum-Jhelum ရေအားလျှပ်စစ်စီမံကိန်း၏ Nausari ဆည်ကို ပစ်မှတ်ထားပြီး တိုက်ခိုက်ခဲ့ကြောင်းနှင့် ရေအားလျှပ်စစ်ဆိုင်ရာ အခြေခံအဆောက်အအုံကို တိုက်ခိုက်ခြင်းသည် လက်ခံနိုင်ဖွယ်မရှိကြောင်း ၎င်းက ပြောကြားသည်။

**ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - စိုးသူရ**

# အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်နှင့် ကနေဒါဝန်ကြီးချုပ် မာ့ခ်ကာနေး အခွန်ကောက်ခံမှုနှင့် အခြားအငြင်းပွားဖွယ်ရာကိစ္စရပ်များ ဆွေးနွေး

ဝါရှင်တန် မေ ၇

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်နှင့် ကနေဒါဝန်ကြီးချုပ် မာ့ခ်ကာနေးတို့သည် ယမန်နေ့က ဝါရှင်တန်၌တွေ့ဆုံပြီး အခွန်ကောက်ခံမှုများနှင့် အခြားအငြင်းပွားဖွယ်ရာကိစ္စရပ်များကို ဆွေးနွေးခဲ့ကြောင်း သိရသည်။

ကာနေးသည်အမေရိကန်နှင့်ဆက်ဆံရေးကောင်းမွန်ရန် ကြိုးပမ်းသွားမည်ဆိုသည့် ကတိကဝတ်ကြောင့် ပြည်သူများ၏ထောက်ခံမဲကိုရရှိကာ မတ်လ ရွေးကောက်ပွဲတွင် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

အမေရိကန်နှင့် ကနေဒါနှစ်နိုင်ငံ သမိုင်းကြောင်းအရ ပူးပေါင်းဆောင်ရွက်မှုသည် ပိုမိုအင်အားတောင့်တင်းစေပြီး အကျိုးတူဆောင်ရွက်ရန် အခွင့်အလမ်းများရှိကြောင်း ကနေဒါဝန်ကြီးချုပ် ကာနေးက ပြောသည်။

ဒေါ်နယ်ထရမ့်သည် ကာနေး၏ ရွေးကောက်ပွဲတွင် အနိုင်ရရှိခဲ့ခြင်းအပေါ် ချီးကျူးစကားပြောကြားသည်။

ခေါင်းဆောင်များသည် နှစ်နိုင်ငံအရေးကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသော်လည်း တင်းမာသည့် အခိုက်အတန့်များလည်း ရှိခဲ့ကြောင်း သိရသည်။

ကနေဒါသည် အမေရိကန်နိုင်ငံဖြစ်သင့်သည်ဟု ထရမ့်၏ ယခင်မှတ်ချက်များနှင့်ပတ်သက်၍ သတင်းထောက်တစ်ဦး၏မေးမြန်းချက်အပေါ် သမ္မတ ဒေါ်နယ်ထရမ့်က အဆိုပါအစီအစဉ်သည် ကနေဒါပြည်သူများအတွက် အကျိုးရှိမည်ဖြစ်ကြောင်းနှင့် ကာကွယ်ရေးနှင့်လုံခြုံရေး စိတ်ချရမှု၊ ဆေးကုသမှုနှင့် တခြားသော အကျိုးကျေးဇူးများကိုလည်း ရရှိနိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။ သို့သော် ကနေဒါနိုင်ငံသည် အမေရိကန်နိုင်ငံ မဟုတ်ပါက ကြီးမားသည့် အခွန်မြင့်တက်မှုများနှင့် ရင်ဆိုင်ရမည်ဖြစ်ကြောင်း ဒေါ်နယ်ထရမ့်က ဆက်လက်ပြောကြားသည်။

ကနေဒါနိုင်ငံသည် ရောင်းရန်မဟုတ်ကြောင်းနှင့် နှစ်နိုင်ငံအတူတကွဆောင်ရွက်ကာ အခွင့်အလမ်းများစွာကို ရရှိနိုင်မည်ဟု ယုံကြည်ပါကြောင်း ကနေဒါဝန်ကြီးချုပ် ကာနေးက ပြောသည်။

ထို့ပြင် နှစ်နိုင်ငံဆွေးနွေးပွဲများသည် ကနေဒါနိုင်ငံ၏ အချုပ်အခြာအာဏာကို လေးစားမှုအပေါ် အခြေခံရမည်ဖြစ်ကြောင်း ကာနေးက ဆက်လက်ပြောကြားသည်။

ခေါင်းဆောင်နှစ်ဦးသည် အပြန်အလှန် အခွန်ကောက်ခံမှုများနှင့် ပတ်သက်ပြီး ဆွေးနွေးညှိနှိုင်းခဲ့ကြောင်း သိရသည်။ **ကိုးကား - အင်န်အီတီချိုင်ကေ ဘာသာပြန် - အောင်ကျော်ကျော်**



# ယီမင်နိုင်ငံအပေါ် အစ္စရေး၏ လေကြောင်း တိုက်ခိုက်မှုများအား တုံ့ပြန်မည်ဟု ဟူသီအဖွဲ့ပြောကြား

ဆာနာ မေ ၇

ယီမင်နိုင်ငံအပေါ် အစ္စရေး၏ လေကြောင်းတိုက်ခိုက်မှုများအား တုံ့ပြန်မည်ဟု ဟူသီအဖွဲ့က ယမန်နေ့တွင် ပြောကြားသည်။

၎င်းတိုက်ခိုက်မှုအတွင်း ခုနစ်ဦးသေဆုံးပြီး ၈၇ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

အစ္စရေး၏လေကြောင်းမှ တိုက်ခိုက်မှုများကြောင့် ဆာနာလေဆိပ်ရှိ လေယာဉ်ခရီးစဉ်များကို ဖျက်သိမ်းခဲ့ရကြောင်း ဆာနာလေဆိပ်တာဝန်ရှိသူ ခါလစ်အယ်လ်ရှုပ်က ပြောကြားသည်။ ၎င်းတိုက်ခိုက်မှုအတွင်း လေယာဉ်ပြေးလမ်း၊ လေကြောင်းထိန်းမျှော်စင်၊ ရေဒါများနှင့် အဆောက်အအုံများ ထိခိုက်ခဲ့ပြီး ပျက်စီးဆုံးရှုံးမှုတန်ဖိုးမှာ ကန်ဒေါ်လာ သန်း ၅၀၀ ရှိကြောင်းနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် အချိန်ကြာမြင့်မည်ဟု ၎င်းက ပြောကြားသည်။

ယီမင်နိုင်ငံအား အစ္စရေးတို့၏ ယမန်နေ့က တိုက်ခိုက်မှုသည် မေ ၄ ရက်က တဲအဗစ်မြို့ရှိ ဗန်ဂူရီယန်လေဆိပ်ကို ဟူသီအဖွဲ့၏တိုက်ခိုက်မှုအပေါ် တုံ့ပြန်ခြင်းဖြစ်သည်ဟု အစ္စရေးမီဒီယာများက သတင်းဖော်ပြသည်။ ဟူသီအဖွဲ့သည် ၂၀၂၃ ခုနှစ် နိုဝင်ဘာလမှစတင်၍ ဂါဇာဒေသခံများနှင့် တစ်သားတည်းရပ်တည်ကြောင်း ပြသသည့်အနေဖြင့် အစ္စရေးအား တိုက်ခိုက်ခဲ့သည်။ **ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - စိုးသူရ**

# အမေရိကန်နှင့် တရုတ်နှစ်နိုင်ငံ ကုန်သွယ်ရေးဆွေးနွေးပွဲကို ဆွစ်ဇာလန်နိုင်ငံ၌ ပြုလုပ်မည်

ပေကျင်း မေ ၇

အမေရိကန်နှင့် တရုတ်နှစ်နိုင်ငံ ကုန်သွယ်ရေးဆွေးနွေးပွဲကို ဆွစ်ဇာလန်နိုင်ငံ၌ မေ ၁၀ ရက်နှင့် ၁၁ ရက်တို့တွင် ပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။

အမေရိကန်နှင့် အခွန်အကောက်ဆိုင်ရာဆွေးနွေးပွဲများ မပြုလုပ်မီ အမေရိကန်၏ အခွန်ကောက်ခံမှုအပေါ် ဆန့်ကျင်နေသည့် ပေကျင်း၏ ရပ်တည်ချက်မှာ ပြောင်းလဲမည်မဟုတ်ကြောင်း တရုတ်နိုင်ငံခြားရေး ဝန်ကြီးဌာနက ယနေ့ ပြောကြားသည်။

အမေရိကန် ဘဏ္ဍာရေးဝန်ကြီး စကော့ဘက်စ်ဆန့်၊ အမေရိကန်ကုန်သွယ်ရေးကိုယ်စားလှယ် ဂျက်မီဆန်ဂရီးယားနှင့် တရုတ်နိုင်ငံမှ ဒုတိယဝန်ကြီးချုပ် ဟီလီဖန်းတို့ ပါဝင်ဆွေးနွေးမည်ဖြစ်သည်။

အမေရိကန်သည် စေ့စပ်ညှိနှိုင်းရေး ဆောင်ရွက်ရန် တောင်းဆိုလျက်ရှိပြီး လာမည့်ဆွေးနွေးပွဲကို ဝါရှင်တန်၏ တောင်းဆိုချက်အရ ကျင်းပမည်ဖြစ်ကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ လင်ကျန်းက မေ ၇ ရက်တွင် ပြောကြားသည်။

အကောက်ခွန်ပဋိပက္ခကို အမေရိကန်က စတင်ခဲ့ခြင်းဖြစ်ပြီး အမေရိကန်အနေဖြင့် ကုန်သွယ်ရေးပြဿနာကို ဆွေးနွေးညှိနှိုင်းမှုများဖြင့် ဖြေရှင်းလိုပါက ခြိမ်းခြောက်ခြင်းနှင့် ဖိအားပေးခြင်းများကို ရပ်တန့်သင့်ကြောင်း လင်ကျန်းက ဆက်လက်ပြောကြားသည်။ တန်းတူညီမျှရေး၊ အပြန်အလှန် လေးစားမှုနှင့် အကျိုးရှိစေမည့် အခြေခံမူများအပေါ် အခြေခံ၍ အမေရိကန်က ဆွေးနွေးသင့်ကြောင်းလည်း ၎င်းကပြောသည်။

လက်ရှိဖြစ်ပေါ်နေသော အခွန်အကောက်ဆိုင်ရာ ပဋိပက္ခတွင် အမေရိကန်နှင့် တရုတ်တို့သည် အပြန်အလှန် စည်းကြပ်ခွန် ၁၀၀ ရာခိုင်နှုန်းကျော် ထပ်မံကောက်ခံလျက်ရှိသည်။

**ကိုးကား - အင်န်အီတီချိုင်ကေ ဘာသာပြန် - အောင်ကျော်ကျော်**

# တူရကီယဲနိုင်ငံ၌ ရေနံနှင့် သဘာဝဓာတ်ငွေ့ထုတ်လုပ်သည့် လုပ်ငန်းများ မြှင့်တင်ဆောင်ရွက်

အန်ကာရာ မေ ၇

တူရကီယဲနိုင်ငံသည်စွမ်းအင်ဖူလုံရေးနှင့် ပြည်ပမှ စွမ်းအင်တင်သွင်းနေရခြင်းကို လျှော့ချရန်အတွက် ပြည်တွင်း ရေနံနှင့် သဘာဝဓာတ်ငွေ့ထုတ်လုပ်သည့်လုပ်ငန်းများကို မြှင့်တင်ဆောင်ရွက်မည်ဟု သိရသည်။

နိုင်ငံအတွင်းမတ်လကုန်အထိ တစ်နေ့လျှင် ရေနံစည် ၁၃၅၀၀၀ ကို ထုတ်လုပ်ခဲ့ပြီး ပင်လယ်နက်အတွင်း သဘာဝဓာတ်ငွေ့အများအပြား ထုတ်လုပ်နေခြင်းကလည်း တူရကီယဲနိုင်ငံအား ဒေသတွင်းစွမ်းအင်ဆိုင်ရာ ဗဟိုချက်ဖြစ်လာစေမည်ဖြစ်ကြောင်း တူရကီယဲသမ္မတအာဒိုဂန်က ပြောကြားသည်။

ပြည်တွင်းစွမ်းအင်ဖူလုံမှုမှ ကမ္ဘာလုံးဆိုင်ရာဈေးကွက်အထိ ရောက်ရှိရေး ကြိုးပမ်းဆောင်ရွက်နေသည်ဟု ၎င်းက ပြောကြားသည်။

လက်ရှိအချိန်တွင် ပင်လယ်နက်အတွင်းရှိဆာကာရာ သဘာဝဓာတ်ငွေ့လုပ်ကွက်မှ တစ်နေ့လျှင် သဘာဝဓာတ်ငွေ့ ကုဗမီတာ ၇ ဒသမ ၅ သန်းကို ထုတ်လုပ်နေပြီး ၂၀၂၈ ခုနှစ်တွင် ကုဗမီတာ သန်း ၄၀ အထိ တိုးမြှင့်ထုတ်လုပ်နိုင်ရေးဆောင်ရွက်နေသည်ဟု သိရသည်။

တူရကီယဲနိုင်ငံသည် ၎င်း၏ ပြည်တွင်းသယံဇာတများ တည်ရှိနေမှုတွင် ပြည်ပမှ ပူးပေါင်းဆောင်ရွက်မှုအကူအညီများ ဖြည့်စွက်ကာ ပြည်ပမှ စွမ်းအင်တင်သွင်းမှုလျှော့ချရေး ဆောင်ရွက်နေကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

**ကိုးကား - ဆင်ဟွာ ဘာသာပြန် - စိုးသူရ**


# ကန့်ဘလူမြို့နယ် သင်ပေါင်းကျင်းကျေးရွာကို PDF အမည်ခံအကြမ်းဖက်သမားများက Drop Bomb များ ပစ်ချတိုက်ခိုက်မှုကြောင့် ဒေသခံပြည်သူများ သေဆုံး/ဒဏ်ရာများရရှိ

**နေပြည်တော် မေ ၇**

စစ်ကိုင်းတိုင်း ဒေသကြီး ကန့်ဘလူမြို့နယ် သင်ပေါင်းကျင်းကျေးရွာကို PDF အမည်ခံ အကြမ်းဖက်သမားများက မေ ၆ ရက် နံနက်ပိုင်းတွင် Drop Bomb များဖြင့် ပစ်ချတိုက်ခိုက်ခဲ့သဖြင့် အပြစ်မဲ့ပြည်သူများ သေဆုံး၊ ဒဏ်ရာများ ရရှိခဲ့ကြောင်း သိရှိရသည်။

ဖြစ်စဉ်မှာ မေ ၆ ရက် နံနက် ၁၀ နာရီ ၄၅ မိနစ်ခန့်တွင် ကန့်ဘလူမြို့နယ် သင်ပေါင်းကျင်းကျေးရွာအား PDF အမည်ခံအကြမ်းဖက်သမားများက ကျေးရွာ၏ တောင်ဘက် မီတာ ၈၀၀ ခန့် အမြင့်မှနေ၍ Drone ဖြင့် Drop Bomb များ လာရောက်ပစ်ချတိုက်ခိုက်ခဲ့ရာ ဗုံးသီးများ ကျရောက်ပေါက်ကွဲမှုကြောင့် အေးချမ်းစွာနေထိုင်လုပ်ကိုင်နေကြသည့် အပြစ်မဲ့ပြည်သူ အမျိုးသား တစ်ဦး သေဆုံးခဲ့ပြီး အမျိုးသား တစ်ဦး ထိခိုက်ဒဏ်ရာ ရရှိခဲ့သည်။

PDF အမည်ခံ အကြမ်းဖက်သမားများ၏ ယခုကဲ့သို့ အေးချမ်းစွာနေထိုင်နေကြသော ဒေသခံပြည်သူများ နေထိုင်ရာကျေးရွာများအတွင်းသို့ Drop Bomb များဖြင့် ပစ်ချတိုက်ခိုက်ခဲ့သည့်လုပ်ရပ်များအပေါ် ဒေသခံပြည်သူများက ရွံ့ရှာစက်ဆုပ် မုန်းတီးလျက်ရှိကြောင်းနှင့် ၎င်းတို့၏အကြမ်းဖက်လုပ်ရပ်များကို လုံးဝလက်ခံနိုင်ခြင်းမရှိသည့်အတွက် တပ်မတော်၏ အကြမ်းဖက်ချေမှုန်းရေးစစ်ဆင်မှုတွင် အားတတ်သရော ပူးပေါင်းပါဝင် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**




PDF အမည်ခံအကြမ်းဖက်သမားများက ကန့်ဘလူမြို့နယ် သင်ပေါင်းကျင်းကျေးရွာအတွင်းသို့ Drop Bomb များဖြင့် တိုက်ခိုက်ခဲ့သည့် ဖြစ်စဉ်ပြမြေပုံ။

# အမျိုးသမီးများကို တရုတ်ဇနီးမယားအဖြစ် ပို့ဆောင်ရောင်းစားရန် စီစဉ်ဆောင်ရွက်ခဲ့သူများအား လူကုန်ကူးမှုဖြင့် အလုပ်နှင့်ထောင်ဒဏ်ချမှတ်

**နေပြည်တော် မေ ၇**

အမျိုးသမီးများကို တရုတ်ဇနီးမယားအဖြစ် ပို့ဆောင်ရောင်းစားရန် စီစဉ်ဆောင်ရွက်ခဲ့သူများအား လူကုန်ကူးမှုဖြင့် အလုပ်နှင့် ထောင်ဒဏ် ၁၀ နှစ်စီ ချမှတ်ခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

**တရားစွဲတင်ခဲ့**

ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ် ဗိုလ်ရန်ပြေရပ်ကွက် ဗိုလ်ရန်ပြေ(၆)လမ်းနေ မသီတာအောင်၊ အောင်ဇော်ဦး(ခ)ဟာမီဒူဘာ (လိပ်စာတူ)နေသူနှင့် ဟူနန်မြို့ တရုတ်နိုင်ငံနေ Mr. LUO FU CAI တို့က ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ်နေ မ---၊ ၁၃/၂၀၂၅ နှစ်နှင့် ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ်နေ မ---၊ ၁၆/၂၀၂၅ တို့ကို တရုတ်အမျိုးသားနှင့် လက်ထပ်ပါက ရွှေဆွဲကြိုး၊ ရွှေလက်စွပ်၊ ရွှေနားကပ် ဆင်ပေးမည့်အပြင် ငွေဖြင့်လည်း တင်တောင်းမည်ဟု ပြောဆိုစည်းရုံးပြီး ရရှိသော ငွေကြေးများအား ခေါင်းပုံဖြတ်ရယူရန် စီစဉ်ဆောင်ရွက်ခဲ့သဖြင့် ဒလမြို့မရဲစခန်း(ပ)၂၀/၂၀၂၅၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ဥပဒေပုဒ်မ ၃၅/၄၄ ဖြင့် အမှုရေးဖွင့် တရားစွဲတင်ခဲ့သည်။

အဆိုပါ အမှုအား တွံတေးခရိုင်တရားရုံးမှ မေ ၅ ရက်တွင် တရားခံ မသီတာအောင်၊ အောင်ဇော်ဦးနှင့် Mr. LUO FU CAI တို့ သုံးဦးအား လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ဥပဒေပုဒ်မ ၃၅/ ၄၄ အရ အလုပ်နှင့် ထောင်ဒဏ် ၁၀ နှစ်စီ ကျခံစေရန် အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# နေပြည်တော်၊ ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ တရားမဝင်သစ်များ ဖမ်းဆီးရမိ

**နေပြည်တော် မေ ၇**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန၊ သစ်တောဦးစီးဌာနသည် တရားမဝင်သစ်နှင့် သစ်တောထွက်ပစ္စည်းများ ရှာဖွေဖော်ထုတ်ဖမ်းဆီးရေးအား ပြည်သူပူးပေါင်းပါဝင်မှုဖြင့် လူထုအခြေပြုစောင့်ကြပ်ကြည့်ရှုသတင်းပို့စနစ် (Community Monitoring and Reporting System– CMRS) အပါအဝင် နည်းလမ်းမျိုးစုံဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ဧပြီ ၂၈ ရက်မှ မေ ၄ ရက်အထိ နေပြည်တော်၊ ပြည်နယ်နှင့် တိုင်းဒေသကြီး သစ်တောဦးစီးဌာနများမှ ပေးပို့လာသော စာရင်းများအရ တရားမဝင် ကျွန်း ၅ ဒသမ ၈၀၇၈ တန်၊ သစ်မာ ၂ ဒသမ ၈၇၀၀ တန်၊ အခြား ၅၀ ဒသမ ၄၅၁၄ တန် စုစုပေါင်း ၅၉ ဒသမ ၁၃၁၂ တန်၊ ယာဉ်/ ယန္တရား သုံးစီး၊ ပြစ်မှုကျူးလွန်သူ ၁၂ ဦးအား ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံ သစ်တောဦးစီးဌာနမှ သိရသည်။ **သတင်းစဉ်**



❖ **MNL ယူ–၂၁ မှ**

ပဒုမ္မာကွင်း၌ကျင်းပသည့်ပွဲတွင် လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်အသင်းက အား/ကာ သိပ္ပံအသင်းကို တစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ ရှမ်းယူနိုက်တက်အသင်းသည် ဒုတိယပိုင်းအစတွင် သွင်းယူသည့် တစ်လုံးတည်းသောဂိုးဖြင့် နှစ်ပွဲဆက် အနိုင်ယူခဲ့ခြင်းဖြစ်သည်။ ရှမ်းယူနိုက်တက်အသင်းအတွက် အနိုင်ဂိုးကို ၄၇ မိနစ်တွင် ချစ်ထူးနိုင်က သွင်းယူခဲ့သည်။ ယခုပွဲအတွက် အကောင်းဆုံးဆုကို ရှမ်းယူနိုက်တက်ဂိုးသမား ဇင်လင်းထက်က ရရှိသည်။

YUSC ကွင်း၌ ကျင်းပသည့်ပွဲတွင် ရန်ကုန်ယူနိုက်တက်အသင်းက Falcon အသင်းကို နှစ်ဂိုး–တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ ရန်ကုန်ယူနိုက်တက်အသင်းသည် နှစ်ပွဲဆက်အနိုင်ရလဒ်နှင့်အတူ ထိပ်ဆုံးတွင် ဂိုးကွာခြားချက်အသာဖြင့် ဆက်လက်ဦးဆောင်နေသည်။ ရန်ကုန်ယူနိုက်တက်အသင်းအတွက် ဂိုးများကို ရှစ်မိနစ်တွင် ခွန်းချိုထူး၊ ၁၈ မိနစ်တွင် ကောင်းခန့်ကျော်တို့က သွင်းယူပြီး ၆၂ မိနစ်တွင် ရန်ကုန်ယူနိုက်တက်အသင်းမှ ရဲဝင်းအောင်ကိုယ့်ဂိုးကိုယ်သွင်းမိသဖြင့် Falcon အသင်း ချေပဂိုးတစ်ဂိုး ပြန်ရခဲ့သည်။ ယခုပွဲအတွက် အကောင်းဆုံးဆုကို ရန်ကုန်ယူနိုက်တက်အသင်းမှ ခွန်းချိုထူးက ရရှိသည်။ တောင်ဒဂုံကွင်း၌ကျင်းပသည့်ပွဲတွင် ရာမညယူနိုက်တက်အသင်းက သစ္စာအားမာန်အသင်းကို နှစ်ဂိုး–တစ်ဂိုးဖြင့် အနိုင်ရပြီး ပထမဆုံးနိုင်ပွဲရရှိသည်။ လေးမိနစ်တွင် စောမင်းခန့်နိုင်က သစ္စာအားမာန်အသင်းအတွက် ဦးဆောင်ဂိုးသွင်းယူသော်လည်း ရာမညယူနိုက်တက်အသင်းအတွက် ၂၄ မိနစ်တွင် စိုးမောင်မောင်က ချေပဂိုးနှင့် ၈၂ မိနစ်တွင် ဥက္ကာဟိန်းသန့်က အနိုင်ဂိုးသွင်းယူခဲ့သည်။ ယခုပွဲအတွက် အကောင်းဆုံးဆုကို ရာမညယူနိုက်တက်အသင်းမှ စိုးမောင်မောင်က ရရှိသည်။

ပွဲစဉ် (၂) တတိယနေ့ကို မေ ၈ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး ပဒုမ္မာကွင်း၌ ဒဂုံစတားယူနိုက်တက်အသင်းနှင့် Junior Lions အသင်း၊ ဗဟန်းမြက်ခင်းတုကွင်း၌ ရတနာပုံအသင်းနှင့် မဟာယူနိုက်တက်၊ တောင်ဒဂုံကွင်း၌ ရခိုင်ယူနိုက်တက်အသင်းနှင့် Dagon Port အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**သတင်း–ကိုညီလေး၊ ဓာတ်ပုံ–MNL**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

**၈–၅–၂၀၂၅ ကြာသပတေးနေ့**

### MRTV HD

| | |
|---|---|
| ၀၆:၀၀ | အန္တရာယ်ကင်းပရိတ်တရားတော် (မေတ္တသုတ်၊ ရတနသုတ်၊ ဓောဇဂ္ဂဲသုတ်) |
| ၀၇:၀၀ | နံနက်ခင်းသတင်း |
| ၀၈:၄၀ | တစ်မူထူးခြားသစ်သားနှင့် Resin ပေါင်းစပ်မှု အလှတရား |
| ၀၉:၁၀ | NRC အစီအစဉ် |
| ၀၉:၂၅ | ကမ္ဘာကြက်ခြေနီနေ့ဂုဏ်ပြုတေး |
| ၁၀:၄၀ | မြန်မာ့ရိုးရာသနပ်ခါး |
| ၁၀:၀၀ | သတင်းထဲကသတင်း |
| ၁၁:၄၀ | NEXT LEVEL |
| ၁၂:၃၅ | နိုင်ငံခြားဇာတ်လမ်းတွဲ **'လေနှင်ရာခရီး'** (အပိုင်း– ၂၄) |
| ၁၃:၃၀ | MRTV National News |
| ၁၄:၀၀ | နိုင်ငံခြားဇာတ်လမ်းတွဲ (တရုတ်) **'လူစွမ်းကောင်းများခေတ်'** (အပိုင်း–၁၆) |
| ၁၅:၂၀ | မြန်မာစာလုံးပေါင်းသက်ပုံဝေါဟာရ အသုံးအနှုန်းစကားဝိုင်းဆွေးနွေးပွဲ(အပိုင်း–၂) |
| ၁၆:၄၀ | Soccer View |
| ၁၇:၁၀ | လူမှုစီးပွားသတင်းများ |
| ၁၇:၃၀ | ကမ္ဘာ့ကြက်ခြေနီနေ့အထိမ်းအမှတ် ဂုဏ်ပြုအစီအစဉ် **"ဗိုင်းပင်းကူညီကြက်ခြေနီ"** |
| ၁၈:၃၅ | ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး မစ္စတာ အစ္စကန်ဒါ အဇီဇော့ဗ် နှင့်တွေ့ဆုံမေးမြန်းခန်း(အပိုင်း–၁) |
| ၁၉:၁၀ | မြန်မာဇာတ်လမ်းတွဲ **'ငေါင်'** (အပိုင်း–၃) |
| ၂၀:၀၀ | ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ |
| ၂၁:၀၀ | ပြည်ချစ်သားမွန်တေးသဝဏ် |
| ၂၁:၁၅ | ဆုတောင်းမေတ္တာတေးကမ္ဘာ |
| ၂၁:၃၀ | နိုင်ငံခြားဇာတ်လမ်းတွဲ **'လူစွမ်းကောင်းများခေတ်'** (အပိုင်း–၁၇) |
| ၂၂:၁၅ | ရုပ်မြင်သံကြားဇာတ်လမ်း |

### mitv

| | |
|---|---|
| 07:01 | Evergreen Classic: Ma Lay Lat Khat Than |
| 07:08 | Sri Ksetra, Field of Fortune & Glory (Part-3) |
| 07:34 | Topical Science Topics: Beauty of Marine Life |
| 08:01 | News |
| 08:26 | Asia Updates; Kirikane Artisan |
| 08:34 | Family of Toys |
| 08:54 | Myanmar Traditional Snacks: Popped Rice Ball |
| 09:01 | Myanmar's Traditional Ceramics |
| 09:22 | Life of A Farmer |
| 09:49 | Skilled Performance of Traditional Myanmar Colored Glass Ball(Ep-6) |
| 10:01 | News |
| 10:27 | Myanmar Athelete Nyein Chan |

### Me

| | |
|---|---|
| ၀၆:၀၀ | အဖွင့်၊ ဓမ္မပူဇာတေးသီချင်းများ |
| ၀၆:၂၀ | တိုင်းရင်းသားသီချင်း၊ အက (မွန်) |
| ၀၆:၅၅ | မြန်မာသံစဉ်တေးများ |
| ၀၇:၂၀ | နိုင်ငံခြားဇာတ်လမ်းတွဲ **'တောက်ပသောနေ့ရက်များဆီသို့'** (အပိုင်း–၁၀) |
| ၀၈:၀၅ | စတီရီယိုတေးများ |
| ၀၈:၂၅ | ဆိုကရေးတီးဆုရ(ဒိုးပတ်အတီးပြိုင်ပွဲ၊ တစ်ဦးချင်းအကပြိုင်ပွဲ၊ ကချေသွတ်ယိမ်းအဖွဲ့) |
| ၀၉:၁၅ | ကာတွန်း 'တိရစ္ဆာန်မြို့တော်၏ဇာတ်လမ်း' (အပိုင်း– ၂၆) (ဇာတ်သိမ်းပိုင်း) |
| ၀၉:၂၅ | စတီရီယိုတေးများ |
| ၀၉:၅၀ | မြန်မာရုပ်ရှင် 'ဖြူမည်း' **'ပိန်းကလေးရှင်ရဲ့ဆန္ဒ'** (ညွှန့်ဝင်း၊ ဝါဝါဝင်းရွှေ ဆွေဇင်ထိုက်၊ မေဝင်းမောင်) (ဒါရိုက်တာ–အောင်မြင့်မြတ်) |

### MRTV NRC

| | |
|---|---|
| **ကယား (၀၆:၀၀ မှ ၀၈:၀၀)** | ရှုမြင်စေချင်ကော်ယော်(မိုန)တို့ရဲ့ဓလေ့အသွင် |
| **ဝကောကရင် (၀၈:၀၀ မှ ၀၉:၀၀)** | အရိုးပွရောဂါအကြောင်းသိကောင်းစရာ |
| **အနောက်ပိုးကရင် (၀၉:၀၀ မှ ၁၀:၀၀)** | ကရင်ငါးဆုပ်ဆန်လှော်ဟင်းနှင့်ဆန်လှော်ကြော် |
| **အရှေ့ပိုးကရင် (၁၀:၀၀ မှ ၁၁:၀၀)** | ရတနာအလားကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ်များ(Petra) |
| **ချင်း (လိုင်ဇိုး) (၁၁:၀၀ မှ ၁၂:၀၀)** | နွေးထွေးသည့်လုမ်ဘန်းရွာသို့အလည်တစ်ခေါက် (အပိုင်း–၂) |
| **ချင်း (ချိုး) (၁၂:၀၀ မှ ၁၃:၀၀)** | ချင်း(ချိုး)ဘာသာစကားပြောကြရအောင်(အပိုင်း–၉) |
| **မွန် (၁၃:၀၀ မှ ၁၅:၀၀)** | မြေထည်အိုးပြုလုပ်ပုံအဆင့်ဆင့် |
| **ရခိုင် (၁၅:၀၀ မှ ၁၇:၀၀)** | ကျောက်ရိုးတော်မာတ်စေတီ |
| **ရှမ်း (၁၇:၀၀ မှ ၁၉:၀၀)** | ကျန်းမာရေးနဲ့ညီညွတ်အောင် ကိုယ်အလေးချိန်လျှော့ချနည်း |
| **ဝ (၁၉:၀၀ မှ ၂၁:၀၀)** | 'ဝ'ညီနောင်တို့ရဲ့သီးခြားကမ္ဘာလေးဆီသို့(အပိုင်း–၂) |
| **ကချင် (၂၁:၀၀ မှ ၂၃:၀၀)** | ကြက်ဆန်လှော် |

### MRTV NEWS

| | |
|---|---|
| ၀၆:၀၀ | အဖွင့်၊ တေးသီချင်း |
| ၀၆:၀၅ | လှုပ်လှုပ်ရှားရှားအားကစား |
| ၀၆:၄၀ | အားကစားသတင်း |
| ၀၈:၃၀ | နိုင်ငံတကာသတင်း(LIVE) |
| ၀၉:၀၀ | ပြည်တွင်းသတင်း(LIVE) |
| ၀၉:၃၀ | နိုင်ငံတကာသတင်း(LIVE) |
| ၁၁:၀၀ | ပြည်တွင်းသတင်း(LIVE) |
| ၁၂:၃၀ | နိုင်ငံတကာသတင်း(LIVE) |
| ၁၃:၃၀ | နိုင်ငံတကာသတင်း(LIVE) |
| ၁၄:၀၀ | MRTV National News |
| ၁၅:၀၀ | ပြည်တွင်းသတင်း(LIVE) |
| ၁၆:၀၀ | သတင်းမှန်ကဏ္ဍ(LIVE) |
| ၁၇:၃၀ | နိုင်ငံတကာသတင်း(LIVE) |

### MRTV PARLIAMENT

| | |
|---|---|
| ၀၉:၀၀ | အဖွင့်၊ အလံ |
| ၀၉:၁၅ | ပြည်သူ့စစ်မှုထမ်းဥပဒေကျင့်သုံးနေသောနိုင်ငံများအကြောင်းသိကောင်းစရာများ **'အစ္စရေးနိုင်ငံ'** |
| ၀၉:၃၀ | ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို **'အရိပ်တကြည့်ကြည့်'** |
| ၁၀:၀၀ | ပြည်သူ့စစ်မှုထမ်းဥပဒေကျင့်သုံးနေသောနိုင်ငံများအကြောင်းသိကောင်းစရာများ **'ဆွစ်ဇာလန်နိုင်ငံ'** |
| ၁၁:၀၀ | နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း **'ကိုရီးယားနိုင်ငံ'** (အပိုင်း–၁) |
| ၁၁:၃၀ | ရှေ့သို့ချီမည်ပန်းတိုင်ဆီ (အပိုင်း–၅၃) |

### MRTV FARMERS' HD

| | |
|---|---|
| ၀၆:၀၀ | အဖွင့်၊ နိုင်ငံတော်သီချင်း |
| ၀၆:၀၅ | အနာဂတ်၏ဖွံ့ဖြိုးမြန်မာစိုက်မွေးပညာ သင်ယူပါ လူငယ့်ဘဝတစ်သက်တာ |
| ၀၇:၀၀ | တောင်သူလယ်သမားရေးရာသတင်းနှင့် မိုးလေဝသ |
| ၁၈:၂၀ | A visit to Wambugu Apples farmer in Kilimambogo |
| ၁၉:၁၅ | The seeds we sow |
| ၂၀:၀၀ | တောင့်ထားနော်(ဇာတ်လမ်း) |
| ၂၂:၀၀ | Past Live (နိုင်ငံခြားဇာတ်လမ်း) |

### MRTV SPORTS HD

| | |
|---|---|
| ၀၆:၀၀ | အဖွင့် |
| ၀၆:၂၀ | လူငယ်တို့အတွက်လမ်းပြကြယ် |
| ၀၆:၄၅ | Sports Diary |
| ၀၇:၄၀ | Weekly Soccer Preview |
| ၁၂:၀၀ | FIFA MFF U-19 Youth League (Replay) Generations Vs YRG |
| ၁၇:၀၀ | အားကစားသတင်း |

Scan Here

MRTV MRTV MRTV Radio MRTV Radio

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း ထုတ်လွှင့်ပြသလျက်ရှိပါသည်။

# သတင်းပေးတိုင်ကြားမှုများကြောင့် တရားမဝင်ကုန်စည်များနှင့် အဆိုပါကုန်စည်များ တင်ဆောင်လာသည့် ရေယာဉ်၊ မော်တော်ယာဉ်များနှင့် ငါးဖမ်းစက်လှေများ သိမ်းဆည်းရမိ

**နေပြည်တော်  မေ ၇**

တရားမဝင် ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် နေပြည်တော်ကောင်စီနယ်မြေအပါအဝင် တိုင်းဒေသကြီး၊ ပြည်နယ်များတွင် တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့များကို ဖွဲ့စည်း၍လည်းကောင်း၊ အကောက်ခွန်ဦးစီးဌာနက ဦးဆောင်သည့် One Stop Service ဌာနဆိုင်ရာအဖွဲ့များ ဖွဲ့စည်း၍လည်းကောင်း၊ နယ်စပ်ဝင်/ထွက်ဂိတ်များ၊ နယ်စပ်ကုန်သွယ်ရေးရုံးနှင့် စခန်းများ၊ အမြဲတမ်းစစ်ဆေးရေးစခန်းများ၊ ကုန်သွယ်မှု လမ်းကြောင်းတစ်လျှောက်နှင့် ကုန်ပစ္စည်းသိုလှောင်ရုံများ၊ အပြည်ပြည်ဆိုင်ရာ ဆိပ်ကမ်းများနှင့် လေဆိပ်များ၊ ကမ်းရိုးတန်းဆိပ်ကမ်းများတွင် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးလုပ်ငန်းများကို ထိရောက်စွာ ဆောင်ရွက်လျက်ရှိရာ သတင်းအချက်အလက်ရရှိမှုသည် အလွန်အရေးပါလျက်ရှိကြောင်း သိရသည်။

တာဝန်သိ ပြည်သူများ၏ သတင်းပေး တိုင်ကြားမှုများကြောင့် ဧပြီလအတွင်း သတင်းရရှိမှု ၁၀၁ ကြိမ်ရှိခဲ့ပြီး သတင်းမှား ငါးကြိမ်၊ နောက်ကျသတင်း လေးကြိမ်နှင့် သိမ်းဆည်းရမိမှု ၉၂ ကြိမ်ဖြစ်သည်။ သတင်းရရှိမှုကြောင့် သိမ်းဆည်းရမိအမှုတွဲ ၂၀၇ မှု ဖွင့်လှစ်ထားပြီး သိမ်းဆည်းရမိမှုများတွင် သစ်မျိုးစုံ၊ စက်သုံးဆီများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများနှင့် စားသောက်ကုန်ပစ္စည်းများဖြစ်သော ကုန်ပစ္စည်း ၆၅ မျိုးအပါအဝင် သိမ်းဆည်းရမိမှုခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၅၉၂ ဒသမ ၈၅၄ သန်းနှင့် တရားမဝင် ကုန်စည်များတင်ဆောင်လာသည့် ရေယာဉ်၊ မော်တော်ယာဉ်များ၊ ငါးဖမ်းစက်လှေများ အပါအဝင် လိုင်စင်မဲ့ယာဉ်များနှင့် လိုင်စင်မဲ့ဆိုင်ကယ်များ သိမ်းဆည်းရမိခဲ့သည်။

ဧပြီလအတွင်း သတင်းပေး တိုင်ကြားခဲ့သည့် တာဝန်သိပြည်သူများကိုလည်း သိမ်းဆည်းရမိမှု ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၅၉၂ ဒသမ ၈၅၄ သန်း၏ ၂၀ ရာခိုင်နှုန်းဖြစ်သော ငွေကျပ် ၂၁၁၈ ဒသမ ၅၇၀ သန်းကို သတင်းပေးဆုကြေးငွေအဖြစ် ချီးမြှင့်ပေးသွားမည်ဖြစ်ပြီး သက်ဆိုင်ရာ ဌာနများမှ မြန်မြန်ဆန်ဆန် ဆုချီးမြှင့်နိုင်ရေး ဆောင်ရွက်ပေးလျက်ရှိသည်။



ဧပြီလအတွင်း သိမ်းဆည်းရမိမှု။

ထို့ကြောင့်တာဝန်သိပြည်သူများ အနေဖြင့် တရားမဝင်ကုန်သွယ်မှုသတင်းများနှင့် ပတ်သက်၍ လက်ကိုင်ဖုန်း-၀၉၄၀၄၃၃၉၉၆၉၊ အော်တိုတယ်လီဖုန်း နံပါတ်-၀၆၇-၄၀၉၈၈၃ နှင့် အီးမေးလ် antiillegaltradeinfo@gmail.com သို့ သတင်းပေးပို့တိုင်ကြားနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

# တရားမဝင် သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လိုင်စင်မဲ့ယာဉ်များနှင့် တရားမဝင်ကုန်ပစ္စည်းတင်ယာဉ်များ သိမ်းဆည်းရမိ

**နေပြည်တော်  မေ ၇**

တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ မေ ၅ ရက်တွင် ရှမ်းပြည်နယ် တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဟိုပုံး တပ်နယ် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၌ တာချီလိတ်မြို့မှ တောင်ကြီးမြို့သို့ မောင်းနှင်လာသည့် ယာဉ်ခုနစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း ၁၉ မျိုး၊ စားသောက်ကုန်ပစ္စည်း ၁၂ မျိုး၊ လုပ်ငန်းသုံးပစ္စည်း ခြောက်မျိုး (ခန့်မှန်းတန်ဖိုးငွေ ၃၀၄၀၉၁၉၈၄ ကျပ်)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Diesel Truck သုံးစီး၊ Isuzu Giga Truck နှစ်စီး၊ Hino Profia Truck တစ်စီး၊ Mitsubishi Fuso Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၀၀၀၀၀၀၀) စုစုပေါင်းခန့်မှန်းတန်ဖိုးငွေ ၆၅၄၀၉၁၉၈၄ ကျပ် ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် မေ ၅ ရက်နှင့် ၆ ရက်တို့တွင် ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မင်္ဂလာတောင်ညွန့်မြို့နယ် ကန်ရိပ်သာလမ်းနှင့် ဦးအောင်မြတ်လမ်းထောင့်၌ လိုင်စင်မဲ့ Honda Fit ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၀၀၀၀၀) ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်နှင့် တိုက်ကြီးမြို့နယ်တို့၌ တရားမဝင်ကျွန်းသစ် ၂ ဒသမ ၃၁၀ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၈၆၆၂၀)ကို သစ်တောဥပဒေအရလည်းကောင်း စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၈၆၆၂၀ ကို သိမ်းဆည်း အရေးယူဆောင်ရွက်လျက်ရှိသည်။



ရှမ်းပြည်နယ်၌ သိမ်းဆည်းရမိမှု။

ထို့အတူ မေ ၆ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ စစ်ကိုင်းမြို့ ရတနာပုံတံတားပူးပေါင်းစစ်ဆေးရေးဂိတ်၌ လိုင်စင်မဲ့ Mitsubishi Pajero ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၀၀၀၀၀၀)ကိုလည်းကောင်း၊ စစ်ကိုင်းမြို့ ကျော်ထက်မီးပွိုင့်အနီး၌ လိုင်စင်မဲ့ယာဉ်နှစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၀၀၀၀၀၀)ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၆၇၀၀၀၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ အေးရှားဝေါလ်ဆိပ်ကမ်း၌ ကုန်သေတ္တာ ၁၄ လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း ၁၃ မျိုး၊ လူသုံးကုန်ပစ္စည်းလေးမျိုး စုစုပေါင်းခန့်မှန်းတန်ဖိုးငွေ ၃၈၁၄၂၄၆၁၁ ကျပ်ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

**အရေးယူဆောင်ရွက်လျက်ရှိ**

ထို့ပြင် မေ ၇ ရက်တွင် တနင်္သာရီတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ကော့သောင်းမြို့ ရွှေဟင်္သာရပ်ကွက် ရွာမလမ်း အမှတ်(၃)ရှိ ဂိုဒေါင်၌ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်းသုံးမျိုး စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၅၉၉၆၀၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

မေ ၅ ရက်၊ ၆ ရက်နှင့် ၇ ရက်တို့တွင် သိမ်းဆည်းရမိမှု စုစုပေါင်းမှာ အမှုတွဲ ၃၈ မှု (ခန့်မှန်းတန်ဖိုးငွေ ၁၁၆၈၅၆၃၂၀၅ ကျပ်)ကို သိမ်းဆည်းရမိခဲ့သည်။ တရားမဝင် ကုန်သွယ်မှုများကြောင့် ကုန်ဈေးနှုန်းကြီးမြင့်မှု၊ ငွေကြေးမတည်ငြိမ်မှုများနှင့် နိုင်ငံတော်အတွက် အခွန်ဆုံးရှုံးနစ်နာမှုများဖြစ်ပေါ်စေပြီး စားသုံးသူပြည်သူများအတွက်လည်း ထိခိုက်နစ်နာမှုများ ဖြစ်ပေါ်စေနိုင်သဖြင့် သက်ဆိုင်ရာ တာဝန်ရှိသူများက ယခုထက်ပိုမို၍ တားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

# မြို့နယ်အချို့တွင် စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**နေပြည်တော်  မေ ၇**

မြို့နယ်အချို့တွင် စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိခဲ့ကြောင်း မြန်မာနိုင်ငံ ရဲတပ်ဖွဲ့မှ သိရသည်။


စိုးလွင်၊ တင်မော်ထွန်း(ခ)မော်ကြီး၊ သိန်းဇော်၊ ဝေဖြိုးကျော်(ခ)ကိုဖြိုး၊ သက်အောင်၊ သက်နိုင်စိုး(ခ)အငယ်လေး၊ မောင်မောင်ဌေး၊ ဇော်လတ်မင်း၊ မလှညွှန့်စိန်၊ မမကြည်အေးနှင့် သန့်ဇင်ဖြိုး(ခ)ဌေးဝင်းတို့အား သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

ဖြစ်စဉ်မှာ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မေ ၅ ရက် နံနက် ၇ နာရီခွဲတွင် ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်မြို့ ပါဆတ်ရပ်ကွက်တွင် လီလောက်စေးမောင်းနှင်ပြီး လောက်စန် လိုက်ပါလာသည့် TOYOTA REVO ယာဉ်ကို သတင်းအရ ရှာဖွေရာ ဒေသကာလတန်ဖိုးငွေကျပ် ၁ ဒသမ ၅ ဘီလီယံကျော် တန်ဖိုးရှိ အိုက်စ် (မက်သ်အဖက်တမင်း) ၁၉၈ ကီလိုကို သိမ်းဆည်းရမိခဲ့သည်။

**သိမ်းဆည်းရမိ**

အလားတူ ပူးပေါင်းအဖွဲ့သည် မေ ၄ ရက် ညနေ ၄ နာရီတွင် မဟာအောင်မြေမြို့နယ် မဟာမြိုင်(၂)ရပ်ကွက်တွင် ဆန်းဝင်းနိုင် မောင်းနှင်လာသည့် သုံးဘီးဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ၎င်းထံမှ စိတ်ပြောင်းဆေးဝါး(Happy Water) သုည ဒသမ ၀၅ ကီလို(တစ်ကီလိုလျှင် ငွေကျပ် သိန်း ၁၂၀၀ နှုန်းဖြင့် ၎င်းဒေသ တန်ဖိုးငွေကျပ်သိန်း ၆၀) သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ ညနေ ၅ နာရီတွင် ချမ်းမြသာစည်မြို့နယ် ထွန်းတိုးရပ်ကွက်ရှိ သက်မင်းဆွေ(ခ)ကျန်ကျောင်း၏ နေအိမ်မှ စိတ်ပြောင်းဆေးဝါး(Happy Water) ၂ ဒသမ ၄၈၃ ကီလို(တစ်ကီလိုလျှင် ငွေကျပ် သိန်း ၁၂၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ် ၂၉၇၉ ဒသမ ၆ သိန်း)ကို သိမ်းဆည်းရမိခဲ့သည်။

စစ်ဆေးဖော်ထုတ်ချက် အရ ပူးပေါင်းအဖွဲ့သည် မေ ၂ ရက် မွန်းလွဲ ၃ နာရီတွင် သာစည်မြို့နယ် ယင်းမာပင်ကျေးရွာအနီးတွင် စိုးလွင် မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၇၀၀၀၀ (တစ်ပြားလျှင် ငွေကျပ် ၁၅၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ် သိန်း ၄၀၅၀) သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ ညနေ ၄ နာရီတွင် သာစည်မြို့နယ် ကျွဲတပ်ဆုံကျေးရွာအုပ်စု သူဌေးကုန်းကျေးရွာအနီးတွင် စိတ်ကြွရူးသွပ်ဆေးပြားများ လက်ခံမည့် တင်မော်ထွန်း (ခ) မော်ကြီး၊ သိန်းဇော်၊ ဝေဖြိုးကျော်(ခ)ကိုဖြိုး၊ သက်အောင်နှင့် သက်နိုင်စိုး(ခ) အငယ်လေးတို့ ငါးဦးအား Toyota Wish ယာဉ်တစ်စီး၊ ဆိုင်ကယ်တစ်စီးနှင့် လည်းကောင်း၊ မောင်မောင်ဌေးနှင့် ဇော်လတ်မင်းတို့နှစ်ဦးအား ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး မိုင်တိုင်အမှတ် (၂၆၁/၅)နှင့် (၂၆၁/၄) ကြားတွင် စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀၀၀ (တစ်ပြားလျှင် ငွေကျပ် ၁၅၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ် သိန်း ၃၀၀၀)၊ MARK II ယာဉ်တစ်စီးနှင့်လည်းကောင်း၊ ည ၈ နာရီတွင် စိတ်ကြွရူးသွပ်ဆေးပြားများ ရောင်းချပေးသူ မလှညွှန့်စိန်၊ မမကြည်အေးနှင့် သန့်ဇင်ဖြိုး(ခ) ဌေးဝင်းတို့အား တောင်ကြီးမြို့ ညောင်ရွှေဟော်ကုန်း ရပ်ကွက်ရှိ တည်းခိုခန်းတွင် စိတ်ကြွရူးသွပ်ဆေးပြား ၁၃၅ ပြား(တစ်ပြားလျှင် ငွေကျပ် ၅၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ် သုည ဒသမ ၆၇၅ သိန်း)နှင့် လည်းကောင်း အသီးသီး သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**သတင်းစဉ်**

# ကရင်ပြည်နယ်ဝန်ကြီးချုပ် ဘားအံမွေးမြူရေးဇုန်၌ တောင်သူအကျိုးစီးပွားနှင့်ကိုက်ညီသည့် တိရစ္ဆာန်ကောင်ရေတိုးတက်မွေးမြူနိုင်ရေး ကြည့်ရှုအားပေး

ဘားအံ မေ ၇

ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးနှင့် တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းက ဘားအံမြို့နယ် စံဖရီးကျေးရွာအုပ်စုရှိ ဘားအံမွေးမြူရေးဇုန်၌ မွေးမြူရေးတောင်သူများ တိုးချဲ့မွေးမြူနိုင်ရေး သွားရောက်ကြည့်ရှုအားပေးသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဘားအံမွေးမြူရေးဇုန်ရှင်းလင်းဆောင်၌ မွေးမြူရေးတောင်သူများနှင့် တွေ့ဆုံရာ ပြည်နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးဒေါက်တာ တင်နွယ်ရီက ဘားအံမွေးမြူရေးဇုန်၏ ဧရိယာ ၁၃၇ ဒသမ ၄၆ ဧကအတွင်း မွေးမြူထားရှိမှုအခြေအနေ၊ ၂၀၂၄- ၂၀၂၅ ဘဏ္ဍာနှစ် အသား၊ ဥနှင့် နို့ ထုတ်လုပ်မှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး ဇုန်ကော်မတီဥက္ကဋ္ဌနှင့် မွေးမြူရေးတောင်သူများက လျှပ်စစ်မီးနှင့် သောက်သုံးရေရရှိရေးဆိုင်ရာလိုအပ်ချက်များ၊ ဇုန်တွင်းလမ်းနှင့် ပတ်လမ်း ပြင်ဆင်ထိန်းသိမ်းနိုင်ရေးကိစ္စရပ်များ၊ မျိုးကောင်းမျိုးသန့်နှင့်တိရစ္ဆာန်အစာကို သက်သာသောနှုန်းထားဖြင့် ရရှိနိုင်ရေး တင်ပြဆွေးနွေးကြကာ ပြည်နယ်ဝန်ကြီးချုပ်က တောင်သူအကျိုးစီးပွားနှင့်ကိုက်ညီသည့် တိရစ္ဆာန်အမျိုးအစားများကို သတ်မှတ်ကောင်ရေထက် နှစ်ဆ တိုးချဲ့မွေးမြူနိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြရန်မှာကြားပြီး တောင်သူများ၏ တင်ပြဆွေးနွေးမှုများအပေါ် ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးသည်။



ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဘားအံမွေးမြူရေးဇုန် ရှင်းလင်းဆောင်ပရဝဏ်အတွင်း မွေးမြူရေးဇုန်ရန်ပုံငွေကျပ် ၁၇ ဒသမ ၆၈ သန်းဖြင့် တစ်နာရီရေဂါလန် ၁၂၀၀ ထွက်ရှိသော ပေ ၂၄၀ အနက်ရှိ အဝီစိတွင်း တူးဖော်၍ ၅၈၅ မဂ္ဂဝပ်ဆိုလာပြား ရှစ်ချပ်ဖြင့် ဂါလန် ၄၀၀၀ ဆံ့အုတ်ရေကန်အတွင်း ရေစုပ်တင်ပြီး ရေပေးဝေနိုင်ရေး စီစဉ်ဆောင်ရွက်ထားမှုကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် တောင်သူဦးသိန်းမြင့်၏ နွားမွေးမြူရေးခြံ၊ တောင်သူဦးထိန်လင်းမျိုး၏ ဆိတ်မွေးမြူရေးခြံ၊ တောင်သူဦးသူရလွင်၏ နွားမွေးမြူရေးခြံ၊ တောင်သူဦးပိုင်ဝင်း၏ ဥစားကြက်မွေးမြူရေးခြံတို့ကို ကြည့်ရှုအားပေးပြီး တိရစ္ဆာန်ကောင်ရေ နှစ်ဆ တိုးတက်မွေးမြူနိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြရန် တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# နေပြည်တော်ကောင်စီဝင်ဗိုလ်မှူးကြီးရဲမိုး လက်မှတ်ရပိုးသတ်ဆေးသုံးစွဲသူများသင်တန်းဆင်းပွဲ တက်ရောက်

နေပြည်တော် မေ ၇

ပြည်ထောင်စုနယ်မြေ နေပြည်တော် စိုက်ပျိုးရေးဦးစီးဌာနနှင့် သီးနှံကာကွယ်ရေးဌာနခွဲ(ရုံးချုပ်)တို့ ပူးပေါင်းကျင်းပသည့် လက်မှတ်ရ ပိုးသတ်ဆေးသုံးစွဲသူများ သင်တန်းအမှတ်စဉ်(၆/၂၀၂၅)သင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းက သုခစိုး ဟိုတယ်၌ ကျင်းပသည်။

ဦးစွာနေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီးရဲမိုးက ပြည်ထောင်စုနယ်မြေ နေပြည်တော်အနေဖြင့် စိုက်ဧရိယာများတွင် သီးနှံစုံစိုက်ပျိုးထုတ်လုပ်လျက်ရှိပြီး အထွက်နှုန်းတိုးတက်ရေးအတွက် သီးနှံကာကွယ်ရေး လုပ်ငန်းများကို မဖြစ်မနေ ဆောင်ရွက်လျက်ရှိကြောင်း၊ ထိုသို့ ပိုးမွှားရောဂါကာကွယ်ရေး လုပ်ငန်းများဆောင်ရွက်ခြင်းအတွက် ပြည်ထောင်စုနယ်မြေအပါအဝင် တိုင်းဒေသကြီး/ပြည်နယ် အားလုံး၌ တောင်သူများသို့ ပိုးသတ်ဆေးဥပဒေများအား လိုက်နာသုံးစွဲရေး၊ ပိုးသတ်ဆေး လက်လီလက်ကား အရောင်းဆိုင်များတွင် ပိုးသတ်ဆေးဥပဒေနှင့်အညီ ဆောင်ရွက်နိုင်ရေးတို့အတွက် သေချာစွာစိစစ်စစ်ဆေးခြင်း၊ သင်တန်းပေးခြင်း၊ လိုင်စင်ထုတ်ပေးခြင်း၊ ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်ခြင်းများကို စိုက်ပျိုးရေးဦးစီးဌာန၊ သီးနှံကာကွယ်ရေးဌာနခွဲက ဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။




ထို့နောက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူးချုပ်(နည်းပညာ) ဦးမျိုးဇော်က လက်မှတ်ရပိုးသတ်ဆေး သုံးစွဲသူများ သင်တန်း၌ သိရှိလိုက်နာရမည့် ဥပဒေလုပ်ထုံးလုပ်နည်းများကို သက်ဆိုင်ရာတာဝန်ရှိသူများက သင်ကြားပို့ချခဲ့ပြီး ဖြစ်သည့်အတွက် ပိုးသတ်ဆေးကုမ္ပဏီများ၊ လက်လီလက်ကား အရောင်းဆိုင်များအနေဖြင့် မိမိတို့ ရောင်းဝယ်ဖောက်ကားသည့် လုပ်ငန်းခွင်တွင် ပိုးသတ်ဆေးဥပဒေများနှင့်အညီ လိုက်နာဆောင်ရွက်ကြရန်နှင့် ပိုးသတ်ဆေးသုံးစွဲခြင်းနှင့်ပတ်သက်သည့် ဗဟုသုတ၊ ဆောင်ရန်၊ ရှောင်ရန်များကို တောင်သူများထံသို့ ထပ်ဆင့်အသိပညာပေး ဆောင်ရွက်ပေးကြရန်လိုကြောင်း ပြောကြားသည်။

ယင်းနောက် နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီးရဲမိုးနှင့် တာဝန်ရှိသူများက သင်တန်းထူးချွန်ဆုများနှင့် သင်တန်းဆင်းလက်မှတ်များ ပေးအပ်ကြပြီး သင်တန်းသားများ ကိုယ်စား သင်တန်းသားတစ်ဦးက ကျေးဇူးတင်စကား ပြောကြားခဲ့ကြောင်း သိရသည်။

**မျိုးသီဟ (ပြန်/ဆက်)**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး / ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၈-၅-၂၀၂၅ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၈၈၅ | ၂၉၉၅ | ၂၉၆၅ | ၂၉၀၀ | ၃၀၀၅ | ၃၀၂၀ | ၃၀၃၅ | ၂၉၅၅ | ၄၅၀၅ | ၃၂၅၀ | ၂၉၇၀ | ၂၉၇၅ | ၃၀၄၅ | ၃၀၁၀ | ၃၀၃၀ | ၃၂၈၅ |
| 95 Ron | ၂၉၄၀ | ၃၀၅၅ | ၃၀၂၀ | ၂၉၅၅ | ၃၀၆၀ | ၃၀၇၅ | ၃၀၉၀ | ၃၁၁၀ | ၄၅၆၀ | ၃၃၀၅ | ၃၀၃၀ | ၃၀၃၀ | ၃၁၀၀ | ၃၀၆၅ | ၃၀၈၅ | ၃၃၄၅ |
| HSD (500 ppm) | ၂၄၇၀ | ၂၅၈၅ | ၂၅၅၀ | ၂၄၈၅ | ၂၅၉၀ | ၂၆၀၅ | ၂၆၂၅ | ၂၅၄၀ | - | ၂၈၃၅ | ၂၅၆၀ | ၂၅၆၀ | ၂၆၃၀ | ၂၅၉၅ | ၂၆၂၀ | ၂၈၇၅ |
| HSD (50 ppm) | ၃၀၅၅ | ၃၁၆၅ | ၃၁၃၀ | ၃၀၆၅ | ၃၁၇၀ | ၃၁၉၀ | ၃၂၀၅ | ၃၁၂၅ | ၄၈၃၀ | ၃၄၁၅ | ၃၁၄၀ | ၃၁၄၀ | ၃၂၁၀ | ၃၁၇၅ | ၃၂၀၀ | ၃၄၅၅ |
| HSD (10 ppm) | ၃၀၅၅ | ၃၁၆၅ | ၃၁၃၀ | ၃၀၆၅ | ၃၁၇၀ | ၃၁၉၀ | ၃၂၀၅ | ၃၁၂၅ | - | ၃၄၁၅ | ၃၁၄၀ | ၃၁၄၀ | ၃၂၁၀ | ၃၁၇၅ | ၃၂၀၀ | ၃၄၅၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၇၁၈ | ၂၈၀၆ |
| 95 Ron | ၂၇၇၃ | ၂၈၆၂ |
| HSD (500 ppm) | ၂၃၁၈ | ၂၃၉၄ |
| HSD (50 ppm) | ၂၈၈၂ | ၂၉၆၉ |
| HSD (10 ppm) | ၂၈၈၂ | ၂၉၆၉ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

## ၇ - ၅ -၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ ငွေကျပ် ၅၇၁၀၀၀၀ ဖြစ်သည်။**

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

## ဟိုပုံးနှင့် ဆီဆိုင်မြို့နယ်တို့၌ သမဝါယမအသင်းများမှ နွေစပါးစိုက်ပျိုးထားရှိမှု ကွင်းဆင်းကြည့်ရှု

တောင်ကြီး မေ ၇

ရှမ်းပြည်နယ်(တောင်ပိုင်း) ဟိုပုံးမြို့နယ် ကုန်းကျိုင်းကျေးရွာအုပ်စု ဟန်လွဲကျေးရွာရှိ ဟန်လွဲစိုက်ပျိုးရေးနှင့်အထွေထွေလုပ်ငန်းသမဝါယမအသင်းမှ စိုက်ပျိုးထားရှိသည့် နွေစပါးစိုက်ဧက ၁၀၀ နှင့် ဆီဆိုင်မြို့နယ် ပုံးအင်ကျေးရွာအုပ်စု ဝမ်ပုံကျေးရွာရှိ မောက်ခမ်းဟွမ် စိုက်ပျိုးရေးနှင့် အထွေထွေလုပ်ငန်းသမဝါယမအသင်းမှ စိုက်ပျိုးထားရှိသည့် နွေစပါးစိုက်ဧက ၈၀ စိုက်ပျိုးထားရှိမှု အခြေအနေများကို ရှမ်းပြည်နယ် သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်မိုးတင့်နှင့် တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုသည်။

ထို့နောက် အသင်းသားများအား နွေစပါးများ ပန်းတိုင်အထွက်နှုန်းပြည့်မီစေရေး စနစ်တကျဆောင်ရွက်ကြရန်နှင့် သွင်းအားစုများ ရရှိနိုင်ရေးအတွက် သက်ဆိုင်ရာမြို့နယ် သမဝါယမအသင်းစုများနှင့် ချိတ်ဆက်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ကျန်းမာရေးအတွက် ဘက်စုံအသုံးဝင်သည့် ဆေးဖက်ဝင်ဖောက်သီး

ဒေါက်တာလပြည့်ခင်

**ဖောက်သီးဆိုသည်မှာ ပူဖောင်းကဲ့သို့ အခွံပါးလေးများကာရံထားသော အတွင်း၌သေးငယ်ပြီး ရွှေဝါရောင်သန်းသည့် ဘယ်ရီသီးတစ်မျိုးဖြစ်ပါသည်။ Gooseberry ဟုခေါ်သည့်ဖောက်သီးသည် စတော်ဘယ်ရီနှင့် ဘလူးဘယ်ရီတို့ကဲ့သို့ ဘယ်ရီအမျိုးနွယ်ဝင်တစ်မျိုးလည်းဖြစ်သည်။ ဖောက်သီးကို အင်္ဂလိပ်လို Ground Cherry ဟုခေါ်ပြီး သိပ္ပံနာမည်မှာ *Physalis Peruviana* ဟုခေါ်ဆိုပါသည်။ အခြားဒေသများတွင် Cape Gooseberry ဟုလည်း ခေါ်ဆိုကြောင်း လေ့လာသိရှိရပါသည်။**

ဖောက်ပင်မှာ အရိုင်းနှင့်အယဉ်ဟူ၍ နှစ်မျိုးရှိသော်လည်း ပါဝင်သည့် ဗီတာမင်နှင့် အာနိသင်များမှာ တူသည်ဟု ပြော၍ရပါသည်။ အဝါရောင်စိုစို ဖောက်သီး၏ ပုံစံနှင့် အရသာမှာ ခရမ်းချဉ်သီးအလုံးသေးများနှင့် ဆင်တူသော်လည်း အရသာမှာ ခရမ်းချဉ်သီးထက် ပို၍အချိုကဲပြီး ခံတွင်းရှင်းစေပါသည်။ ဖောက်သီးသည် ချိုချိုချဉ်ချဉ် အရသာရှိသောကြောင့် အချိုပွဲများ၊ ကိတ်မုန့်၊ သကြားလုံးနှင့် မုန့်များ ပြုလုပ်ရာတွင် ထည့်သွင်းအသုံးပြုသကဲ့သို့ သရေစာအနေဖြင့် အစိမ်းစားခြင်းမျိုးလည်းရှိပါသည်။

ဖောက်သီးပင်များသည် တောင်အမေရိကဒေသတွင် အဓိက ပေါက်ရောက်လေ့ရှိပြီး ကိုလံဘီယာ၊ အီကွေဒေါနှင့် ပီရူးနိုင်ငံတို့တွင်လည်း ပေါက်ရောက်တတ်ပါသည်။ ဖောက်ပင်အရိုင်းများကို မြန်မာနိုင်ငံအလယ်ပိုင်းတွင် အများဆုံးတွေ့ရလေ့ရှိပြီး ရှမ်းပြည်နယ်နှင့် ပြင်ဦးလွင်ဒေသတွင်လည်း ပေါက်ရောက်တတ်ပါသည်။ ဖောက်သီးပင်မျိုးစိတ်စုစုပေါင်း ၇၀ ခန့်ရှိပြီး အအေးပိုင်းတွင် ပေါက်ရောက်သော ဖောက်သီးများသည် အလုံးအရွယ်အစားပိုကြီးပြီး အရောင်ပိုရင့်သည်။ ဖောက်ပင်ကို နိုင်ငံများစွာတွင် စီးပွားဖြစ်စိုက်ပျိုးကြပြီး အိန္ဒိယနိုင်ငံတွင် ဖောက်သီးအမျိုးအစားများစွာ စိုက်ပျိုးလေ့ရှိကာ စိုက်ပျိုးသည့်အမျိုးအစားပေါ်မူတည်၍ အရွယ်အစားနှင့် အရောင်ကွဲပြားသွားပါသည်။ ဈေးကွက်တွင် ဖောက်သီးတစ်ပိဿာလျှင် ငွေကျပ် ၈၀၀၀–၁၀၀၀၀ ဈေးနှုန်းရှိပြီး စိုက်ပျိုးရလွယ်ကူသောကြောင့် ဈေးကွက်ဝင်သီးနှံတစ်မျိုးဖြစ်လာသည်နှင့်အညီ တစ်ပိုင်တစ်နိုင် စိုက်ပျိုးမှုများ၊ သီးခြားစိုက်ပျိုးမှုများလည်းရှိပါသည်။

ဖောက်သီးကို ဖောင်ဖောင်သီး၊ ဖောက်လောက်သီး၊ ဘောင်ဘောင်သီး စသည်ဖြင့် အမျိုးမျိုးခေါ်ဆိုကြပြီး အညာဒေသတွင် ဖောက်လောက်ပင်ဟု ခေါ်ဆိုကြသည်။ ဖောက်သီးပင်သည် တစ်ရာသီသာခံသော ခရမ်းပင်၊ ခရမ်းချဉ်ပင်နှင့် သခွားပင်တို့ကဲ့သို့ ပင်ပျော့အမျိုးအစားဖြစ်ပြီး အရွက်များမှာ အစိမ်းရောင်နုနုမှ အစိမ်းရောင်ရင့်ရင့်အထိ ဖြစ်နိုင်ပါသည်။ အသီးမှာ ဘောလုံးကဲ့သို့ လေဖောင်းဖောင်းထဲတွင် သီးခြင်းဖြစ်သည်။ အပေါ်ခွံနှင့် အသီးမှာ နုစတွင်စိမ်းပြီး မှည့်လာလျှင် အသီးများမှာ ရွှေဝါရောင်သန်းလာ၍ အပြင်ခွံပါ အဝါဖျော့ရောင်ဖြစ်လာကာ ခွာရလွယ်ကူလာပါသည်။

မြန်မာနိုင်ငံတွင် အတွေ့များသည့် ဖောက်သီးပင်များမှာ စားသုံး၍ရသော အရိုင်းပင်များဖြစ်သည်။ အရောင်အနေဖြင့် စိမ်းဝါဝါရှိပြီး ဗီတာမင်စီ အဓိကပါဝင်သည့်အတွက် ရောင်ရမ်းခြင်းနှင့် သရက်ရွက်ကြီးခြင်းတို့ကို ကုသနိုင်ပါသည်။ တိရစ္ဆာန်မွေးမြူသူများသည် ရှေးနှစ်ပေါင်းများစွာကတည်းက ဖောက်ပင်ကို ကျွဲ၊ နွား၊ ဆိတ်၊ ဝက် စသည့်တိရစ္ဆာန်တို့၏ ခန္ဓာဗေဒဓာတ်သဘာဝများကို ထိန်းညှိပေးသောအပင်အဖြစ် အသုံးပြုကြသည်။ ဖောက်သီးတွင် ကယ်လိုရီပမာဏနည်းပါးပြီး ဗီတာမင်နှင့် သတ္တုဓာတ်များလည်း ပါဝင်ပါသည်။ ယင်းအပြင် ခန္ဓာကိုယ်အတွက် လိုအပ်သော အကျိုးပြုသည့် ဗီတာမင်စီနှင့် ဓာတ်တိုးဆန့်ကျင်ပစ္စည်းများ (Antioxidants) ကြွယ်ဝစွာ ပါဝင်ပါသည်။ ဖောက်သီးတွင်ပါဝင်သောဓာတ်များသည် ခန္ဓာကိုယ်အတွက်အကျိုးပြုသော ဗက်တီးရီးယားများသာမက အကျိုးမပြုသော ဗက်တီးရီးယားများကိုပါ သေစေနိုင်သည့်အစွမ်းရှိကာ အသားအရေကိုလည်း အကျိုးပြုပါသည်။

ဖောက်သီးကို မြန်မာနိုင်ငံ၌ဈေးနှုန်းချိုသာစွာဖြင့် ဝယ်ရလွယ်ကူပါသည်။ ဖောက်သီး၏ ကျန်းမာရေးအကျိုးကျေးဇူးများအနက် စိတ်ဝင်စားစရာအချက်အချို့မှာ နှလုံး၊ အသည်းနှင့် ကျောက်ကပ် ကျန်းမာရေးကို ကောင်းမွန်စေခြင်း၊ ဆီးချိုကိုထိန်းပေးခြင်း၊ ကိုယ်ခံအားစနစ်ကို တိုးမြှင့်ပေးခြင်း၊ ဗီတာမင်အေကြွယ်ဝသောကြောင့်



မျက်လုံးကို ကျန်းမာစေခြင်း၊ အမျှင်ဓာတ်ကြွယ်ဝသဖြင့် အစာခြေစနစ်ကို ကောင်းမွန်စေခြင်းနှင့် ကိုယ်အလေးချိန်လျှော့ချပေးခြင်းတို့ဖြစ်သည်။

**ဖောက်သီးတွင်ပါဝင်သောအာဟာရဓာတ်များ**

ဖောက်သီးတွင် ကယ်လိုရီပမာဏနည်းပါးပြီး အသားအရေနှင့် ခန္ဓာကိုယ်အတွက်ပါ အကျိုးပြုသည့် ဗီတာမင် A၊ ဗီတာမင် B1 ၊ ဗီတာမင် B3 နှင့် ဗီတာမင် C ကဲ့သို့ ဗီတာမင်များနှင့် သတ္တုဓာတ်များဖြစ်သည့် ကယ်လ်ဆီယမ် (Ca)၊ သံဓာတ် (Fe) နှင့် ဖော့စပရပ်စ် (P) တို့လည်း အတော်အသင့်ပါဝင်ကြောင်း သိရပါသည်။ ထို့အပြင် ဖောက်သီးတွင် ဓာတ်တိုးဆန့်ကျင်ပစ္စည်းများ ကြွယ်ဝစွာပါဝင်နေပြီး ကျန်းမာရေးအတွက် အထောက်အကူပြုသည့် ပိုလီဖီနောလ် (Polyphenols) နှင့် ကယ်ရိုတန္ဓိုက် (Carotenoid) များလည်း ပါဝင်ပါသည်။

**ဖောက်သီးမှရရှိနိုင်သည့် ကျန်းမာရေးအကျိုးကျေးဇူးများ**

ဖောက်သီးသည် ခန္ဓာကိုယ်တွင်းရှိ အဆိပ်အတောက်များကို ပြေစေခြင်း၊ ဆီးချိုဝေဒနာကို ထိန်းညှိပေးနိုင်ခြင်း၊ ကျောက်ကပ်လုပ်ငန်းဆောင်တာများကို တိုးမြှင့်ပေးနိုင်ခြင်း၊ ပြင်းထန်သောဝေဒနာအချို့မှ ကာကွယ်ပေးနိုင်ခြင်း၊ နှလုံးကျန်းမာသန်စွမ်းမှုကို တိုးမြှင့်ပေးခြင်းနှင့် ကိုယ်ခံအားစနစ်ကို ကောင်းမွန်စေခြင်းတို့ဖြစ်ပေါ်ရန် လုပ်ဆောင်ပေးနိုင်သည့်အစွမ်းရှိပါသည်။ ကိုယ်လက်စထရောကို ထိန်းညှိပေးပြီး နှလုံးတွင်ဖြစ်တတ်သောရောဂါများကို လျော့ကျစေသည့်အတွက် ဖောက်သီးကို စားသုံးပေးခြင်းဖြင့် ကျန်းမာစေပါသည်။ ဖောက်သီးဖျော်ရည်တွင် နှလုံး၏လုပ်ဆောင်မှုများကို ကောင်းမွန်စေရန်အတွက် အထောက်အကူပြုသည့်အရေးပါသော Phyto-chemical အချို့ ပါဝင်သောကြောင့် နှလုံးသွေးကြောကျဉ်းရောဂါကို သက်သာစေပါသည်။

ဖောက်သီးတွင် Fructose ကြွယ်ဝစွာပါဝင်သောကြောင့် ဆီးချိုဝေဒနာသည်များစားသုံးရန် အထူးသင့်တော်ပါသည်။ ဖောက်သီးတွင် ပါဝင်သည့်အမျှင်ဓာတ်သည် ဆီးချို(Diabetes) ကို ထိန်းညှိပေးပြီး သွေးပေါင်ချိန်ကျစေသည့်အတွက် သွေးတိုးနေသည့်အချိန်တွင် ဖောက်သီးကိုစားသုံးပေးခြင်းဖြင့် သွေးပေါင်ကျစေပါသည်။

ဖောက်သီးတွင် ပိုလီဖီနောလ်နှင့် ဓာတ်တိုးဆန့်ကျင်ပစ္စည်းများ ကြွယ်ဝစွာပါဝင်သောကြောင့် ပန်းနာရင်ကျပ်သက်သာစေသောဆေး၊ ချောင်းဆိုးပျောက်ဆေး၊ အနာကျက်ဆေး၊ သန်ကျဆေး၊ ရောင်ရမ်းမှုသက်သာစေသောဆေး၊ ဝမ်းပျော့ဆေးနှင့် ဝမ်းနုတ်ဆေးများထုတ်လုပ်ရာတွင် အသုံးပြုသကဲ့သို့ အစာအိမ်ဝေဒနာများအတွက်လည်း အသုံးပြုနိုင်ပါသည်။

ထို့ပြင် ဖောက်သီးတွင်ပါဝင်သော ပိုလီဖီနောလ်နှင့် ကယ်ရိုတန္ဓိုက်များကြောင့် အဆုတ်ကင်ဆာကိုကုသရာတွင် အကျိုးရှိစေနိုင်သည့်အပြင် ကင်ဆာဆဲလ်များကို တိုက်ဖျက်နိုင်သည့် အစွမ်းသတ္တိရှိသဖြင့် ကင်ဆာကုသမှုတွင် အထောက်အကူပြုနိုင်ပါသည်။

ဖောက်သီးတွင် ဗီတာမင်အေ ကြွယ်ဝစွာပါဝင်သောကြောင့် မျက်လုံးကိုကျန်းမာစေပြီး ရေတိမ်ဖြစ်ခြင်းနှင့် မျက်လုံးကြွက်သားများ ပျက်စီးခြင်းကို ကာကွယ်ပေးပါသည်။ ဖောက်သီးတွင် ဖရီးရာဒီကယ် (Free Radical) များကို ထိန်းချုပ်နိုင်သည့် အစွမ်းရှိသဖြင့် အာရုံကြောဆိုင်ရာရောဂါများ အပါအဝင် ရောဂါအတော်များများကိုခုခံရာတွင် အထောက်အကူပြုပါသည်။

ထို့ပြင် ဖောက်သီးတွင် အရိုးများကိုကြံ့ခိုင်သန်စွမ်းရန်လိုအပ်သော ကယ်လ်ဆီယမ် (Ca) နှင့် ဖော့စဖရပ်စ် (P) များစုပ်ယူမှုကို အထောက်အပံ့ပေးသည့် ပက်တင် (Pectin) ပါရှိပါသည်။ ထို့အပြင် အမျိုးသားများတွင်ဖြစ်တတ်သည့် ဒူလာနှင့် အရေပြားနီမြန်းရောင်ရမ်းခြင်းကို ကုသရာတွင်လည်း အသုံးပြုနိုင်ပါသည်။ ဖောက်သီးတွင် ကိုယ်ခံအားစနစ်ကိုတိုးမြှင့်ပေးနိုင်သော ဗီတာမင်စီပါဝင်သောကြောင့် ခန္ဓာကိုယ်မှ လိုအပ်သည့်ဗီတာမင်စီကို ပြည့်ဝစေပါသည်။

**ဖောက်သီး၏ ဘေးထွက်ဆိုးကျိုးများ**

မမှည့်သေးသည့်ဖောက်သီးတွင် ဓာတ်မတည့်မှုကိုဖြစ်စေနိုင်သည့် အဆိပ်ရှိသော အယ်လ်ကာလွိုက် (Alkaloid) အနည်းငယ်ပါဝင်သောကြောင့် ဖောက်သီးကိုမမှည့်မီ မစားသုံးသင့်သကဲ့သို့ ချယ်ရီသီးမျိုးရင်းဝင်၊ ဘယ်ရီသီးမျိုးရင်းဝင်အသီးများနှင့် ဓာတ်မတည့်သူများအနေဖြင့် ဖောက်သီးမစားသုံးသင့်ပေ။ ထို့အပြင် ဗီတာမင်စီ၊ ဗီတာမင်အေတို့နှင့် ဓာတ်မတည့်သူများအနေဖြင့်လည်း ဖောက်သီးကို လုံးဝမစားသုံးသင့်ပေ။ သို့သော် တစ်ကြိမ်တည်းတွင် အလုံးအရေအတွက်များများမစားသင့်ကြောင်း ပညာရှင်များက အကြံပြုထားပါသည်။

**ကိုယ်ဝန်ဆောင်မိခင်များစားသင့်သော ဖောက်သီး**

ကိုယ်ဝန်ဆောင်မိခင်နှင့်ကလေးပါ ကျန်းမာစေရန်အတွက် ကိုယ်ဝန်ဆောင်ချိန်တွင် တစ်နေ့လျှင် သစ်သီးတစ်မျိုးပါအောင်စားသုံးသင့်ပြီး စားသုံးပေးသင့်သည့်အသီးများထဲတွင် ဖောက်သီးလည်းပါဝင်နေပါသည်။ ကိုယ်ဝန်ဆောင်မိခင်များအနေဖြင့် ဖောက်သီးကို စားမည်ဆိုလျှင် မြေဆီလွှာတွင်ရှိနေတတ်သည့် ကပ်ပါးပိုးတစ်မျိုးကြောင့်ဖြစ်တတ်သည့် Toxoplasmosis ရောဂါဖြစ်စေနိုင်သောကြောင့် ရေဖြင့်သေချာစင်ကြယ်အောင် ဆေးကြောပြီးမှသာ စားသင့်ပါသည်။ အမျိုးသမီးအများစုတွင် ဤကပ်ပါးပိုးကို ခုခံတိုက်ထုတ်နိုင်သည့် Antibodies ရှိနေတတ်သော်လည်း မရှိသူများအနေဖြင့် ရောဂါပိုးဒဏ်ကို ခံရနိုင်ပါသည်။

အချုပ်အားဖြင့် Gooseberry ဟုခေါ်သည့် ဖောက်သီးကို စတော်ဘယ်ရီနှင့် ဘလူးဘယ်ရီတို့ကဲ့သို့ သရေစာအဖြစ် အသီးလိုက်စားနိုင်သကဲ့သို့ ဖျော်ရည်အနေဖြင့်ဖြစ်စေ၊ အချိုပွဲအနေဖြင့်ဖြစ်စေ အသုံးပြုနိုင်ပါသည်။ ဖောက်သီးတွင် သံပရာသီးထက် ဗီတာမင်စီ နှစ်ဆနီးပါး ပါဝင်သည်။ ကျန်းမာရေးအတွက် ဘက်စုံအသုံးဝင်သည့် ဖောက်သီးပင်ကို စီးပွားဖြစ်စိုက်ပျိုးနိုင်သည့်သီးနှံအဖြစ် စိုက်ပျိုးမည်ဆိုပါက ဝင်ငွေတိုးလာမည့် သီးနှံတစ်ခုဖြစ်ပါကြောင်း တင်ပြလိုက်ရပါသည်။ ။



**ဖောက်သီးသည် ခန္ဓာကိုယ်တွင်းရှိ အဆိပ်အတောက်များကို ပြေစေခြင်း၊ ဆီးချိုဝေဒနာကို ထိန်းညှိပေးနိုင်ခြင်း၊ ကျောက်ကပ်လုပ်ငန်းဆောင်တာများကို တိုးမြှင့်ပေးနိုင်ခြင်း၊ ပြင်းထန်သောဝေဒနာအချို့မှ ကာကွယ်ပေးနိုင်ခြင်း၊ နှလုံးကျန်းမာသန်စွမ်းမှုကို တိုးမြှင့်ပေးခြင်းနှင့် ကိုယ်ခံအားစနစ်ကို ကောင်းမွန်စေခြင်းတို့ဖြစ်ပေါ်ရန် လုပ်ဆောင်ပေးနိုင်သည့်အစွမ်းရှိပါသည်။ ကိုယ်လက်စထရောကို ထိန်းညှိပေးပြီး နှလုံးတွင်ဖြစ်တတ်သောရောဂါများကို လျှော့ကျစေသည့်အတွက် ဖောက်သီးကို စားသုံးပေးခြင်းဖြင့် ကျန်းမာစေ**

# နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် နေရာကွက်၍ မိုးကြီးနိုင်


နေပြည်တော် မေ ၇


ယနေ့ညနေ ၄ နာရီခွဲ တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် လေထုမငြိမ်မသက်မှုများ ဖြစ်ပေါ်လာနိုင်ခြင်းကြောင့်လည်းကောင်း၊ မုတ်သုံလေဝင်ရောက်လာနိုင်ခြင်းကြောင့် လည်းကောင်း မေ ၁၀ ရက်မှ ၁၅ ရက်အတွင်း နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ် (မြောက်ပိုင်း)တို့တွင် နေရာကျဲကျဲမှ နေရာစိပ်စိပ်နှင့် ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် နေရာကွက်၍ မိုးကြီးနိုင်သည်။


**အကြံပြုချက်**

သို့ဖြစ်ပါ၍ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့် အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် အဆိုပါဒေသများရှိ ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုရှောင်ရှားနိုင်ပါရန်နှင့် ပြည်တွင်းရေကြောင်းသွားလာရေးနှင့် လေကြောင်းပျံသန်းရေးအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

မိုး/ဇလ




၁၀-၅-၂၀၂၅ ရက်နေ့မှ ၁၅-၅-၂၀၂၅ ရက်နေ့အတွင်း မိုးလေဝသသချာပုံစံပြမော်ဒယ်လ်မှ ခန့်မှန်းထားသည့် မိုးရွာသွန်းမှုအခြေအနေ ခန့်မှန်းချက်ပြပုံ။

# ကယားပြည်နယ်ဝန်ကြီးချုပ် အခြေခံပညာကျောင်းများနှင့် ဌာနဆိုင်ရာရုံးများဖွင့်လှစ်ရန် ပြင်ဆင်ဆောင်ရွက်မှု ကြည့်ရှုစစ်ဆေး

လွိုင်ကော် မေ ၇

ကယားပြည်နယ်အတွင်း အခြေခံပညာကျောင်းများ ဖွင့်လှစ်ရန်အတွက် ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ ယနေ့နံနက်ပိုင်းက ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်သည် ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ တာဝန်ရှိသူများနှင့်အတူ ဒေါ်ဥခူ(မူလွန်)ကျောင်းနှင့် အမက(မင်းစု) ကျောင်းများဖွင့်လှစ်ရန် ကြိုတင်ပြင်ဆင်နေမှုနှင့် ဌာနဆိုင်ရာရုံးများနှင့် ဝန်ထမ်းအိမ်ရာများ ပြုပြင်ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

**ကြည့်ရှုစစ်ဆေး**

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် လွိုင်ကော်မြို့ ဒေါ်ဥခူရပ်ကွက်ရှိ အခြေခံပညာမူလတန်းလွန်ကျောင်း(ဒေါ်ဥခူ)နှင့် မင်းစုရပ်ကွက် အခြေခံပညာမူလတန်းကျောင်း (မင်းစု)သို့သွားရောက်



ကာ ကျောင်းဖွင့်ရာသီတွင် ကျောင်းများဖွင့်လှစ်ရန် ကြိုတင်ပြင်ဆင်ထားရှိသည့် ကျောင်းရုံးခန်းများ၊ စာသင်ခန်းများ၊ ဝန်ထမ်းနေအိမ်များကို လှည့်လည်ကြည့်ရှုပြီး ဌာနဆိုင်ရာဝန်ထမ်းများ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ပေးနေမှုကို ကြည့်ရှုအားပေးသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် လွိုင်ကော်မြို့ ရွှေတောင်ရပ်ကွက်ရှိ မြို့နယ် တိုင်းရင်းဆေးပညာဦးစီးဌာနရုံးနှင့် တိုင်းရင်းဆေးခန်းဖွင့်လှစ်နေမှုကို ကြည့်ရှုစစ်ဆေးရာ ပြည်နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ပြည်နယ်အကောက်ခွန်ဦးစီးဌာနရုံးသို့ ရောက်ရှိကာ ပြည်နယ်နှင့် မြို့နယ်အကောက်ခွန်ရုံးများ ပြန်လည်ဖွင့်လှစ်ပြီး လုပ်ငန်းများ ဆောင်ရွက်နိုင်ရန်နှင့် ဌာနဝန်ထမ်းများ အဆင်ပြေစွာနေထိုင်နိုင်ရန်အတွက် ပြည်နယ်ရုံးနှင့် လေးခန်းတွဲ နှစ်ထပ်ဝန်ထမ်းအိမ်ရာတို့ ပြန်လည်ပြုပြင်ဆောင်ရွက်ရန် လိုအပ်သည့် အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းများအမြန်အကောင်အထည်ဖော်ဆောင်ရွက်ရန် မှာကြားကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းပေးခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

# တပ်ကုန်းမြို့နယ်၌ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု လက်သမားသင်တန်းဖွင့်ပွဲ ကျင်းပ

တပ်ကုန်း မေ ၇

ပြည်ထောင်စုနယ်မြေ နေပြည်တော်တပ်ကုန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးလက်နေပြည်သူများ အလုပ်အကိုင် အခွင့်အလမ်းများ ရရှိစေရန် အသက်မွေးဝမ်းကျောင်း အထောက်အကူပြု လက်သမားသင်တန်း ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက အဆိုပါ ဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။



အဆိုပါ သင်တန်းတွင် နေပြည်တော် ကောင်စီဝင် ဦးဇေယျာလင်းက သင်တန်းသားများအနေဖြင့် မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဖွင့်လှစ်သင်ကြားပေးသည့် လက်သမားပညာရပ်များသည် မိမိတို့၏ မိသားစုအတွက် တစ်ဖက်တစ်လမ်းမှ ဝင်ငွေရရှိနိုင်သော ပညာရပ်တစ်ခုဖြစ်ရာ၊ နည်းပြဆရာများ၏ သင်ကြားပြသမှုများကို ဂရုတစိုက် သင်ယူမှတ်သားကြရန် ပြောကြားသည်။

ထို့နောက် ဥတ္တရခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဒေါ်မြင့်မြင့်အေးနှင့် မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးဇော်မင်းထွန်းတို့က စီမံကိန်းရည်ရွယ်ချက်များ၊ သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းတင်ပြသည်။

အဆိုပါ သင်တန်းတွင် ကျေးရွာငါးရွာမှ သင်တန်းသား သင်တန်းသူ ၂၀ တက်ရောက်၍ သင်တန်းကာလမှာ မေ ၇ ရက်မှ ၂၁ ရက် အထိလက်တွေ့ သင်ကြားမည်ဖြစ်ကြောင်း သိရသည်။

တင်စိုးလွင်(ပြန်/ဆက်)

# အုတ်တွင်းမြို့နယ်၌ နွေစပါးစံကွက်ရိတ်သိမ်း

အုတ်တွင်း မေ ၇

ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ် ဥယျာဉ်တော်ကျေးရွာရှိ တောင်သူ ဦးတရုတ်ကြီး၏ စပါးသီးနှံမျိုး အောင်နိုင်တိုး(YSR-1) နွေစပါး စံကွက်ရိတ်သိမ်းခြင်းအခမ်းအနားကို မေ ၅ ရက်နံနက်ပိုင်းက ကျင်းပသည်။

အဆိုပါအခမ်းအနားသို့ တောင်ငူခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်စိုးလွင်နှင့် ခရိုင်စိုက်ပျိုးရေး/ မွေးမြူရေးကြီးကြပ်မှုအဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအဏ္ဏဝါအောင်နှင့် မြို့နယ် စိုက်ပျိုးရေး/ မွေးမြူရေးကြီးကြပ်မှုအဖွဲ့ဝင်များ၊ ဒေသခံတောင်သူများ တက်ရောက်ကြပြီး နွေစပါးများရိတ်သိမ်းရာတွင် တစ်ဧကေ အထွက်နှုန်း အစို ၁၂၈ တင်း၊ အခြောက် ၁၂၀ ဒသမ ၃၂ တင်းနှုန်း ထွက်ရှိခဲ့ကြောင်း သိရသည်။

ခင်ခင်မာ (ပြန်/ဆက်)



နေရောင်အောက်က သက်ရှိတွေကို စောင့်ရှောက်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့

# ငွေကိုမွေးကြ
## ငွေကို ချဉ်ပေါင်ရွက်လို သဘောထား

ပီမိုးနင်း

**ငွေကို တစ်ကျပ်ရလျှင် မျိုးစေ့တစ်စေ့၊ နှစ်ကျပ်ရလျှင် မျိုးစေ့နှစ်စေ့ဟု သဘောထားကာ ကြက်မတစ်ကောင်က ကြက်သူငယ်တစ်ဒါဇင် ပေါက်နိုင်သလို ငွေတစ်ကျပ်က အဘယ်အတွက် ငွေတစ်ဒါဇင်မဖြစ်နိုင်ပါသလဲ။**

ငွေသည် လောက၌ အဖိုးအတန်ဆုံးဖြစ်၏။ ငွေရှိလျှင် ဘယ်အရာမျိုးမဆို ချက်ချင်းပြီးမြောက်၏။ ငွေတည်းဟူသောဝိုင်းသော စက်ဘီးလေးကို စီးနင်း၍သွားရသည့်အခါ အတ္တလန္တိတ်သမုဒ္ဒရာကို မဆိုထားဘိ၊ ကမ္ဘာကိုပင် ချက်ချင်းပတ်နိုင်လေသည်။

ထိုမျှလောက် အသုံးဝင်သောငွေကို အဘယ်အတွက် သူသူငါငါ ကျေနပ်စွာ အသုံးပြုလောက်အောင် မရကြပါသနည်း။ ငွေသည် ထိုမျှလောက် တန်ခိုးကြီးသော်လည်း လူခိုင်းမှ အစွမ်းသတ္တိထွက်ပေါ်လာ၏။ လူသုံးမှ အသုံးဝင်၏။ လူမြှုပ်၍ထားက ညှိုမည်းလျက် မြေအောက်မှာအောင်း၍ နေရလေသည်။

၎င်းမှာ ငှက်များလို အတောင်နှင့်မပျံနိုင်။ ၎င်းမှာ သမင်၊ ဒရယ်၊ ချေငယ်၊ စိုင်၊ ဆတ် မဆိုထားဘိ။ ပက်ကျိလောက်မှ မပြေးနိုင်။ ငွေမှာ ကျား၊ ခြသေ့ကို မဆိုထားဘိ။ ပုရွက်ဆိတ်လောက်မှ လူကိုရန်မပြုနိုင်။

သို့ပါလျက် ထိုငွေကို အဘယ်အတွက် သူသူငါငါ ကျေနပ်စွာ သုံးလောက်အောင် မရပါသနည်း။

မရခြင်းသည် အခြားကြောင့်မဟုတ်။ အဖိုးတန်အားကြီးသောကြောင့်ဟု ဆိုရပေမည်။ အဖိုးတန်ရုံမျှနှင့် အဘယ်အတွက် မရပါသနည်းဟု မေးဖို့ရှိလေသည်။

အဖြေကား အဖိုးတန်၍ အသုံးဝင်၊ အရှုံးပင်လျှင် အမတ်မင်းဖြစ်အောင်လုပ်နိုင်သော တန်ခိုးတော်အစုံ ဂုဏ်တော်အပေါင်းတို့နှင့် ပြည့်စုံလျက် ၎င်း၏ပိုင်ရှင်မှာ လက်လက်ဝင်းဝင်း တောက်ထွန်းခြင်း အဖြစ်သို့ရောက်ကာ လောကစည်းစိမ်အရှိန်ပါဝါကို လက်ညှိုးညွှန်ရာ ရွှေဖြစ်လောက်အောင် ရရှိနိုင်သဖြင့် ဤမျှလောက် တန်ခိုးကြီးသော အရာသည် ငါလိုလူအဖို့မဟုတ်၊ ဘုန်းရှင်ကံရှင် သမ္ဘာရှင်တို့နှင့်သာ သက်ဆိုင်ရသည်ဟူသောအစွဲသည် စွဲသူကိုယ်တိုင်မသိဘဲ စွဲ၍နေခြင်းကြောင့်ဖြစ်လေသည်။

ထိုအစွဲရှိကြောင်းကို စွဲသူများကိုယ်တိုင် သတိမထားမိကြချေ။ မိမိ၏စိတ်ကို သေချာစွာ စစ်ဆေးသောသူမှသာ ထိုအစွဲရှိကြောင်း သိနိုင်လေသည်။

ထိုအစွဲရှိသမျှ ငွေရှင်ဖြစ်ဖို့ လွန်စွာခက်လေသည်။ အကြောင်းမူကား ထိုအစွဲသည် လုပ်ကိုင်ကြံစည်ရာ၌ စိတ်အားတိုးတက်ခြင်းကို ဟန့်တားပိတ်ပင်၍ ထားလေသည်။

မိမိကိုယ်ကို ထိုမျှလောက် အဖိုးထိုက်သောပစ္စည်းနှင့် မထိုက်မတန်ဟု စွဲမှတ်၍ထားသောသူမှာ ထိုပစ္စည်းကိုရအောင် လုပ်ကိုင်ရာကြံခြင်း၌ အဘယ်မှာ စိတ်အားထက်သန် နိုင်ပါတော့မည်နည်း။

သူတို့ကိုတော့ ဘယ်တုလို့ဖြစ်မလဲ၊ ရှေးဘုန်းရှေးကံနဲ့လာသူတွေပဲ။ သူတို့က သူဌေး၊ ငါတို့က ငမွဲဟူသောအစွဲသည် ဆင်းရဲသူတို့၏စိတ်၌ အများအားဖြင့် စွဲ၍နေလေသည်။

ထိုအစွဲသည် မောင်မင်း မထနဲ့၊ မကြွနဲ့၊ မရွှနဲ့၊ ထိုင်၊ တစ်သက်လုံးဝပ်နေ၊ ကျွတ်ပရောင်း-အသံမပြုနဲ့၊ နားရွက်မခတ်နဲ့၊ အမြီးကုပ်နေဟူသောအမိန့်ကိုပေးသော အစွဲဖြစ်လေသည်။

ထိုအစွဲရှိသမျှ ကာလပတ်လုံး ငွေ့ရှင်ဖြစ်အောင်မလုပ်နိုင်။ ထိုအစွဲ မိမိမှာ ရှိ၊ မရှိကိုစစ်ဆေးကာ ထိုအစွဲကို အမြစ်ပါ တူးဖော်၍ပစ်ရမည်။ သို့တူးဖော်၍ပစ်ပြီးသောအခါ အဘယ်စိတ်မျိုးကို မွေးရပါမည်နည်း။

ငွေသည် အဝိညာဏကဖြစ်၏။ ငါသည် ငွေဖမ်းမုဆိုးဖြစ်၏။ ဒင်း ဘယ်ကိုမှ မပြေးနိုင်။ ဒင်း ကောင်းကင်ကိုပျံ၍ မသွားနိုင်။ ငါလိုက်လျှင် ရမည်ဟူသောစိတ်ကို ရှေးဦးပထမထားရမည်။

ဒုတိယကား လူအဖိုးတန်မှ ငွေအဖိုးတန်သည်။ ငွေသည် လူ၏ကျွန်။ လူအဖိုးတန်သောကြောင့် ငွေလာရသည်။ လူစွမ်းသောကြောင့် ငွေကိုရ၏။ ငွေမှာ အစွမ်းမရှိ။ ငါသည် ငွေထက်စွမ်း၏။ ငွေကို ငါရနိုင်သည်။ ငွေကို ငါခိုင်းမည်ဟူသောစိတ်ကို ထားရမည်။

တတိယကား သစ်ပင်ကို ဂရုစိုက်၍စိုက်လျှင် အသီးသီး၏။ ငွေလည်း သစ်ပင်တစ်မျိုးဖြစ်သည်။ ကြက်မတစ်ကောင်ရှိလျှင် ဥကိုရင်း၊ ဥမှ ကြက်သူငယ်လေးတွေ ထွက်ရသည်။ ငွေသည် ကြက်နှင့် အဘယ်မှာ ခြားပါသနည်း။ ငွေတစ်ကျပ်မှ အဘယ်အတွက် တစ်မူး၊ တစ်မတ် မထွက်မပေါ်နိုင်ပါသလဲဟူသောစိတ်ကို ထားရမည်။

ထိုစိတ်သည် အလွန်ရှင်းသော နည်းလမ်းဖြစ်၏။ ကြက်မတစ်ကောင်မှ ကြက်သူငယ်တစ်ဒါဇင်ဖြစ်နိုင်လျှင် ငွေတစ်ကျပ်မှ အဘယ်အတွက် ငွေတစ်ဒါဇင် မဖြစ်နိုင်ပါသလဲ။

မဖြစ်နိုင်သော နည်းလမ်းအဖျက်များကို သတိနှင့် ရှောင်ဖို့သာလို၏။ ထိုအဖျက်များသည်ကား အထက်ဖော်ပြခဲ့သော ငါနှင့်မတန်ဟူသောစိတ်နှင့် သုံးပစ်ချင်သောစိတ်များဖြစ်ရာ ထိုစိတ်များကို နိုင်ဖို့သာလိုလေသည်။

ငွေတစ်ကျပ်ရလျှင် မျိုးတစ်စေ့ရသည်ဟုမှတ်။ နှစ်ကျပ်ရလျှင် မျိုးနှစ်စေ့ရသည်ဟု မှတ်ရမည်။ အချို့သောသူများက ကြက်၊ ဘဲ မွေးခြင်းသည် သူဌေးဖြစ်အမြန်ဆုံးဟု ပြောကြ၏။ အခါများစွာ အမြန်ဆုံးတတ်၊ အမြန်ရှုံးတတ်လေသည်။ ကြက်၊ ဝက်၊ ဘဲ၊ နွားတို့မှာ ကြက်နာ၊ ဝက်နာ၊ ဘဲနာ၊ နွားနာ ကျတတ်လေသည်။ မွေးနည်းကို မတတ်က အနာကျ၍ ဆုံးပါးခြင်းမှာ ကျိန်းသေပေါက် ဖြစ်လေသည်။

လယ်သမားသည် နွား၊ ကျွဲကို အစာကျွေးပြီး မှက်ခြင်မကိုက်အောင် မီးဖိုတတ်၏၊ ခိုင်းတတ်၏။ နွားနာ၊ ကျွဲနာမကျအောင် မလုပ်တတ်ကြပေ။ သို့ဖြစ်လေရာ အပွားကိုသာကြည့်ပြီး အသေကိုမကြည့်ဘဲ မွေးကြသဖြင့် ပျက်ချိန်တန်လို့ ပျက်သည်ဟူသောစကားကို ပြောရလေသည်။

ငွေမှာ ငွေနာမရှိ။ သတိနှင့်မွေးလျှင် ကြက်၊ ဘဲထက် အပွားမြန်လေသည်။ များလေ ပွားလေ မှန်ပါလေ။

သို့ဖြစ်လေရာ ငွေကို ကြီးကျယ်သည်မထင်နှင့်။ ငွေကို ငါနှင့် မတန်မထင်နှင့်။ ငွေကို ချဉ်ပေါင်ရွက်လိုသဘောထား။ တစ်ကိုင်း စိုက်လျှင် နှစ်ကိုင်းထွက်သည်။ ငါ ဘယ်အတွက် ငွေရှင်မဖြစ်သင့်ပါသနည်းဟူသောစိတ်ကို ထားရမည်။ ။

> **လူအဖိုးတန်မှ ငွေအဖိုးတန်သည်။ ငွေသည် လူ၏ကျွန်။ လူအဖိုးတန်သောကြောင့် ငွေလာရသည်။ လူစွမ်းသောကြောင့် ငွေကိုရ၏။ ငွေမှာ အစွမ်းမရှိ။ ငါသည် ငွေထက်စွမ်း၏။ ငွေကို ငါရနိုင်သည်။ ငွေကို ငါခိုင်းမည်ဟူသောစိတ်ကို ထားရမည်**

# ရောက်လေရာမှာ ကြိုဆိုစေလိုလျှင်...

ခင်မောင်ညို (ဘောဂဗေဒ)

မိတ်ဆွေတိုးရန် ဤစာအုပ်ကို အဘယ်ကြောင့် ဖတ်နေရသနည်း။ ကမ္ဘာပေါ်တွင် မိတ်ဆွေအပေါဆုံး သူတစ်ယောက်၏ နည်းလမ်းကို အဘယ်ကြောင့် မလေ့လာသနည်း။ သူ ဘယ်သူလဲ။ မနက်ဖြန်နံနက် လမ်းပေါ်တွင် တွေ့ပါလိမ့်မည်။ သူနှင့် ဆယ်ပေခန့် အကွာတွင် အမြီးနန့်ပြလိမ့်မည်။ သူ့ခေါင်းကိုပုတ်ပေး လိုက်လျှင် ဘယ်လောက်သဘောပေါက်ကြောင်း ခုန်ပေါက်ပြပါလိမ့်မည်။ သူ၏ရင်းနှီးမှုကို ပြသရာ၌ အခြားသောအကြံအစည်၊ စိတ်ကူးလုံးဝမရှိ။ မြေရောင်းရန်လည်းမကြံ။ သင့်ကို လက်ထပ်ခွင့် တောင်းဖို့လည်း မဟုတ်။

အလုပ်မလုပ်ရဘဲ အသက်မွေးဝမ်းကျောင်း ပြုနိုင်သော သတ္တဝါသည် ခွေးတစ်ကောင်သာ ရှိကြောင်း စဉ်းစားကြည့်မိပါသလား။ ကြက်က ကြက်ဥ ဥရသည်။ နွားက နွားနို့ပေးရသည်။ သာလိကာက သီချင်းဆိုပြရသည်။ ခွေးက သူ့မေတ္တာမှတစ်ပါး အခြားဘာမျှပေးစရာမလို။

ကျွန်တော် ငါးနှစ်သားအရွယ်က ဒေါ်လာဝက် ပေးရသော အဝါရောင် ခွေးကလေးတစ်ကောင် ဝယ်လာပေးခဲ့ဖူးသည်။ သူက ကျွန်တော့်ဘဝတွင် ပျော်စရာ၊ ရွှင်စရာတွေကို ဖန်တီးပေးခဲ့သည်။ သူ့မျက်လုံးလှလှလေးတွေက လမ်းကို စိုက်ကြည့်ကာ ခြံရှေ့မှာ စောင့်နေတတ်သည်။ ကျွန်တော့်အသံကို ကြားလျှင်ဖြစ်စေ၊ လူရိပ်မြင်လိုက်လျှင်ဖြစ်စေ တစ်ဟုန်ထိုး ပြေးထွက်လာတတ်သည်။ ဝမ်းမြောက်ဝမ်းသာ ခုန်ပေါက်လိုက်၊ ဟောင်လိုက်ဖြင့် တောင်ကုန်းပေါ်ကို အမောဆို့မတတ် ပြေးတက်လာတတ်သည်။

ခွေးလေးတစ်ပီသည် ငါးနှစ်တာမျှ ကျွန်တော်၏အဖော် ဖြစ်ခဲ့သည်။ ဘယ်တော့မျှ မမေ့နိုင်သော ဆွေးစရာ ညတစ်ညတွင် ကျွန်တော်နှင့် ဆယ်ပေခန့် အကွာ၌ မိုးကြိုးပစ်ခံရ၍ သေဆုံးသွားသည်။ တစ်ပီ သေဆုံးသွားခြင်းသည် ကျွန်တော်၏ကလေးဘဝတွင် ဝမ်းနည်းကြေကွဲဖွယ်ရာတစ်ခုဖြစ်ခဲ့သည်။ တစ်ပီ သည် စိတ်ပညာစာအုပ်တွေ မဖတ်ဖူးပါ။ ဖတ်စရာလည်းမလိုပါ။ အခြားသူတွေ ကိုယ့်ကို စိတ်ဝင်စားအောင် နှစ်နှစ်လောက် ကြိုးစားသည်ထက် အခြားသူများကို နှစ်လလောက် တကယ်တမ်း စိတ်ဝင်စားခြင်းဖြင့် မိတ်ဆွေတွေ ပိုများနိုင်ကြောင်း ဗီဇအလျောက် သိပြီးသားဖြစ်သည်။ ထပ်ပြောပါရစေဦး။

အခြားသူတွေက ကိုယ့်ကို စိတ်ဝင်စားလာအောင် နှစ်နှစ်လောက် ကြိုးစားသည်ထက် အခြားသူများကို ကိုယ်က နှစ်လလောက် တကယ်တမ်း စိတ်ဝင်စားလျှင် မိတ်ဆွေတွေ ပိုများလာနိုင်သည်။

သို့သော် တစ်သက်လုံး မိမိကို သူများက စိတ်ဝင်စားအောင်လုပ်ကာ ဘဝဆုံးသွားသူတွေလည်း အများကြီးရှိသည်။ ထိုနည်းမှာ အလုပ်မဖြစ်ပါ။ လူများသည် သင့်ကို စိတ်မဝင်စားပါ။ ကျွန်တော့်ကိုလည်း စိတ်မဝင်စားပါ။ မိုးလင်းကအစ၊ နေ့ခင်းအလယ်၊ မိုးချုပ်အဆုံး တစ်နေကုန် သူတို့ကိုယ် သူတို့သာ စိတ်ဝင်စားကြသည်။

နယူးယောက် တယ်လီဖုန်းကုမ္ပဏီက တယ်လီဖုန်း စကားပြောသံများကို သေသေချာချာ လေ့လာပြီး ဘယ်ဝေါဟာရကို အသုံးအများဆုံး ဖြစ်ကြောင်း ဖော်ထုတ်ကြည့်သည်။ သင်လည်း ခန့်မှန်းလို့ရပါသည်။ တယ်လီဖုန်းစကားပြောဆိုသည့် အကြိမ်ပေါင်း ၅၀၀ တွင် "ငါ" "ငါ" "ငါ" ဆိုသော စကားလုံးက အကြိမ်ပေါင်း ၃၉၀၀ ပါဝင်သည်။

သင်ကိုယ်တိုင်လည်းပါဝင်သော အုပ်စုလိုက် ရိုက်ထားသည့် ဓာတ်ပုံတစ်ပုံကို ကြည့်သည့်အခါ ဘယ်သူ့ပုံကို အရင်ဆုံး ရှာကြည့်ပါသလဲ။

အခြားသူတွေက ကိုယ့်ကို အထင်ကြီးအောင်၊ ကိုယ့်ကို စိတ်ဝင်စားအောင်သာလုပ်နေလျှင် စစ်မှန် ရိုးသားသည့် မိတ်ဆွေကောင်းကို မည်သည့်အခါမျှ ရမည်မဟုတ်၊ တကယ့် မိတ်ကောင်းဆွေကောင်း တွေကို ဤနည်းဖြင့်မရနိုင်။

ဤနည်းကို နပိုလီယံလည်း စမ်းကြည့်ခဲ့ဖူး သည်။ သူမကွယ်လွန်မီက ဂျိုးဇက်ဖင်းနှင့် တွေ့စဉ် 'ဂျိုးဇက်ဖင်းရယ်၊ ကမ္ဘာပေါ်မှာ ငါဟာ ကံအကောင်း ဆုံးယောက်ျားတစ်ယောက်ပါ။ ဒါပေမဲ့ ဒီအချိန်မှာ တော့ ငါအားကိုးစရာ မင်းတစ်ယောက်တည်းပဲ ရှိပါတော့လား'တဲ့။ သမိုင်းဆရာများကတော့ ဂျိုးဇက်ဖင်းကိုပင်လျှင် တကယ်တမ်း အားကိုးစရာ ဟုတ်မှ ဟုတ်ပါလေစဟု သံသယဖြစ်နေကြသည်။

ထင်ရှားသည့် စိတ်ပညာရှင် အယ်လ်ဖရက် အက်ဒ်လာက "ဘဝအဓိပ္ပာယ်" ဆိုသည့်စာအုပ်ကို ရေးသားပြုစုခဲ့သည်။ ထိုစာအုပ်ထဲ၌ သူက "ကိုယ်တိုင်လည်း ဒုက္ခအများဆုံးတွေ့၍ သူတစ်ပါး ကိုလည်း ဒုက္ခရောက်အောင် အလုပ်တတ်ဆုံးသူများ သည် သူတစ်ပါး၏အရေးကို စိတ်မဝင်စားကြသော သူများဖြစ်သည်။ လူတို့၏ မကောင်းမှုဒုစရိုက် မှန်သမျှသည် သူတို့ထဲမှ အရင်းခံ၍ ထွက်ပေါ်လာ ကြသည်"ဟု ရေးခဲ့သည်။

အလွန်ခက်ခဲနက်နဲသော စိတ်ပညာကျမ်း အစောင်စောင်ကို ဖတ်သော်လည်း ကျွန်တော်တို့ အတွက် ထူးထူးခြားခြား အကျိုးရှိသည့် စာသား တစ်ကြောင်းတလေ တွေ့ရဖို့ခက်သည်။

တစ်ခါက ကျွန်တော်သည် နယူးယောက် တက္ကသိုလ် ကျောင်းသားများအား ဝတ္ထုတိုရေးနည်း သင်ပေးရဖူးသည်။ ထိုသင်တန်းသို့ နယူးယောက်ရှိ ထင်ရှားကျော်ကြားသော မဂ္ဂဇင်းတစ်စောင်၏ အယ်ဒီတာတစ်ဦးက လာရောက်ဟောပြောဖူးသည်။ သူက သူ့စားပွဲပေါ်သို့ နေ့စဉ် ရောက်ရှိလာသော ဝတ္ထုတို ဒါဇင်ပေါင်းများစွာထဲက တစ်စောင်ကို ရွေးကာ စာတစ်ပိုဒ်၊ နှစ်ပိုဒ်လောက် ဖတ်ကြည့်ရုံမျှနှင့် စာရေးဆရာက လူတွေကို မေတ္တာထားသည်၊ မထားသည်ကို သိရှိနိုင်သည်ဟု ဆိုသည်။ "စာရေးဆရာက လူတွေကို မေတ္တာမထားလျှင် သူ့ဝတ္ထု တွေကိုလည်း လူတွေက ကြိုက်မည်မဟုတ်"ဟု ဆက်ပြောပြ သည်။

(ဆက်လက်ဖော်ပြပါမည်)

## ပျောက်ဆုံးကြောင်း

ကျွန်တော် အောင်ဇော်ဦး [၈/ရစက(နိုင်)၁၄၃၁၂၇] ၏ သင်္ဘောသားလုပ်သက်စာအုပ်-ရန်-၃၀၆/၉၉ မှာ ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၅၅၃၀၄၈၇၆

## ပြင်ဆင်ဖတ်ရှုပါရန်

၇-၅-၂၀၂၅ ရက်နေ့ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ (၂၈)ပါ ကန့်ကွက်နိုင်ပါကြောင်း တရားလွှတ်တော်ရှေ့နေ ဒေါ်မွန်မွန်ချို+၁ ကြော်ငြာတွင် ဦးမြတ်သုတ [၉/ပခက(နိုင်) ၀၁၈၄၉၀]အစား ဦးမြတ်သုတ [၉/ပကခ(နိုင်)၀၁၈၄၉၀] ဟု ပြင်ဆင်ဖတ်ရှုပါရန်။

## ရောင်းချရန် ကြော်ငြာစာ

## (တရားမကျင့်ထုံးဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆ )

## ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်

## ၂၀၂၄ ခုနှစ်၊ တရားမဇာရီမှုအမှတ်-၂

| | | |
|---|---|---|
| မြဝတီဘဏ်လီမိတက် | နှင့် | ဒေါ်ကျင်သန်း |
| (၎င်းဘဏ် ကိုယ်စား | | (၎င်းကိုယ်တိုင်နှင့် |
| ဦးထွန်းသိန်း၊ ဒုတိယအထွေထွေ | | ကွယ်လွန်သူ ဦးသက်လွင်၏ |
| မန်နေဂျာ) | | တရားဝင်ကိုယ်စားလှယ်) |
| | | (၎င်း၏ အခွင့်ရ |
| | | ကိုယ်စားလှယ်ဦးသန်းထွန်း) |
| **တရားနိုင်** | | **တရားရှုံးများ** |

ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်၊ ၂၀၁၉ ခုနှစ်၊ တရားမကြီးမှုအမှတ်-၁၄၃တွင် ရရှိခဲ့သော အနိုင်ဒီကရီ အတည်ပြုဆောင်ရွက်ရန်အတွက် အောက်တွင်ဖော်ပြထားသော ပစ္စည်းများကို ၂၀၂၅ ခုနှစ်၊ ဇွန်လ (၉) ရက်နေ့၊ နံနက်(၁၀)နာရီတွင် ၎င်းပစ္စည်းများ တည်ရှိရာအရပ်၌ လေလံတင် ရောင်းချလိမ့်မည်။ လေလံဆွဲဝယ်ယူသူများသည် မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိတို့ တရားဝင်လွှဲအပ်သည့် ကိုယ်စားလှယ်ဖြင့်သော်လည်းကောင်း လေလံဆွဲ ဝယ်ယူနိုင်ကြောင်း ကြေညာလိုက်သည်။

**လေလံတင်ရောင်းချမည့် စည်းကမ်းချက်များ**

၁။ ပစ္စည်းစာရင်းတွင် ဖော်ပြထားသော အချက်အလက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်အရ သိရသမျှဖြစ်သည်။ မှားယွင်းခြင်း၊ ကြွင်းကျန်ခြင်း၊ တစ်ခုခုပေါ်ပေါက်ပါက တရားရုံးက တာဝန်ယူမည်မဟုတ်ပါ။ တရားရှုံး၏ အကျိုးသက်ဆိုင်သမျှကိုသာ ရောင်းချလိမ့်မည်အကြောင်း လေလံဆွဲဝယ်မည့်သူတို့အား အထူးသတိပြုရန် နှိုးဆော်လိုက်သည်။

၂။ လေလံတင်ရောင်းချသည့် နည်းစနစ်ကို ရောင်းချသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။

၃။ ဈေးနှုန်းအမြင့်ဆုံး ဝယ်ယူသူအား လေလံဆွဲဝယ်ယူသူအဖြစ် သတ်မှတ်မည်။ သို့သော် အမြင့်ဆုံး ပေးသည့် ဈေးနှုန်းမှာ ရောင်းချသည့် ပစ္စည်းအတွက် လက်ခံရန် မသင့်ကြောင်း ရောင်းချသူ အရာရှိက ထင်မြင်လျှင် လက်မခံဘဲ ငြင်းပယ်ပိုင်ခွင့်ရှိသည်။

၄။ လေလံတင်ရောင်းချပြီး မရွှေ့မပြောင်းနိုင်သော ပစ္စည်းအတွက် လေလံဆွဲ ဝယ်ယူသူက ငွေကျပ်(၁၀၀)လျှင် (၂၅)ကျပ်ကို လေလံဆွဲ ဝယ်ယူပြီးသည်နှင့် တစ်ပြိုင်နက် နေ့ချင်းပေးသွင်းရမည်။ ထိုသို့ ပေးသွင်းခြင်း မပြုလျှင် တစ်ဖန် ပြန်လည်လေလံတင်ရောင်းချလိမ့်မည်။

၅။ လေလံဆွဲ ဝယ်ယူသူများသည် ရောင်းချသည့် အရာရှိက သတ်မှတ်ထားသည့် စပေါ်ငွေကို တင်သွင်းမှသာ လေလံဆွဲ ဝယ်ယူခွင့်ရှိရမည်။

၆။ လေလံဆွဲ ဝယ်ယူခွင့်ရရှိသူသည် (၂၅)ရာခိုင်နှုန်း နေ့ချင်းပေးသွင်းပြီးနောက် ကျန်ငွေများကို လေလံတင် ရောင်းချသည့်နေ့ကိုပယ်၍ (၁၅)ရက်မြောက်နေ့ ရုံးဆင်းချိန် မတိုင်မီ ပေးဆောင်ရမည်။ (၁၅)ရက်မြောက်သည့်နေ့သည် ရုံးပိတ်ရက်ဖြစ်လျှင် ပထမရုံးဖွင့်သည့်နေ့တွင် အပြေအကျေ ပေးသွင်းရမည်။

၇။ လေလံကျန်ငွေများကို အထက်ပါနေ့ရက်များတွင် ပေးဆောင်ရန် ပျက်ကွက်ပါက ပစ္စည်းကို တစ်ဖန်လေလံတင် ရောင်းချလိမ့်မည်။ ပေးသွင်းထားသည့် လေလံငွေများကို ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းခံရမည်။

၂၀၂၅ ခုနှစ်၊ မေလ (၅) ရက်နေ့တွင် ဤရုံးတံဆိပ် ရိုက်နှိပ်၍ လေလံတင်ရောင်းချရန် ကြော်ငြာစာ ထုတ်ပေးလိုက်သည်။

**(မိုးသင်းအောင်)**
**လက်ထောက်ညွှန်ကြားရေးမှူး**
**ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်**

**ပစ္စည်းစာရင်း**

"ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ ဒေါ်ကျင်သန်းနှင့် ဦးသက်လွင်တို့ ပူးတွဲ အမည်ပေါက် မြေတိုင်းရပ်ကွက်အမှတ် (၂၇- ဒီ^၁)၊ မြေကွက်အမှတ်-၁၄၈/၂ မြေဧရိယာ (၀.၂၃၅)ဧက၊ နှစ်(၆၀) ဂရန်မြေနှင့် အမှတ်(၇၇-ဒီ)၊ ရှင်စောပုလမ်း၊ အောင်ချမ်းသာရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊ မြေနှင့် အကျိုးခံစားခွင့်များ။"

**လေလံကြမ်းခင်းဈေး**

ကျပ်သန်း (၉၃၀၀) (ကျပ်သန်းကိုးထောင့်သုံးရာတိတိ)

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၈၀)၊ မြေကွက်အမှတ်(၂၉၅)၊ အကျယ်အဝန်း(၄၀'x ၆၀')ရှိ **ဦးကျော်သန်း** (S/OKA-၀၆၄၁၃၄)အမည်ပေါက် ပါမစ်မြေကွက်ထဲမှ တရားဝင် မခွဲမစိတ်ရသေးသော မြေကွက်အမှတ်(၂၉၆)နှင့် ကပ်လျက်ဘက်ခြမ်း အကျယ်အဝန်း(၂၀'x ၆၀') ရှိ ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အား အရပ်ကတိ စာချုပ်အဆက်အစပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ **ဒေါ်အေးစန္ဒာမြင့်** [၁၂/တမန(နိုင်)၁၀၃၃၆၃]မှ ပိုင်ဆိုင်မှု အရှုပ်အရှင်းကင်းရှင်း၍ ပြန်လည်လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု ပြောကြားလာသဖြင့် ကျွန်ုပ်တို့၏ မိတ်ဆွေမှ အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေအဖြစ် (ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသ) ကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာချုပ်စာတမ်းမူရင်း အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံ လာရောက် ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက ဤအရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဒေါ်မွန်မွန်ချို(LL.B)** | **ဒေါ်စန္ဒာဝင်း(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ(စဥ်-၁၂၂၆၈)** | **အထက်တန်းရှေ့နေ(စဥ်-၂၆၄၀၉)** |

**အမှတ်(၈၂၈/ခ)၊ ကျွန်းရွှေမြိုင်လမ်း၊ (၁၈/စီ)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၂၅၀၆၈၅၇၁၇၊ ၀၉-၇၉၇၆၄၀၆၁၆၊ ၀၉-၅၀၇၉၉၇၈**

## ကျေးဇူးဆပ်ပါမည်

(၄-၅-၂၀၂၅)ရက် မွန်းလွဲ (၁:၃၀)နာရီခန့် အင်းစိန်မြို့နယ်၊ BOC နှင့် ကြို့ကုန်းမှတ်တိုင်ကြား MIT ကျောင်းရှေ့မှ မြေနီကုန်း၊ ရှင်စောပုလမ်းသို့ Taxi အဖြူရောင် ငှားရမ်းပြီး ဂုန်နီအိတ်အဖြူဖြင့် ထုတ်ထားသော အထုပ်တစ်ထုပ် (အတွင်း၌ အရေးကြီးသော စာရွက်စာတမ်းမူရင်းများနှင့် Laptop အဟောင်းပြင်ရန်တစ်လုံး) ကျန်ခဲ့ပါသည်။ တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၂၁၈၉၆၇၁၆၊ ၀၉-၇၈၀၂၉၈၃၇၉**
**ကျေးဇူးဆပ်ပါမည်။**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ ဝဏ္ဏဒီပရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(၉/ပုဗ္ဗသီရိအနောက်ရပ်)၊ မြေဧရိယာ(၀.၀၅၅)ဧကရှိ မြေကွက်အမှတ်(ပ-၃၁၉၇၅) ကို အမည်ပေါက် ဒေါ်ခင်နန္ဒာကျော် (ဘ)ဦးမောင်မောင်မြ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် [၁၂/မဂဒ(နိုင်) ၁၀၇၁၁၈]မှ ဒေါ်မို့မို့အောင်၊ နန်းမြခိုင် (ဘ) ဦးတင်အောင်ခိုင် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် [၁၃/ရစန(နိုင်) ၀၀၂၂၂၆]၊ [၁၃/ကလန(နိုင်)၀၅၄၀၄၅]နှင့် မှတ်ပုံတင် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာ တင်ပြ၍ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း နောက်ဆုံးထားပြီး လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်သူမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန် ကြေညာချက်

Bayer Thai Co., Ltd. ("Bayer") ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်-

Bayer နှင့် Myanmar Golden Farm Co.,Ltd. ("MGF") တို့အကြား Bayer ၏ ပိုးသတ်ဆေး ထုတ်ကုန်များ မြန်မာနိုင်ငံတွင် ဖြန့်ဖြူးခြင်းအတွက် ချုပ်ဆိုခဲ့သော "ဖြန့်ဖြူးရေးသဘောတူစာချုပ်" သည် ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၁၆ ရက်နေ့တွင် သက်တမ်းကုန်ဆုံးသွားပြီဖြစ်ကြောင်းနှင့် MGF သည် မြန်မာနိုင်ငံတွင် Bayer ၏ ပိုးသတ်ဆေးထုတ်ကုန်များကို ဖြန့်ဖြူးရန် တရားဝင်ခန့်အပ်ထားသူ မဟုတ်တော့ပါကြောင်း အများပြည်သူနှင့် သက်ဆိုင်သူအားလုံး သိရှိစေရန် ကြေညာအပ်ပါသည်။

Bayer သည် မြန်မာနိုင်ငံတွင် ၎င်း၏မှတ်ပုံတင်ထားသော ပိုးသတ်ဆေး ထုတ်ကုန်များ ဆက်လက်ရရှိနိုင်စေရန်အတွက် ဖြန့်ဖြူးသူအသစ်တစ်ဦးကို ခန့်အပ်သွားရန် စီစဉ်ဆောင်ရွက်နေပါသည်။ ဤကိစ္စနှင့်ပတ်သက်၍ MGF သို့မဟုတ် အခြားသက်ဆိုင်သူများ အပါအဝင် မည်သူမဆို ဤခန့်အပ်မှုအသစ်အား ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှ (၁၄)ရက်အတွင်း ပိုးသတ်ဆေး မှတ်ပုံတင်အဖွဲ့ ("PRB") သို့မဟုတ် Bayer သို့ ခိုင်လုံသော အကြောင်းပြချက်များ ဖော်ပြလျက် စာဖြင့်ကန့်ကွက်တင်ပြနိုင်ပါသည်။ ဤသတ်မှတ်ထားသော ကာလအတွင်း ကန့်ကွက်တင်ပြရန် ပျက်ကွက်ပါက Bayer ၏ ဖြန့်ဖြူးရောင်းချသူ ပြောင်းလဲမှုလုပ်ငန်းစဉ်အား ကန့်ကွက်သူမရှိဟု မှတ်ယူမည် ဖြစ်ပါကြောင်း။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးခင်ဇော် တရားလွှတ်တော်ရှေ့နေ (စဥ်- ၁၀၄၃၀)**
**Junction City Tower, Level 13, Unit 13-04**
**အမှတ်- ၃(က)၊ ဗိုလ်ချုပ်လမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

**ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၃၃ ဈ)၊ လူနေရပ်ကွက်အမှတ်-၁၀၊ ညောင်ဦး(၂)လမ်း၊ မြေကွက်အမှတ် (၃၄၉/က)** ဟုခေါ်တွင်သော (၂၀ပေ x ၆၀ပေ)၊ (၀.၀၂၇)ဧကရှိ နှစ်(၆၀)ဂရန်မြေကွက်မှာ ဦးဇော်ဝင်းမိုး (MYGN-012928) အမည်ပေါက်ဖြစ်ကြောင်း အရှုပ်အရှင်းကင်းစင်ကြောင်းဝန်ခံလျက် အဆိုပါမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်တို့ကို ရောင်းချရန်ကမ်းလှမ်းခံရသည့်အပေါ် ကျွန်ုပ် မိတ်ဆွေများဖြစ်သော **ဒေါ်တင်တင်ဌေး[၅/ကလန(နိုင်)၀၆၁၈၂၉]နှင့် ဒေါ်အိဖြူလှိုင်[၁၂/တမန(နိုင်)၁၁၃၈၆၃]**တို့မှ အပြီးအပိုင် ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်း အထောက်အထား မူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ဆက်သွယ်၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူများမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်အား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်တင်တင်ဌေး [၅/ကလန(နိုင်)၀၆၁၈၂၉]နှင့်**
**ဒေါ်အိဖြူလှိုင်[၁၂/တမန(နိုင်)၁၁၃၈၆၃]တို့၏ လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ဇင်မာအောင် (LL.B., D.B.L., D.M.L., D.I.L)**
**တရားလွှတ်တော်ရှေ့နေ(စဥ်- ၁၂၂၃)**
**အမှတ်-၇၃၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၄၅၀၀၆၁၃၀၀**

## ပျောက်ဆုံးကြောင်း

ကျွန်တော် မျိုးမင်းဆွေ [၅/ဆလက(နိုင်)၀၆၅၄၆၃] ၏ စက်ခန်းအုပ်လက်မှတ် စမပ-၆၇/၂၀၁၆ မှာ ခရီးသွားရင်း ပျောက်ဆုံး သွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြား ပေးပါရန်။

ဖုန်း-၀၉-၄၂၀၁၄၉၀၅၆

## ပျောက်ဆုံးကြောင်း

ဦးကျော်စွာဝင်း[၈/ဆပဝ (နိုင်)၀၅၂၃၅၆] ကိုင်ဆောင်သော သင်္ဘောသားလုပ်သက်မှတ်တမ်းစာအုပ် (ရန်-၉၂၇၃/၁၅)မှာ ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၀၃၀၆၄၄၂၄

## ပျောက်ဆုံးကြောင်း

ကျွန်တော် မိုးဦး [၁၄/မမန (နိုင်) ၀၇၉၁၀၉]၏ သင်္ဘောသားလုပ်သက်စာအုပ် (ရန်-၈၆၀၉/၁၄)မှာ ခရီးသွားရင်းပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

Ph: 09-420300007

## ပျောက်ဆုံးကြောင်း

ဦးဇော်မျိုးအောင် (ပိုင်) ချစ်စနိုးမောင်/၁၃၇၁၂ ရေယာဉ်၏ လုပ်ငန်းလိုင်စင်စာအုပ် အပိုင်း(၁+၂)တို့မှာ ပျောက်ဆုံး သွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

Ph:09-420522220

## ပြင်ဆင်ဖတ်ရှုပါရန်

၁၃-၄-၂၀၂၅ရက်နေ့ကြေးမုံသတင်းစာ၏စာမျက်နှာကြော်ငြာ(၃၁)ကန့်ကွက်နိုင်ကြောင်းကြော်ငြာတောင်ဥက္ကလာပမြို့နယ်၊ဒေါ်မြင့်မြင့်ထွေး+၁၏ပိုင်ဆိုင်မြေပုံကူးတွင်မြေအမည်ပေါက်ဦးမြင့်ဆွေ(၁၂/သဃက(နိုင်)၀၅၅၆၄၃) ဟုအမှန်ဖတ်ရှု ပါရန်။

## ပျောက်ဆုံးကြောင်း

မကွေးတိုင်းဒေသကြီး၊ ရေနံချောင်းမြို့နယ်၊ ထနောင်းကုန်းကျေးရွာနေ (ဘ)ဦးမျိုးညွှန့်၏ သား ကျွန်တော်မောင်ညိမ်းဝင်းထွန်း[၈/ရနခ(နိုင်)၁၂၁၆၃၄] ၏ နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် ပြည်ပအလုပ်သမားသက်သေခံကတ်ပြား(OWIC) တို့ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၀၁၆၆၉၃၈၆

## (၂၁-၁-၂၀၂၅)ရက်နေ့ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ(၂၁)ပါ "ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာချက်" အား ပြန်လည်ရုပ်သိမ်းကြောင်း ကြေညာခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဖို့မြေရပ်ကွက်၊ သိမ်ဖြူလမ်း၊ အမှတ်(၄၀၆)တွင် နေထိုင်သော ကျွန်ုပ်၏မိတ်ဆွေ UTOPIA Construction & Home Decoration မှ လိုင်စင်ရ ကန်ထရိုက်တာ ဦးဇော်လတ်ထွန်း [၁၂/မဂတ(နိုင်)၀၇၉၃၉၈] လိုင်စင်အမှတ် (LC 1045) ၏ညွှန်ကြားချက်အရ " မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ရတနာဘုမ္မိအနောက်ရပ်ကွက်၊ အကွက်အမှတ်(၅၃၃)၊ ဦးပိုင်အမှတ် (၁၉+၂၀+၂၁+၂၂+၂၃C+၃၁)တို့သည် ဦးအောင်သိန်းပါ (၅)ဦး အမည်ပေါက် မြေကွက်များဖြစ်ပြီး ၎င်းတို့ကွယ်လွန်ပြီးနောက်တွင် အမွေဆက်ခံ ပိုင်ဆိုင်ကြောင်းစာချုပ်အမှတ်(၁၇၆၂/၂၀၀၈)အရ သားသမီးများဖြစ်ကြသော ဒေါ်ကြူကြူ၊ ဦးအေးကိုနှင့် ဒေါ်ခင်ပြုံးတို့မှ အမွေဆက်ခံ ပိုင်ဆိုင်ခဲ့ကြကြောင်း၊ အထက်ဖော်ပြပါမြေကွက်များထဲမှ ဦးပိုင်(၁၉)၊ ဧရိယာ(၀.၀၆၄၃)ဧကနှင့် ခွဲကျန်ဧရိယာများဖြစ်သော ဦးပိုင်အမှတ်(၂၀/ခ)၊ ဧရိယာ(၀.၀၃၃၂) ဧက၊ ဦးပိုင်အမှတ်(၂၁/ဃ)၊ ဧရိယာ (၀.၀၂၅၁)၊ ဦးပိုင်အမှတ်(၂၂/ဃ)၊ ဧရိယာ(၀.၀၁၄၈)၊ ဦးပိုင်အမှတ် (၂၃/ဈ)၊ ဧရိယာ(၀.၀၁၈၅)၊ ဦးပိုင်အမှတ်(၃၁/ခ)၊ ဧရိယာ(၀.၀၂၈၇) ဧက အကျယ်အဝန်းရှိမြေကွက်များပေါ်တွင် UTOPIA Construction & Home Decoration မှ လိုင်စင်ရ ကန်ထရိုက်တာ ဦးဇော်လတ်ထွန်း [၁၂/မဂတ(နိုင်)၀၇၉၃၉၈]၊ လိုင်စင်အမှတ် (LC 1045)နှင့် မြေပိုင်ရှင်များ အကျိုးတူပူးပေါင်း၍ လူနေတိုက်ခန်းများဆောက်လုပ်မည်ဖြစ်သောကြောင့် ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော အထောက်အထားမူရင်းများဖြင့် ကြေညာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက် ကန့်ကွက်နိုင်ကြောင်း (၂၁-၁-၂၀၂၅)ရက်နေ့ထုတ် ကြေးမုံသတင်းစာ တွင် ထည့်သွင်းကြေညာခဲ့ပါသည်။

၂။ သို့သော် ယခုကြေညာချက် ထည့်သွင်းကြေညာသည့်နေ့မှစ၍ အထက်ပါ (၂၁-၁-၂၀၂၅)ရက်နေ့ထုတ်ကြေးမုံသတင်းစာပါ ကြေညာချက်အား ပြန်လည်ရုပ်သိမ်းပါကြောင်းနှင့် ဤကြေညာချက်ထည့်သွင်း ကြေညာပြီးသည့်နောက်ပိုင်းမှစ၍ အဆိုပါမြေကွက်များ၊ မြေပိုင်ရှင်များနှင့်ပတ်သက်သော ဖြစ်ပေါ်လာသမျှ ကိစ္စအဝဝသည် ကျွန်ုပ်မိတ်ဆွေ ဦးဇော်လတ်ထွန်းနှင့် လုံးဝသက်ဆိုင်ခြင်းမရှိ၊ ကျွန်ုပ်မိတ်ဆွေတွင် မည်သည့်တာဝန်မျှ ရှိမည်မဟုတ်တော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ** |
| **ဦးဇော်လတ်ထွန်း (LC 1045)** | **ဦးကျော်ဝင်း((LL.B, D.B.L)** |
| **[၁၂/မဂတ(နိုင်)၀၇၉၃၉၈]** | **တရားလွှတ်တော်ရှေ့နေ** |
| | **(စဥ်-၆၉၈၄/၀၂)** |
| | **အမှတ်(၁၄၂)၊ ပထမထပ်၊** |
| | **(၃၉)လမ်း(အောက်)၊** |
| | **ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။** |
| | **ဖုန်း-၀၉-၄၂၀၃၀၅၅၅၀** |

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၅၂ + ၅၃ (နှင်းဥယျာဉ်အိမ်ရာ)၊ မြေကွက်အမှတ် (၁၅/ခ)၊ အကျယ်အဝန်း(၄၄ ပေ ၃ လက်မ x၃၀ ပေ/၃၇ ပေ ၃လက်မ)ရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ နှင်းဥယျာဉ်အိမ်ရာ၊ နှင်းချယ်ရီ(၃)လမ်း၊ အမှတ်(4A-1B)ဟုခေါ်တွင်သောအဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား တရားဝင် လက်ရှိထား အမည်ပေါက်ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူများဖြစ်ကြသည့် (၁)ဦးဇာနည်စိုး [၁၂/ဗဟန(နိုင်)၀၈၄၁၄၄]နှင့် (၂) ဒေါ်နန်းဖြူဖြူအေး [၁၃/တကန(နိုင်)၀၀၃၈၉၁]တို့ထံမှ ကျွန်ုပ်မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထား စာရွက်စာတမ်း (မူရင်း)များ ပြည့်စုံစွာဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးကျော်ဆန်းဝင်း (LL.B) တရားလွှတ်တော်ရှေ့နေ (စဥ်-၁၀၈၉၁)**
**ရုံးခန်းအမှတ်(၅)၊ ပထမထပ်၊ Strand Condo၊ အမှတ် (၃၃/၄၉)၊ မဟာဗန္ဓုလပန်းခြံလမ်း(ဘားလမ်း)၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၅၄၀၆၈၀၈**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ မြေတိုင်ရပ်ကွက်အမှတ်-၂၃အီး^၁၊ မြေကွက်အမှတ်-၂၃၇၊ ဆင်မင်းရပ်ကွက်၊ စက်တွင်းလမ်း၊ အမှတ်-၃၈ပေါ်တွင် ဆောက်လုပ်ထားသော ၆ထပ်တိုက်၏ (၄-လွှာ)(ခေါင်းရင်းခြမ်း)၊(အလျား၁၂ပေxအနံ၅၀ပေ) အကျယ်အဝန်းရှိ တိုက်ခန်း(၁)ခန်းနှင့်ယင်းတိုက်ခန်းပေါ်တွင် တွယ်ကပ်တပ်ဆင်ထားသော လျှပ်စစ်မီတာ၊ ရေမော်တာ အပါအဝင်အကျိုးခံစားခွင့် အရပ်ရပ်တို့အား ပိုင်ဆိုင်အကျိုးခံစားခွင့်ရောင်းချပိုင်ခွင့်ရှိသူဖြစ်သော ဦးသက်နိုင်[၁၀/မဒန(နိုင်)၁၀၁၁၁၁]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူဒေါ်စန်းစန်း[၁၂/အလန(နိုင်)၀၂၂၁၅၇]မှဥပဒေနှင့်အညီ ဝယ်ယူ၍တရားဝင်လက်ရောက်ရယူပိုင်ဆိုင်ထားပြီးဖြစ်ပါသည်။ယင်းတိုက်ခန်းကို သားဖြစ်သူ မောင်ခိုင်ဇော်ဝင်းမောင်အား အခမဲ့ခွင့်ပြုချက်ဖြင့်နေထိုင်ခွင့်ပေးထားသည့်မှလွဲ၍ ယနေ့အချိန်ထိ အထက်ပါတိုက်ခန်းနှင့်ပတ်သက်၍ ကျွန်ုပ်၏မိတ်ဆွေမှသာလျှင် ဥပဒေနှင့်အညီ ပိုင်ဆိုင်အကျိုးခံစားခွင့်၊လွှဲပြောင်းပိုင်ခွင့်၊ ရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း အများသိစေရန်အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်အိအိဖြိုး** | **ဦးမောင်မောင်မြင့်** |
| **LL.B., D.B.L.,D.I.B.L., D.I.L.,D.M.L., WIPO (Switzerland)** | **LL.B., D.B.L., WIPO (Switzerland)** |
| **တရားလွှတ်တော်ရှေ့နေ(စဥ်-၁၃၄၇၀)** | **တရားလွှတ်တော်ရှေ့နေ(စဥ်-၁၅၃၃၉)** |

**အမှတ်(၂၃၄)၊ ကမ်းနားလမ်း၊ မကျည်းတန်းတောင်/ အနောက်ရပ်ကွက်၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၄၂၈၃၄၃၀၃၈၊ ၀၉-၂၅၄၃၈၃၇၆၁**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ အလက်ချောင်းရပ်ကွက်၊ သီဟဗလ(၉)လမ်း၊ အမှတ်(၃၁) ဟုခေါ်တွင်သော (အလျား၂၀ပေxအနံ ၄၁ပေ)ရှိမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့အား အရပ်ကတိစာချုပ်ဖြင့် အဆက်ဆက်ဖြင့် လက်ဝယ်ပိုင်ဆိုင်သူ ဦးကျော်လွင်ဦး [၁၄/ဘကလ(နိုင်)၁၆၇၇၄၈]ထံသို့ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးမြင့်ဦး[၁၄/ဒဒရ(နိုင်)၀၁၁၇၉၁]မှ အပြီးအပိုင် ဝယ်ယူရန် မြေကွက်ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့နှင့်ပတ်သက်၍ အကျိုးသက်ဆိုင်သူ မည်သူမဆို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသော စာချုပ်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်း မရှိပါက အထက်ပါမြေကွက်အရောင်းအဝယ်အား ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးမြင့်ဦး[၁၄/ဒဒရ(နိုင်)၀၁၁၇၉၁]၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်မြတ်စုမိုး (LL.B,D.B.L) အထက်တန်းရှေ့နေ(စဥ်-၄၉၅၈၀)**
**အမှတ်(၁၂-အင်န်)၊ ဂရုဏာလမ်း၊ ရွှေနှင်းဆီရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၂၅၄၄၄၂၂၈၉**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ တနင်္သာရီတိုင်းဒေသကြီး ဘဏ္ဍာရန်ပုံငွေဖြင့် ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်အတွင်း ကော့သောင်းခရိုင်ဥပဒေရုံး (၃၀x၆၅)ပေ RC (၃)ထပ်အဆောက်အဦ တည်ဆောက်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများ ပြုလုပ်ခြင်းလုပ်ငန်း(Lot-1)နှင့် ကော့သောင်းခရိုင်နှင့်မြို့နယ်ဥပဒေရုံး မြေထိန်းနံရံတည်ဆောက်ခြင်းနှင့် ဖြတ်မြေ၊ ဖို့မြေလုပ်ငန်းဆောင်ရွက်ခြင်း (Lot-2) ဆောင်ရွက်ရန်ရှိပါသည်။

၂။ အထက်ပါ ဆောက်လုပ်ရေးလုပ်ငန်းဆောင်ရွက်ရန် အိတ်ဖွင့်တင်ဒါခေါ်ယူအပ်ပါသည်-

| | |
|---|---|
| တင်ဒါလျှောက်လွှာ ဝယ်ယူနိုင်သည့်ရက် | - ၆-၅-၂၀၂၅ |
| တင်ဒါလျှောက်လွှာနောက်ဆုံး တင်သွင်းရမည့်ရက် | - ၁၉-၅-၂၀၂၅ |
| တင်ဒါဖွင့်လှစ်မည့်ရက်/အချိန် | - ၂၀-၅-၂၀၂၅ နံနက် (၁၀)နာရီ |
| တင်ဒါလျှောက်လွှာ တင်သွင်းရမည့်နေရာ/ | - တိုင်းဒေသကြီးဥပဒေချုပ်ရုံး၊ |
| တင်ဒါဖွင့်ဖောက် ရွေးချယ်မည့်နေရာ | - ခွာညိုလမ်း၊ ဆန်းချီရပ်ကွက်၊ ထားဝယ်မြို့ |

၃။ သတ်မှတ်ထားသော နေ့ရက်ထက် ကျော်လွန်တင်သွင်းသည့် လျှောက်လွှာများကို လက်ခံ စဉ်းစားမည် မဟုတ်ပါ။

၄။ အသေးစိတ်အချက်များကို သိရှိလိုပါက တနင်္သာရီတိုင်းဒေသကြီး ဥပဒေချုပ်ရုံး၊ ဖုန်း- ၀၅၉-၂၂၅၉၇၊ ၀၉-၇၈၁၈၀၇၄၇၀ နှင့် ၀၉-၄၂၁၁၂၃၈၂၁ တို့ကို ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါကော်မတီ**
**တနင်္သာရီတိုင်းဒေသကြီးဥပဒေချုပ်ရုံး**
**ထားဝယ်မြို့**

## "နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲပြီးဖြစ်ကြောင်း အများသိစေရန်ကြေညာခြင်း"

ကိုနိုင်မင်းဋ္ဌေး (ဘ) ဦးဋ္ဌေးအောင် [၁၂/မရက(နိုင်)၁၃၂၆၄၂] ကိုင်ဆောင်သူနှင့် မအိအိမွန် (ဘ) ဦးတင်မြင့် [၁၂/ဥကမ(နိုင်)၁၇၀၄၇၇] ကိုင်ဆောင်သူတို့သည် နှစ်ဖက်သော အသိသက်သေလူကြီးမင်းများ ရှေ့မှောက်၌ (၆-၅-၂၀၂၅)ရက်နေ့တွင် နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲပြီး ဖြစ်ပါကြောင်း။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ခင်ခင်ဆု (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၇၉၆၇)**
**အမှတ်-၂၆၆၊ စံပြ(၃)လမ်း ယမုံနာ(၂)ရပ်ကွက်၊ ဒေါပုံမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း- ၀၉-၂၅၄၃၁၈၂၉၈၊ ၀၉-၇၉၄၃၁၈၂၉၈**

## ကန့်ကွက်နိုင်ပါကြောင်း

